မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
အတွဲ (၅၂)
အမှတ် (၁၃၈)
Established in 1914
Myanma Alinn Daily
၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ သောကြာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆားဘီးယားနိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တော်မီစလပ် နီကိုလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၈/၂၀၁၃)
၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၂)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမန်းမောင်မောင်ညာဏ်
(၂) ဦးငွန်မောင်း

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၉/ ၂၀၁၃)
၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၃ နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသဖြင့် တိုင်းဒေသကြီးဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၀/ ၂၀၁၃)
၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့်တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောမူအား ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လွှတ်တော်အစီအစဉ်ကို ရုပ်သံလိုင်းတစ်လိုင်းအနေဖြင့် ထုတ်လွှင့်ပေးသင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့တွင် အစီအစဉ် (၇)ခုဖြင့် ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ပြည်ထောင်စုဝန်ကြီးများ ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းတို့က ပြည်ထောင်စုလွှတ်တော်နာယက၏ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ဆက်လက်၍ **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းက ပညာရေးကဏ္ဍတွင် တိုင်းရင်းသားလူမျိုးများ မိမိတို့၏ ဘာသာစကား၊ စာပေတတ်မြောက်ရေးကို ပိုမိုအလေးထားဆောင်ရွက်ပေးရန်ထပ်မံဖြည့်စွက်သင့်ပါကြောင်း၊ တချို့တိုင်းရင်းသားများသည် မိမိတို့၏ကိုယ်ပိုင်စာပေ၊ ဘာသာစကားများကို အလေးအနက်သင်ကြားတတ်မြောက်ရမှန်းမသိရှိ၍ သူတစ်ပါး၏ စာပေ၊ ဘာသာစကားလွှမ်းမိုးခြင်းကို ခံနေရပြီး နောက်ဆုံးလူမျိုးပါ ပျောက်ကွယ်နိုင်သည့် အနေအထားရောက်သွားမည်ကို စိုးရိမ်သည့်အတွက် ဖြည့်စွက်ရခြင်းဖြစ်ပါကြောင်း၊ မိမိ၏ မဲဆန္ဒနယ် ရေးမြို့သည် အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် နီးစပ်သည့် မြို့တစ်မြို့ဖြစ်ပါကြောင်း၊ ၎င်းနိုင်ငံတွင် နယ်ခြားအလုပ်သမားဘဝနှင့် အလုပ်လုပ်ရင်းအိမ်ထောင်တွေကျ၊ ပေါက်ဖွားလာသည့် မျိုးဆက်သစ်ကလေးများသည် မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံ ဘာသာစကားများ ပျောက်ကွယ်ပြီး သူတစ်ပါးနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံ ဘာသာစကားများ လွှမ်းမိုးနေသည်ကို တွေ့ရှိနေရသည့်အတွက် နယ်စပ်ဒေသတွင် တိုင်းရင်းသားလူမျိုးတို့၏ စာပေကို သင်ကြားပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူက စီမံကိန်းတစ်ခုအောင်မြင်ရန် ချမှတ်ထားသည့် မူဝါဒရည်မှန်းချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တိတိကျကျ ရေးဆွဲပြီး အောက်ခြေအထိ မှန်ကန်စွာအကောင်အထည်ဖော်နိုင်ရေးသည် အထူးပင်အရေးကြီးပါကြောင်း၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိသော၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်သော၊ ပြည်သူလူထုလိုလားသော ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များဖြစ်ရန် လိုအပ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ပါ လွှတ်တော်ရုပ်သံလိုင်း၊ တိုင်းရင်းသား ရုပ်သံလိုင်းအပါအဝင်

စာမျက်နှာ ၇ ကော်လံ ၃ ❐

ယနေ့ မာတိကာ

မြန်မာအမျိုးသမီးတို့၏ ဂုဏ်ရည်မြင့်မားပြီး ကမ္ဘာတစ်လွှား ဝင့်ကြွားနိုင်ရန် ယနေ့ မျိုးဆက်သစ်လေးများက ဆက်လက်စောင့်ရှောက်သွားကြရမည် (ခေါင်းကြီး) စာ - ၂

အီရန်နှင့် ရုရှားတို့ အာကာသလုပ်ငန်း ပူးပေါင်းဆောင်ရွက်မည် စာ - ၄

နောက်ဆုံးခရီး၊ သောကမီး၊ ငြိမ်းအေးစေဖို့ အားလုံး ပါဝင်ဆောင်ရွက်ကြပါစို့ စာ - ၆

မန်ယူတို့ ဘာနေဗျူး ကွင်းမှာ တစ်ဂိုးစီ သရေ ရလဒ်ဖြင့် အိမ်ပြန်နိုင်ခဲ့ စာ - ၁၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာအမျိုးသမီးတို့၏ဂုဏ်ရည်

မြန်မာနိုင်ငံသည် ခေတ်မီတိုးတက်သည့် နိုင်ငံအဖြစ် လျှောက်လှမ်းနေချိန် နိုင်ငံတကာနှင့် စီးပွားရေးအရလည်းကောင်း၊ ပညာရေးအရလည်းကောင်း၊ ကျန်းမာရေးအရလည်းကောင်း၊ ယဉ်ကျေးမှုအရလည်းကောင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိကြသည်။ ယင်းသို့ ကူးလူးဆက်ဆံရာတွင် မိမိနိုင်ငံနှင့်မကိုက်ညီသော ယဉ်ကျေးမှုများသည်လည်း ရောယှက်ပါလာမည်ဖြစ်သည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မြန်မာအမျိုးသမီးများသည် ရိုးရာအစဉ်အလာ ဓလေ့ထုံးတမ်းများအရ ယဉ်ကျေးသိမ်မွေ့ကြသည်။ ယဉ်ကျေးသောအမူအကျင့်၊ ဘာသာတရားကိုင်းရှိုင်းမှု၊ စာရိတ္တနှင့် ကိုယ်ကျင့်တရားထိန်းသိမ်းခြင်းတို့တွင် စံတင်ရမည်ဖြစ်သည်။ ပင်ကိုဗီဇ နူးညံ့သိမ်မွေ့ခြင်း၊ အရှက်သိက္ခာ၊ ဣန္ဒြေကြီးခြင်းစသည့် မြန်မာအမျိုးသမီးများ၏ မွေးရာပါထူးခြားချက်မှာ ရှေးဘိုးဘွားများလက်ထက်ကပင် ရှိနှင့်ပြီးဖြစ်သည်။ ယနေ့မျိုးဆက်သစ်လေးများသည် ရှေးအစဉ်အလာရှိသော မြန်မာအမျိုးသမီးများ၏ဂုဏ်ရည်ကို မပျောက်ပျက်ရန် ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

ယနေ့ ခေတ်မီတိုးတက်သည့် အချိန်အခါတွင် တိုင်းတစ်ပါးမှ ယဉ်ကျေးမှုများသည် နည်းလမ်းအစုံဖြင့် ဝင်ရောက်လာလျက်ရှိသည်။ လွဲမှားသည့်ယဉ်ကျေးမှုများကို အတုယူမမှားကြစေရန် သတိပြုကြရမည်ဖြစ်သည်။ ယနေ့ မြန်မာအမျိုးသမီးငယ်လေးများ၏ ဝတ်စားဆင်ယင်မှုများသည် ခေတ်နှင့်အညီ တိုးတက်အောင် ဝတ်စားသော်လည်း အချို့သော ဝတ်စားဆင်ယင်မှုများသည် မြန်မာ့ယဉ်ကျေးမှုများနှင့် ဖီလာဆန့်ကျင်သော ဝတ်ဆင်မှုမျိုးဖြစ်လျက်ရှိသည်။

တိုင်းရင်းသားမျိုးနွယ်စုအားလုံးတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်စကား၊ ဓလေ့ထုံးစံ၊ ယုံကြည်မှု၊ ဘာသာစကား၊ ရိုးရာဝတ်စားဆင်ယင်မှုတို့ရှိကြသည်။ ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများရှိကြရာ အားလုံးသည် မြန်မာလူမျိုးများသာဖြစ်ကြသည်။ ရိုးရာဓလေ့ထုံးတမ်းများ တိမ်ကောပပျောက်မသွားရန် ယဉ်ကျေးစွာဝတ်ဆင်ကြရမည်ဖြစ်သည်။ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့စရိုက်လက္ခဏာများကို ယနေ့ မြန်မာအမျိုးသမီးငယ်လေးများက ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။

အမျိုးသမီးများ ဘဝလုံခြုံရေးတွင် အမျိုးသမီးများ အကြမ်းဖက်မှုမှကာကွယ်ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးတို့ကိုလည်း ကာကွယ်စောင့်ရှောက်ပေးလျက်ရှိရာ မြန်မာအမျိုးသမီးငယ်လေးများ အယူအဆများ၊ အတွေးအခေါ်များ လမ်းကြောင်းမလွဲစေရေးအတွက်ကို ဝိုင်းဝန်းထိန်းကျောင်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ မိဘ၊ ဆရာသမားများကို ဂါရဝတရားထားရှိရေး၊ ကြီးသူကိုရိုသေ၊ ငယ်သူကိုလေးစား စသောအမူအကျင့်များ ရှိစေရေးအတွက် မိဘ၊ ဆရာသမားများက အချိန်ပေးပြီး သွန်သင်ဆုံးမမှုကဏ္ဍသည် အရေးကြီးပေသည်။

ရှေးကရှိခဲ့သည့် မြန်မာအမျိုးသမီးတို့၏ ယဉ်ကျေးသိမ်မွေ့မှု၊ အရှက်တရား၊ သိက္ခာနှင့် နူးညံ့သိမ်မွေ့မှု၊ ဣန္ဒြေကြီးမှုစသည့် မြန်မာအမျိုးသမီးတို့၏ တန်ဖိုးထားရမည့် စံနှုန်းများကို အမျိုးဘာသာ အမွေအနှစ်အဖြစ် ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးတို့၏ ဂုဏ်ရည်မြင့်မားပြီး ကမ္ဘာတစ်လွှား ဝင့်ကြွားနိုင်ရန် ယနေ့မျိုးဆက်သစ်လေးများက ဆက်လက်စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မူလယာဉ်မောင်းများသို့ ယာဉ်များရောင်းချပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် အငှားယာဉ်လုပ်ငန်းရှိ အငှားယာဉ်မောင်းများ သာရေးနာရေးကော်မတီမှ ယာဉ်မောင်းခေါင်းဆောင်ကိုယ်စားလှယ်များအား တွေ့ဆုံ၍ အငှားယာဉ်လုပ်ငန်းရှိ ယာဉ်များအား မူလယာဉ်မောင်းများသို့ ရောင်းချပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်များ ဈေးနှုန်းသတ်မှတ်ရေးနှင့် ထုခွဲရောင်းချရေးဆပ်ကော်မတီ အစည်းအဝေးတွင် ညှိနှိုင်းသဘောတူသတ်မှတ်ခဲ့သည့် ဈေးနှုန်းသတ်မှတ်သည့်စနစ်၊ ငွေပေးချေသည့်စနစ်နှင့် ရောင်းချမည့်စနစ်များအား သဘောတူပါကြောင်း၊ ဆက်လက် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၃ ရက် အစည်းအဝေး အတည်ပြုပြီးချိန်မှ စတင်ငွေသွင်း၍ အပြီးအပြတ် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတအနေဖြင့် အငှားယာဉ်လုပ်ငန်း မူလယာဉ်မောင်းများအား ယာဉ်ပိုင်ရှင်ဖြစ်စေချင်သည့် စေတနာထားသကဲ့သို့ ယာဉ်ပိုင်ရှင်ဖြစ်လာသည့်အတွက် နေ့စဉ်ပေးသွင်းရသော အုံနာကြေးများ သက်သာမည်ဖြစ်သည့်အတွက် စားဝတ်နေရေးပိုမိုပြေလည် လာမည်ဖြစ်သလိုတစ်ဖက်တွင်လည်း ခရီးသည်ပြည်သူများအား ယာဉ်အငှား ဝန်ဆောင်မှုပေးရာတွင် ဈေးနှုန်း သက်သက်သာသာဖြင့် ပြေးဆွဲပေးစေလိုသည့် ဆန္ဒရှိကြောင်း၊ ယာဉ်မောင်းများအနေဖြင့် ပိုင်ရှင်ဖြစ်လာပြီး အဆိုပါလုပ်ငန်းရေရှည် ဖွံ့ဖြိုးတိုးတက်လာအောင် အချင်းချင်းပေါင်းစပ်ကာ အသင်းအဖွဲ့တည်ထောင်ခြင်း၊ လိုအပ်သည့် ယာဉ်ပြင်အလုပ်ရုံများ စုပေါင်းဆောင်ရွက်သင့်ပါကြောင်း၊ ဌာနအနေဖြင့်လည်း အငှားယာဉ်လုပ်ငန်းအား စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် စနစ်တကျဖြင့် အကောင်းဆုံး တိတိကျကျ မှန်မှန်ကန်ကန်ဖြစ်စေရေး ဂရုတစိုက် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ

လျက်-လျှက်၊ လျှင်-လျင်၊ မီ-မှီ

အချို့ ရုံးစာများတွင်လည်းကောင်း၊ အချို့စာစောင်များတွင်လည်းကောင်း "လျက်" ဟု ရေးရမည့်အစား "လျှက်" ဟု ရေးသားကြသည်ကို တွေ့ရှိနေရပါသည်။ ဥပမာ-ဆောင်ရွက်လျှက်ရှိပါသည်။ ခွင့်ပြုပေးလျှက်ရှိပါသည်။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းတွင် "လျှက်"ဆိုသည့် စာလုံးပေါင်းလုံးဝမပါရှိပါ။ ကြော်ငြာအချို့တွင် "လျက်ဆား" ကို "လျှက်ဆား"ဟု ရေးသားထားသည်ကိုလည်း တစ်ခါတစ်ရံ တွေ့မြင်ရပါသည်။ ပြည်သူအများမြင်တွေ့ရသော ကြော်ငြာများတွင် စာလုံးပေါင်းသတ်ပုံမမှားရန် အလွန်အရေးကြီးပါသည်။

နောက်တွေ့ရသည့် အမှားတစ်ခုမှာ "လျှင်" နှင့် "လျင်" ဖြစ်ပါသည်။ သွားလျှင်-လာလျှင်တွင် ဟထိုးပါပါသည်။ လယပင့်ဟထိုးသေတ် ဖြစ်ပါသည်။ "အလျင်အမြန်"တွင် ဟထိုးမပါပါ။ တချို့က ဤစာလုံးနှစ်လုံး၏ စာလုံးပေါင်းသတ်ပုံကို ပြောင်းပြန်ရေးနေကြပါသည်။ ထိုနည်းတူပင် တစ်ခါတစ်ရံ "မိမိတို့သဘောအလျောက်"ကို ဟထိုးထည့်၍ "မိမိတို့သဘောအလျှောက်"ဟု ရေးသားသည်ကိုလည်း တွေ့ရတတ်ပါသည်။

နောက်ထပ်တွေ့ရသော အမှားတစ်ခုမှာ "ခေတ်မှီ" ဖြစ်ပါသည်။ စာလုံးပေါင်းအမှန်မှာ "ခေတ်မီ" ဖြစ်သည်။ အချိန်မီ၊ မသွားမီ၊ မလာမီ ဖြစ်ပြီး မှီဆိုသည့် စာလုံးသည် တိုင်ကိုမှီသည်။ မှီငြမ်းပြုသည်။ မှီအုံး စသည်တို့ဖြစ်ပါသည်။ စာလုံးပေါင်းသတ်ပုံအမှားများ ဆင့်ပွားပြီး အမှားရေးသူများ များပြားလာမည်ကို စိုးရိမ်မိပါသည်။ **တက္ကသိုလ်ဆရာတစ်ဦး**

နေပြည်တော်ဝန်ထမ်းရပ်ကွက်များရှိ ဈေးများပိုမိုစည်ကား သန့်ရှင်းသပ်ရပ်လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နေပြည်တော်ရှိ ဝန်ထမ်းများနေထိုင်ရာ အကွက်ကြီးငါးကွက်တွင် အလွယ်တကူဝယ်ယူနိုင်ရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ရပ်ကွက်အလိုက် နေပြည်တော် မြို့မဈေး၊ သပြေကုန်းဈေး၊ အင်ကြင်းဈေး၊ ဂန္ဓမာဈေး၊ သရဖီဈေး၊ ချယ်ရီဈေး၊ စကားဝါဈေးနှင့် ကံ့ကော်ဈေးများ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

ယခုအခါ ယင်းဈေးများတွင် သန့်ရှင်းသပ်ရပ်မှုနှင့်အညီ အရောင်းအဝယ်များ စည်ကားလျက်ရှိပြီး ဈေးများဌာန၊ ဈေးကော်မတီ၊ ဈေးသူဈေးသားများ ပူးပေါင်း၍ တစ်ပတ်တစ်ကြိမ် ဆေးဖျန်းခြင်း၊ ရေနုတ်မြောင်းများဖော်ခြင်း၊ သားငါးရုံများရေဆေးခြင်း၊ ဈေးသည်များ ယင်းလုံဆန်ခါဖြင့် ရောင်းချခြင်း၊ ကျန်းမာရေးဌာနနှင့် ဈေးများဌာနတို့ ပူးပေါင်း၍ သားငါးများတွင် ဆိုးဆေးပါဝင်မှု ရှိမရှိနှင့် လတ်ဆတ်မှု ရှိ မရှိ စစ်ဆေးလျက် ရှိကြောင်းသိရသည်။

(ပေါက်စ)

အမေရိကန်တက္ကသိုလ်များ ပညာရေးပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးနှင့် အမေရိကန်ပညာရေး (Education USA)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၌ ပထမဦးဆုံး ကျင်းပသည့် အမေရိကန်တက္ကသိုလ်များ ပညာရေးပွဲတော်ကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်စင်တာ၌ ကျင်းပရာ ရှေးဦးစွာ အမေရိကန်တက္ကသိုလ်များ ပညာရေးကို စိတ်ဝင်စားသည့် မြန်မာနိုင်ငံမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက အမေရိကန်တက္ကသိုလ်များ၏ ပညာရေးဝန်ဆောင်မှုပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အမေရိကန်တက္ကသိုလ်များမှ ဆရာ ဆရာမများက အမေရိကန်ပညာရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ပြန်လည်ဖြေကြား

ထို့နောက် အမေရိကန်ပညာရေးနှင့် ယဉ်ကျေးမှုရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Ms.Ann Stock နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Derek Mitchell တို့က အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၅-၂-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၃	တရားတော်
၇း၁၅	ဓမ္မပူဇာတေး
၇း၂၃	မျိုးချစ်တပ်မတော်
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၆	မျိုးချစ်တပ်မတော်
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅	အမျိုးသားရေးတေးကဗျာ
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာထက်ကဖန်ရဲတိုက်** (အပိုင်း -၂၆)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း - နိုင်ငံတကာသတင်း - မိုးလေဝသသတင်း - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်သူ့တရားရှင်ပေါင်ချိန်** (အပိုင်း-၁၀) - မြဝတီရုပ်မြင်သံကြားသတင်း - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဂုဏ်ရည်မတူ** (အပိုင်း-၆၈)

ပညာရွှေအိုး လှူမခိုး

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana သည် ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ကော်မတီ အစည်းအဝေးဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်နှင့် ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ လွှတ်တော်တွင်း ဥပဒေပြုရေး၊ ပြင်ဆင်ရေးဆောင်ရွက်နေသည့် အခြေအနေများနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုင်ရာ ဆောင်ရွက်နေသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆားဘီးယား နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဗန် မာကစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင်အား ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

အခြေခံစီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ယခင်က ဦးစီးဌာနများသည် မိမိဌာနဝန်ထမ်းများကို သက်ဆိုင်ရာဌာနအလိုက် သင်တန်းများပေးခဲ့သော်လည်း ယခုဖွင့်လှစ်သည့်သင်တန်းတွင် ဝန်ကြီးဌာနတစ်ခုလုံး၏ လုပ်ငန်းတာဝန်များကိုနားလည်ပြီး နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် လုပ်ငန်းစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်နိုင်စေရန်ရည်ရွယ်၍ ယခုလိုပေါင်းစည်းသင်တန်းပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသန္တရ စီမံကိန်းများ၊ ကဏ္ဍစီမံကိန်းများနှင့် သက်ဆိုင်သည့်အချက်များ၊ ဘောဂဗေဒ အခြေခံသီအိုရီများ၊ လုပ်ငန်း စီမံကိန်းစိစစ်ခြင်းများ၊ အာဆီယံရေးရာများ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ အထူးစီးပွားရေးဇုန်များနှင့်ပတ်သက်၍ ထိရောက်စွာ နားလည်သဘောပေါက်ပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၄)ရပ်ကို နားလည်သဘောပေါက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ၎င်းအပြင် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးကို ဗဟိုချက်မှာထား၍ နိုင်ငံတော်ဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများကိုလည်း ကောင်းမွန်တဲ့အစိုးရ၊ သန့်ရှင်းသောအစိုးရ၊ ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ခံမှုရှိရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမှာ ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရန် သင်တန်းမှသင်ကြားပေးမည့် ဝန်ထမ်းကျင့်ဝတ်များ၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများကို နားလည်သဘောပေါက်အောင်လေ့လာသင်ယူ၍ ဝန်ထမ်းကောင်းများ ဖြစ်ကြစေရေး အပတ်တကုတ် ကြိုးစားသွားကြရန်လိုကြောင်းဖြင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အခြေခံစီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၉၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၂-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၀ နံနက်ခင်းသတင်း
- ၇း၄၅ လောကနီတိ **ဒါပဲလေ ဒါပဲပေါ့**
- ၇း၅၀ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ **၂၀၁၅ အာဆီယံသို့**
- ၈း၂၅ Road to 27 th **SEA GAMES** (အလေးမ)
- ၈း၄၅ တပ်ကုန်းထမင်းသုပ်

ညပိုင်း

- ၄း၀၀ မြန်မာ့ရုပ်မြင်သံကြားတေး
- ၄း၀၅ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၁၀ လောကနီတိ **ကိုကိုရေဖုန်းလာနေတယ်**
- ၄း၂၀ တေးဂီတအစီအစဉ်
- ၄း၃၀ မြန်မာစာ၊ မြန်မာစကား
- ၄း၅၅ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၁၀ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၅ **ထုတ်ကုန်ပစ္စည်းမျိုးစုံစွာ စက်မှုဇုန်မိတ္ထီလာ**
- ၆း၀၀ ညနေခင်းသတင်း
- ၆း၂၀ **ချစ်သောဤကမ္ဘာမြေ**
- ၇း၀၀ ပြည်တွင်းသတင်း
- ၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (ဒုတိယတွဲ) (အပိုင်း-၁၄)
- ၈း၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - လောကနီတိ **ပြောင်းလိုက်ပါ**
  - ငယ်မူဟန်ပန်သူ့ဆိုဟန် (သုမောင်)
- ၁၀း၀၀ ပြည်တွင်းသတင်း **ခံစားရင်းခံစားပါ** ကျော်ရဲအောင်၊ ကုသိုလ်၊ ခင်လှိုင်၊ ပန်းဖြူ၊ နွဲ့နွဲ့စန်း (ဒါရိုက်တာ-မြင့်မိုရ်ဆွေ)

သစ်တောသစ်ပင်ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

နိုင်ငံတကာသတင်း

ရုရှားကလက်နက်များပေးပို့ကာ မာလီနိုင်ငံသို့ စစ်ကူ

မော်စကို ဖေဖော်ဝါရီ ၁၄

ပြင်သစ်ဦးဆောင်နေသည့် မာလီစစ်ပွဲများသို့ ရုရှားနိုင်ငံက စစ်ကူလက်နက်မြောက်မြားစွာ ပေးပို့ခဲ့ကြောင်း ရုရှားစစ်လက်နက်ပစ္စည်းပို့ကုန်အေဂျင်စီဥက္ကဋ္ဌက ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

လုပ်ဆောင်နေ

ရိုဆိုဘောနီအိတ်ချ်ပို့အေဂျင်စီဥက္ကဋ္ဌ အနာတိုလီအိတ်စ်စာအီကေးက လွန်ခဲ့သည့် သီတင်းနှစ်ပတ်အကြာတွင် စစ်လက်နက်ပစ္စည်းများ မာလီနိုင်ငံသို့ နောက်ဆုံးအသုတ် ပေးပို့ခဲ့ကြောင်း၊ စစ်ကူဖြန့် အထောက်အပံ့များအရေးကိုလည်း ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၃ ရက်က ပြောကြားသည်။ မာလီနိုင်ငံတွင် အစ္စလာမ္မစ်သူပုန်များ၏ အရှိန်မြင့်တိုက်ခိုက်လာသည့်အတွက်ကြောင့် ဇန်နဝါရီ ၁၁ ရက်တွင် ပြင်သစ်နိုင်ငံက စစ်မျက်နှာစတင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၁၇ ရက်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများက မာလီစစ်တပ်ကို အင်အားတောင့်တင်းရန် ပြန်လည်ဖွဲ့စည်းခြင်းနှင့် လေ့ကျင့်သင်တန်းပေးပြီး ပြင်သစ်တို့၏ စစ်ကူတပ်များ ထွက်ခွာသွားရန် သဘောတူညီခဲ့သည်။ **(ပရက်စ်တီဗွီ)**

နှစ်ပေါင်း ၅၀၀၀ ခန့်ကဘုရားကျောင်း ပီရူးနိုင်ငံ လီမာမြို့အနီး၌ တွေ့ရှိ

လီမာ ဖေဖော်ဝါရီ ၁၄

ပီရူးနိုင်ငံမြို့တော် လီမာအနီး အီလ်ပါရီဆို ရှေးဟောင်းနယ်မြေ၌ ရှေးဟောင်းဘုရားကျောင်းတစ်ကျောင်းကို ရှေးဟောင်းသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ပီရူးသုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါဘုရားကျောင်းသည် ရှေးနှစ်ပေါင်း ၅၀၀၀ ခန့်က တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ပီရူးနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားသည်။

တွေ့ရှိခဲ့

ယခုရှာဖွေတွေ့ရှိရသည့် အီလ်ပါရီဆိုရှေးဟောင်းနယ်မြေသည် ပီရူးနိုင်ငံအလယ်ပိုင်းတွင် အကြီးမားဆုံးရှေးဟောင်းနယ်မြေတစ်ခုဖြစ်ပြီး လုပ်ကွက် ၁၀ ခုခန့်ရှိသည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်သည်။ ယင်းဘုရားကျောင်း၏ ညာဘက်စွန်းတွင် အမြင့် ၂၂ ပေခန့်ရှိသော ရုပ်တုတစ်ခုကိုလည်း ရှေးဟောင်းသုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်။

အဆိုပါဘုရားကျောင်းကို ကျောက်တုံးနှင့် အဝါရောင်မြေစေးတို့ဖြင့် ပြုလုပ်ထားပြီး အချို့အစိတ်အပိုင်းများကို အနီရောင်ဆေးများဖြင့် ခြယ်မှုန်းထားကြောင်း ၎င်းတို့က ပြောကြားသည်။ **(ဆင်ဟွာ)**

ဂျက်တိုက်လေယာဉ်များ အိန္ဒိယသို့ ရောင်းချရန် ပြင်သစ်သမ္မတဟော်လန် ထောက်ခံပေးမည်

ပါရီ ဖေဖော်ဝါရီ ၁၄

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန် **(အပေါ်ပုံ)** သည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့ပြီးနောက် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံတန်ဖိုးရှိ ပြင်သစ်ဂျက်တိုက်လေယာဉ်များ အိန္ဒိယသို့ ရောင်းချရန်အတွက် ထောက်ခံပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ပြင်သစ်သမ္မတဟော်လန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး လော့ရင့်ဖေဘီယက်၊ ကာကွယ်ရေးဝန်ကြီး ဂျိမ်းဗတ်စ်လီဒရိန်းအပါအဝင် ဝန်ကြီးငါးဦးပါ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့နှင့် ပြင်သစ်စစ်ဘက် ထိပ်တန်းခေါင်းဆောင် ၆၀ ကျော်တို့လိုက်ပါလျက် ဖေဖော်ဝါရီ ၁၃ ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိခဲ့ကြသည်။

နှစ်ရက်ကြာ လာရောက်သည့် အဆိုပါခရီးစဉ်သည် ပြီးခဲ့သည့် ၁၅ နှစ်က စတင်ခဲ့သည့် အိန္ဒိယ-ပြင်သစ်မဟာဗျူဟာမြောက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်ကြောင်း ပြင်သစ်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ထို့အပြင် ပြင်သစ်သမ္မတသည် အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံတန်ဖိုးရှိ ရာဖေးလ်စစ်လေယာဉ် ၁၂၆ စင်း ရောင်းချမည့် သဘောတူညီမှုတစ်ရပ်ကိုဆွေးနွေးရန် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် အခြား ဝန်ကြီးများအား တွေ့ဆုံသွားမည်ဟု ဆိုသည်။

အိန္ဒိယအစိုးရအဖွဲ့ အနေဖြင့် အဆိုပါ သဘောတူစာချုပ်ရန် ကိစ္စကို ညှိနှိုင်းနေခြင်းကြောင့် ပြင်သစ်သမ္မတ ဟော်လန်၏ ချစ်ကြည်ရေး ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးမည်မဟုတ်ကြောင်း နယူးဒေလီမှ တာဝန်ရှိသူများက ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

အီရန်နှင့် ရုရှားတို့ အာကာသလုပ်ငန်း ပူးပေါင်းဆောင်ရွက်မည်

မော်စကို ဖေဖော်ဝါရီ ၁၄

အီရန်နှင့်ရုရှားတို့နိုင်ငံသည် ဂြိုဟ်တုနည်းပညာဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အာကာသသိပ္ပံဆိုင်ရာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူညီခဲ့ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံသည် အီရန်ကျွမ်းကျင်ပညာရှင်များကို လေ့ကျင့်သင်တန်းပေးခြင်းနှင့် ဂြိုဟ်တုအချက်ပြရုပ်မြင်သံကြားထုတ်လွှင့်မှုစခန်းများ တည်ဆောက်ခြင်းတို့အတွက် အီရန်နိုင်ငံနှင့် ပူးပေါင်းရန် အဆင်သင့်ရှိကြောင်း ဖေဖော်ဝါရီ ၁၂ ရက်က ရုရှား-အီရန်စီးပွားရေးလုပ်ငန်းဆိုင်ရာကောင်စီ(အာရ်အိုင်ဘီစီ)၏ (၁၀)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးတစ်ရပ် ကျင်းပစဉ်အတွင်း ရုရှားအာကာသရေးရာဌာနအရာရှိ ဒန်နစ်လက်စ်စီကော့စ်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် အာကာသပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးသို့ အီရန်အာကာသရေးရာ အေဂျင်စီ(အိုင်အက်စ်အေ)အရာရှိ ဟတ်စန်ကာရီမီ တက်ရောက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

ယူကရိန်း၌ လေယာဉ်အရေးပေါ်ဆင်းသက်စဉ် မီးလောင်မှုဖြစ်ပွား

ဒိုးနက်စ် ဖေဖော်ဝါရီ ၁၄

ခရီးသည်နှင့်လေယာဉ်အမှုထမ်း ၄၅ ဦးအား တင်ဆောင်လာသော ခရီးသည်တင်လေယာဉ်တစ်စင်းသည် ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဒိုးနက်စ်မြို့အနီး အရေးပေါ်ဆင်းသက်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ငါးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်ကို ဖေဖော်ဝါရီ ၁၄ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အင်န်တိုနော့ AN-24 အမျိုးအစား အင်ဂျင်နှစ်လုံးတပ် အဆိုပါခရီးသည်တင်လေယာဉ်သည် ဖေဖော်ဝါရီ ၁၃ ရက် နှောင်းပိုင်းက အရေးပေါ်ဆင်းသက်မှု ပြုလုပ်ရန်ကြိုးပမ်းစဉ် ဒိုးနက်စ်မြို့ ဆာဂျီပရိုကိုဖိဗ် အပြည်ပြည်ဆိုင်ရာ လေဆိပ်လေယာဉ်ပြေးလမ်းကို ကျော်ထွက်သွားပြီးနောက် ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ယူကရိန်းအရေးပေါ်ဝန်ကြီးဌာန၏ ပြောကြားချက်ကို ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အဆိုပါလေယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် လေယာဉ်ပေါ်လိုက်ပါလာသည့် အခြား ၁၂ ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြသည်။ ၎င်းလေယာဉ်သည် အိုဒစ်ရှားပင်လယ်နက်အပန်းဖြေစခန်းမှပျံသန်းလာသည့် ပြည်တွင်းလေကြောင်းလိုင်းတစ်ခုမှ ဖြစ်သည်။

ခရီးသည်အများစုမှာ ဘောလုံးပွဲဝါသနာအိုးများဖြစ်ကြပြီး ၎င်းတို့သည် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲဖြစ်သည့် ရှက်တာဒိုးနက်စ်နှင့် ဂျာမနီမှ ဒေါ့မွန်တို့ပွဲစဉ်အား ကြည့်ရှုရန် ဒိုးနက်စ်မြို့သို့ထွက်ခွာလာကြခြင်းဖြစ်သည်။ လေယာဉ်မတော်တဆဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ချက်ချင်းမသိရသေးဟုဆိုသည်။ လေယာဉ်ပျက်ကျသေဆုံးမှုကို စုံစမ်းစစ်ဆေးရန် ကော်မရှင်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်ဟုဆိုသည်။ **(ပရက်စ်တီဗွီ)**

အင်န်တိုနော့ ခရီးသည်တင် လေယာဉ် အရေးပေါ် ဆင်းသက်စဉ် လေယာဉ်လမ်း ကျော်ထွက်သွားမှုကို ဤသို့ တွေ့ရစဉ်။

တင်မောင်လွင်-စုစည်းသည်

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက်
Nikkon Camera များဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော Nikkon Camera D-7000 ငါးလုံးကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၂-၂၀၁၃ ရက်မှ ၂၅-၂-၂၀၁၃ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၂-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၇ ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈



မြောက်ကိုရီးယား နျူကလီးယားအရေးနှင့် ကုလသမဂ္ဂစေ့စပ်ရေးစားပွဲဝိုင်း

တိုး ရေးသည်

မြောက်ကိုရီးယားနိုင်ငံက တတိယအကြိမ် မြေအောက်နျူကလီးယား စမ်းသပ်မှုတစ်ရပ်ကို အောင်မြင်စွာ စမ်းသပ်ဖောက်ခွဲနိုင်ကြောင်း ဖေဖော်ဝါရီ ၁၂ ရက်က အတည်ပြုကြေညာသည်။ မြောက်ကိုရီးယားနိုင်ငံ၏ မြေအောက် နျူကလီးယား စမ်းသပ်ဖောက်ခွဲမှုအရေးကို ဆွေးနွေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထိုနေ့တွင်ပင် အရေးပေါ် အစည်းအဝေးခေါ်ယူလိုက်သည်။

မြောက်ကိုရီးယားကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က ဒုံးပျံပစ်လွှတ်ခြင်းကို ပြစ်တင်သည့် ဆုံးဖြတ်ချက်တစ်ရပ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ပြီးနောက် မြောက်ကိုရီးယားက ကမ္ဘာ့ရန်အဖြစ် အမေရိကန်နိုင်ငံကို ရည်ရွယ်လျက် ဒုံးပျံနှင့် နျူကလီးယား စမ်းသပ်မှုများ ဆက်လုပ်မည်ဟု စောစောပိုင်းကပင် ဆုံးဖြတ်ထားသည်။ မြောက်ကိုရီးယားအစိုးရသည် ၂၀၀၆ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်များကပင် နျူကလီးယားစမ်းသပ်မှုများ ပြုလုပ်ခဲ့ရာ ယခုအကြိမ်သည် တတိယအကြိမ် မြေအောက်နျူကလီးယားစမ်းသပ်ခြင်းဖြစ်သည်။

မြောက်ကိုရီးယား၏ မြေအောက် နျူကလီးယားစမ်းသပ်မှုမှာ ကုလသမဂ္ဂဆုံးဖြတ်ချက်များကို အကြီးအကျယ်ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်ပြီး တည်ငြိမ်မှုပျက်ပြားအောင် ရန်စခြင်းဖြစ်သည်ဆိုကာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အပြစ်တင်ပြောဆိုသည်။

မြောက်ကိုရီးယားက အောင်မြင်စွာစမ်းသပ်နိုင်သည်ဆိုသော မြေအောက်နျူကလီးယားစမ်းသပ်မှုမှာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် အင်္ဂါနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၇ မိနစ်က ဖြစ်သည်။ မြောက်ဟမ်ကျွန်းပြည်နယ် ကီဂျူစီရင်စု မြေအောက်၌ စမ်းသပ်ခြင်း ဖြစ်သည်။

"ကိုရီးယားကျွန်းဆွယ် နျူကလီးယားအန္တရာယ်ကင်းရေး စေ့စပ်ဆွေးနွေးကြရန် နိုင်ငံတကာ တိုက်တွန်းမှုကို မြောက်ကိုရီးယားက အလေးထားချိန်ရောက်"

နိုင်ငံတကာ အသိုက်အဝန်းက သတိပေးနေသည့်ကြားမှပင် ယခုကဲ့သို့ မြောက်ကိုရီးယားက နျူကလီးယားစမ်းသပ်ဖောက်ခွဲခြင်းမှာ ရန်စခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် ဒုံးပျံစမ်းသပ်ပစ်လွှတ်ပြီး နျူကလီးယားစမ်းသပ်ခြင်းမှာ ဒေသတွင်းတည်ငြိမ်ရေးကို ခြိမ်းခြောက်ခြင်းဖြစ်သည့်အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များအရ လိုက်နာရမည့်တာဝန်များကိုပါ ချိုးဖောက်ခြင်းလည်းဖြစ်သည်ဟု အမေရိကန်သမ္မတ အိုဘားမားက ထောက်ပြပြောဆိုကာ ပြစ်တင်ရှုတ်ချလိုက်သည်။

မိမိတို့ကိုယ်တိုင်နှင့် ဒေသတွင်း မဟာမိတ်များ၏လုံခြုံရေးကို ကာကွယ်ရန်အတွက် မိမိတို့သည် မဟာမိတ်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ ခြောက်နိုင်ငံ လုပ်ဖော်ကိုင်ဖက်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ဤကိစ္စကို အတတ်နိုင်ဆုံး လက်တွဲဆောင်ရွက်မည်ဟုလည်း အမေရိကန် သမ္မတ အိုဘားမားက ပြောကြားသည်။

မြောက်ကိုရီးယား၏ မြေအောက် နျူကလီးယားစမ်းသပ်မှုမှာ အမေရိကန်သမ္မတအိုဘားမားသည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် အင်္ဂါနေ့ ညနေတွင် တိုင်းပြည်သို့ ပြောကြားသည့် နိုင်ငံတော်အခြေပြု မိန့်ခွန်း မတိုင်မီလေးတွင် အချိန်ကိုက်ဖောက်ခွဲ စမ်းသပ်ခြင်းဖြစ်ကြောင်း ဖြစ်နိုင်သည်ဟုလည်း တွက်ဆဖွယ်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မြောက်ကိုရီးယား၏ မြေအောက် နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုနှင့် ပတ်သက်၍ ဝမ်းနည်းဖွယ်ဖြစ်ကြောင်း၊ ပြင်းထန်စွာ ကန့်ကွက်ကြောင်း ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က ကြေညာသည်။ ယင်းမှာ ကုလသမဂ္ဂဆုံးဖြတ်ချက်များကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဂျပန်အောက်လွှတ်တော်တွင် ထိုနေ့ကပြောကြားသည်။ ဂျပန်အစိုးရအနေဖြင့် မြောက်ကိုရီးယားကို တစ်ဖက်သတ် အရေးယူပိတ်ပင်ရေးကို စဉ်းစားလျက်ရှိသည်ဟုလည်း ၎င်းကပြောကြားသည်။ ထိုအတောအတွင်း ဂျပန်နိုင်ငံခြားရေးဌာနက မြောက်ကိုရီးယားကို ကန့်ကွက်လိုက်ကြောင်း ကျိုဒိုသတင်းဌာနက ကြေညာသည်။ ထို့ပြင် ဂျပန်အစိုးရ၏ လုံခြုံရေးဆိုင်ရာ အရေးပေါ် အစည်းအဝေးခေါ်ယူမည်ဖြစ်ကြောင်း ထိုနေ့က ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူး ယိုရှီဟီဒေ့ဂါက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ဖေဖော်ဝါရီ ၁၂ ရက် မြေအောက်နျူကလီးယားစမ်းသပ်မှုကို တောင်ကိုရီးယားနိုင်ငံက ထိုနေ့တွင်ပင် ပြစ်တင်ရှုတ်ချသည်။ မြောက်ကိုရီးယား၏ ယင်းလုပ်ရပ်မှာ ကုလသမဂ္ဂဆုံးဖြတ်ချက်များကို အတိအလင်းချိုးဖောက်ခြင်း ဖြစ်ကြောင်း ကြေညာသည်။ တောင်ကိုရီးယား သမ္မတ အီမြောင်ဘတ်သဘာပတိအဖြစ် ဆောင်ရွက်သည့် အရေးပေါ် လုံခြုံရေး အစည်းအဝေးအပြီးတွင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မြေအောက် နျူကလီးယားစမ်းသပ်မှု ပြုလုပ်သည့်အတွက် တာဝန်ယူရလိမ့်မည်ဟု အမျိုးသားလုံခြုံရေးအကြံပေးအရာရှိ ချွန်ယန်ဝူးက သတင်းထောက်များအား ပြောကြားလိုက်သည်။

အလားတူပင် သမ္မတ အီမြောင်ဘတ်ထံမှ ယခုလကုန်ပိုင်းတွင် တောင်ကိုရီးယားသမ္မတ ရာထူးကလွှဲယူမည့် မီးစ်ပတ်ဂွန်ဟေးကလည်း မြောက်ကိုရီးယား၏ ယင်းလုပ်ရပ်ကို အပြင်းအထန်ရှုတ်ချလိုက်သည်။ မြောက်ကိုရီးယားနိုင်ငံ နျူကလီးယားလက်နက်ကင်းမဲ့ရေးအတွက် နိုင်ငံတကာ အသိုက်အဝန်းနှင့် လက်တွဲကြိုးပမ်းမည်ဟု ပြောကြားသည်။ ထိုအတောအတွင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကင်ဆန်ဝှမ်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသစ် ဂျွန်ကယ်ရီနှင့် တယ်လီဖုန်းဆက်သွယ်ကာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ လက်တွဲဆောင် ရွက်တုံ့ပြန်ရေး သဘောတူကြသည်။ မြောက်ကိုရီးယားနိုင်ငံ၏ အာဏာရပါတီဖြစ်သော ကိုရီးယားအလုပ်သမားပါတီ (ဒဗလျူပီကေ) ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်မှုအဖွဲ့က ယခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဒီပီအာရ်ကေ) စတင်ထူထောင်သည့် (၆၅)ကြိမ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကို သိုက်မြိုက်စွာ ကျင်းပရန် ဆုံးဖြတ်ချက်ချထားကြောင်း ကေစီအင်န်အေသတင်းဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ကြေညာသည်။ ဒီပီအာရ်ကေနိုင်ငံကို ၁၉၄၈ ခုနှစ် စက်တင်ဘာ ၉ ရက်က ထူထောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က မြောက်ကိုရီးယား၏ မြေအောက် နျူကလီးယား စမ်းသပ်ဖောက်ခွဲမှုမှာ မြောက်ကိုရီးယားခေါင်းဆောင်သစ် ကင်ဂျုံအန်၏ လက်ထက်တွင်ပထမဆုံးနျူကလီးယားစမ်းသပ် ဖောက်ခွဲခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင်သစ်လက်ထက်၌ နောက်ထပ်ရန်စသည့်လုပ်ရပ်များ အထူးသဖြင့် နောက်ထပ် နျူကလီးယားစမ်းသပ်မှုများမပြုလုပ်အောင် ထိန်းသိမ်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။ ကိုရီးယားကျွန်းဆွယ် နျူကလီးယားအန္တရာယ်ကင်းရေးအတွက် စေ့စပ်ဆွေးနွေးကြရန် နိုင်ငံတကာအသိုက်အဝန်း၏ တိုက်တွန်းမှုကို မြောက်ကိုရီးယားက အလေးထားချိန်ရောက်ပြီ ဟုလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်တွန်းပြောဆိုလိုက်ပါကြောင်း။

နိုင်ငံတကာသတင်း

ကိုယ်ဝန်သည်များ အစားအစာချင့်ချိန်သင့်ဟုဆို

ကိုယ်ဝန်ဆောင်အမျိုးသမီးများ အစားအစာပိုမိုစားသောက်ခြင်းသည် မွေးဖွားရခက်ခဲသည့်ပြဿနာများပြီး ကလေးတွင်လည်း နာတာရှည်ကျန်းမာရေးပြဿနာများ ဖြစ်ပွားစေနိုင်ကြောင်း နယူးဇီလန်ပညာရှင်များဦးဆောင်သည့် နိုင်ငံတကာ သုတေသနအဖွဲ့က ထုတ်ဖော်ပြောကြားသည်။

ထိုသို့ ကိုယ်ဝန်ဆောင်ချိန် နှစ်ယောက်စာမျှ စားသုံးတတ်သော ပထမဆုံးအကြိမ် ကိုယ်ဝန်ဆောင်မိခင်လောင်းများ၏ ၇၄ ရာခိုင်နှုန်းသည် ကိုယ်ခန္ဓာကြီးထွားလွန်းသော ကလေးငယ်များ မွေးဖွားနိုင်ခြေ လေးဆခန့်ရှိနေပြီး မွေးခန်းအတွင်း အခက်အခဲကြုံရမည့်အဖြစ်မျိုးလည်း များစွာရှိနေသည်ဟု အော့ကလန်တက္ကသိုလ်မှ ပါမောက္ခ၊ သုတေသနကိုဦးဆောင်သူ လီစလေမတ်ကိုဝန်က ဆိုသည်။

"ကိုယ်ပေါင်ချိန် ကြီးထွားတဲ့ ကလေးများအား မီးဖွားပေးရချိန်က မိခင်လောင်းတို့အတွက် အန္တရာယ်ကမ်းပါးပါပဲ။ ထိုကလေးမျိုး မွေးချိန်မှာ မိခင်လောင်းအတွက် မွေးဖွားမှုအခက်အခဲများ ကြီးထွားလှပါတယ်" ဟု လီစလေက သုတေသနထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ထိုကဲ့သို့သော ဆိုးကျိုးရလဒ်များ ဖြစ်ပေါ်စေရသည်မှာ မိခင်လောင်းအမျိုးသမီးများက ကိုယ်ဝန်ဆောင်ချိန်အတွင်း အစားအသောက်လွန်ကျူးခဲ့ကြပြီး ကိုယ်အလေးချိန်တက်လာခဲ့ခြင်းသည် အဓိကဖြစ်ကြောင်း၊ မီးမဖွားမီ ကျန်းမာရေးစောင့်ရှောက်ရာတွင် ယခုလို အစားအသောက်အတိုင်းအဆပိုခြင်းသည် အရေးကြီးသည့်အချက်လည်းဖြစ်ပါကြောင်း သုတေသနအဖွဲ့၏ စာတမ်းတွင် ဖော်ပြသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်ချိန် ကိုယ်အလေးချိန် တက်လာခြင်းသည် အမျိုးသမီးများ အဆီပိုအဝလွန်မှု ဖြစ်စေရသည့် အဓိကအရင်းခံအကြောင်းတရားလည်းဖြစ်ကြောင်း သုတေသနအဖွဲ့က ဆိုသည်။ ကိုယ်ဝန်ဆောင်ပြီးနောက်ပိုင်း ကိုယ်ခန္ဓာကို ပြန်မထိန်းနိုင်သည့်အမျိုးသမီးများသည် နောက်ပိုင်းအချိန်များတွင် အဆီပိုအဝလွန်သူများဖြစ်လာစေသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

ထို့ကြောင့် ကိုယ်ဝန်ဆောင်ကာလ ကိုယ်အလေးချိန် ထိန်းသိမ်းမှုသည် ကျန်းမာရေးအတွက်များစွာ အရေးကြီးသည်။ ကိုယ်ဝန်သည် မိခင်များအနေဖြင့် အာဟာရဖြည့်စွက်စာများဖြင့် ကိုယ်အလေးချိန်မတက်အောင် ထိန်းသိမ်းပေးခြင်းသည် မီးဖွားမှုအခက်အခဲများနှင့် ကိုယ်ဝန်ဆောင်စဉ် ဆီးချိုဖြစ်ပွားမှုအန္တရာယ်တို့မှ ဂရုပြုစောင့်ရှောက်နိုင်လိမ့်မည်ဖြစ်ပြီး မိခင်ရောကလေးပါ ရေရှည်ကျန်းမာပျော်ရွှင်နိုင်ရေးအတွက် အစားအသောက်ချင့်ချိန်၍ ကိုယ်အလေးချိန်ကို ထိန်းသိမ်းသင့်ကြောင်း ပါမောက္ခ လီစလေက အကြံပြုတင်ပြထားသည်။

မောင်သံဆင့် - ရေးသားသည်။

အာရှသတင်းပဒေသာ အတိုအထွာ

တောင်ကိုရီးယားနိုင်ငံ၏ ရွေးကောက်ခံအမျိုးသမီးသမ္မတ ပတ်ဂွန်ဟေးသည် အစိုးရအဖွဲ့အတွက် ဝန်ကြီးခြောက်ဦးအား ဖေဖော်ဝါရီ ၁၂ ရက်က ရွေးချယ်ခဲ့သည်။ နိုင်ငံအား နောင်အုပ်ချုပ်မည့် သမ္မတ ပတ်ဂွန်ဟေးအစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ယခင် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ယွန်ဘန်းစီနှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် တပ်မတော်အငြိမ်းစား ဗိုလ်ချုပ်ကြီးဟောင်းဖြစ်သူ ကင်ဘန်းကွန်တို့ကို ရွေးချယ်ထားသည်။ ထို့ပြင် ပညာရေး၊ တရားရေး၊ ပြည်သူ့ရေးရာစီမံကွပ်ကဲရေးနှင့် ယဉ်ကျေးမှုဝန်ကြီးနေရာများအတွက်လည်း အဆိုပြုရွေးချယ်ခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် ရာနှင့်ချီသော လူမျိုးစုများသည် အပြစ်မဲ့အရပ်သားများ အမေရိကန်မောင်းသူမဲ့ ဒရုန်းလေယာဉ်များကြောင့် သေဆုံးခဲ့ရခြင်းကို ဆန့်ကျင်ရန် ဖေဖော်ဝါရီ ၁၃ ရက်က မြို့တော်အစ္စလာမ္မာဘတ်၌ အမေရိကန်ဆန့်ကျင်ရေးဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ထိုလူအုပ်ကြီးသည် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်အော်ဆန္ဒပြခဲ့သည်။ ဖေဖော်ဝါရီ ၆ ရက်က မြောက်ဝါဇီရစ္စတန် လူမျိုးစုဒေသကို အမေရိကန်ဒရုန်းလေယာဉ်က တိုက်ခိုက်ရာတွင် အနည်းဆုံး လူငါးဦးသေဆုံးခဲ့ရသည့် အရေးကြောင့် ဆန္ဒပြမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ဖေဖော်ဝါရီ ၁၂ ရက်က တတိယအကြိမ် နျူကလီးယားစမ်းသပ်မှုကို တန်ပြန်ရေးအတွက် အစီအမံများကို အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ဖေဖော်ဝါရီ ၁၄ ရက်က ဖုန်းဖြင့် အပြန်အလှန်ဆွေးနွေးသည်။ မြောက်ကိုရီးယား နျူကလီးယားအရေးကို ကုလသမဂ္ဂဆုံးဖြတ်ချက်သစ်ချမှတ်ရန် ပူးပေါင်းကြိုးစားမည်ဖြစ်ပြီး မြောက်ကိုရီးယားအား ဆန့်ကျင်ရေးမြဲမြံစွာရပ်တည်သွားရန် နှစ်နိုင်ငံထိပ်သီးနှစ်ဦးတို့ သဘောတူဆွေးနွေးခဲ့သည်။

ပြည်တွင်းသတင်းနှင့်ဈေးကွက်

အမျိုးသမီးနှင့်ကလေးကျန်းမာရေး အဆင့်အတန်းမြင့်တင်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်က ချမှတ်ခဲ့သော ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက် (Millennium Development Goals) ရှစ်ခုကို ၂၀၁၅ ခုနှစ်တွင်

ပြည့်မီအောင် အကောင်အထည်ဖော်ရန် အချိန်အလွန်နီးကပ်လာပြီဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် နှစ်စဉ် ကလေးဦးရေ ရှစ်သန်းခန့်မှာ ကာကွယ်၍ရသော ရောဂါများကြောင့် သေဆုံးနေရပြီး နှစ်စဉ်မိခင် ၃၅၀၀၀၀ကျော်မှာ ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားစဉ်၌ ကာကွယ်၍ရသော နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် သေဆုံးနေရကြောင်း။

၂၀၁၀ ခုနှစ်မှစ၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှ ချမှတ်ထားသော အမျိုးသမီးနှင့် ကလေးကျန်းမာရေးအတွက် နိုင်ငံတကာမဟာဗျူဟာကို အကောင်အထည်ဖော်မည့် ကော်မရှင်၏ အကြံပြုချက် (၁၀)ချက်ကို မိခင်နှင့်ကလေး သေနှုန်းမြင့်မားသော နိုင်ငံ ၇၄ နိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒေသအလိုက်၊ နိုင်ငံအလိုက် ဆွေးနွေးပွဲများ အဆင့်ဆင့်ကျင်းပခဲ့ကြကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် **(အောက်ဝဲပုံ)**က ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့ ပူးပေါင်းကျင်းပသော အမျိုးသမီးနှင့်ကလေးကျန်းမာရေး အဆင့်အတန်းမြင့်တင်ရေးအတွက် ကဏ္ဍပေါင်းစုံ ပါဝင်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် ရေးဆွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲ (National Workshop on Formulating Country Roadmaps of the Commission on Information and Accountability for Women's and Children's Health-COIA) ဖွင့်ပွဲ၌ ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ကျန်းမာရေး စောင့်ရှောက်မှုတွင် အမျိုးသမီးနှင့်ကလေးများအား ဦးစားပေးနေရာ၌ထားရှိ၍ နီးနွယ်ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ရာတွင် ရရှိအသုံးပြုနေသော သတင်းအချက်အလက်များ၏ အရည်အသွေးပေါ်တွင် များစွာမူတည်နေသောကြောင့် ကျန်းမာရေးသတင်းစနစ်၏ တိုးတက်ဖွံ့ဖြိုးရေးကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် ဆွေးနွေးပွဲကိုကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်ပညာရှင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာအဖွဲ့ရုံး၊ Global Fund၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်း ပြည်ပလူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်နှစ်သစ်ကူးအပြီး စားသုံးကုန်စည်ဈေးကွက် ကြက်သွန်နီဈေးတက် ဂျုတ်ဈေးကျ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

တရုတ်နှစ်သစ်ကူး ပွဲတော်ပြီးနောက် စားအုန်းဆီဈေးနှုန်းများ ပြန်လည်ကျဆင်းပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် ကုန်စည်ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် သုံးသိန်းသုံးသောင်း ဝင်ရောက်သော်လည်း ဈေးနှုန်းက အနည်းငယ်တက်လာသည်ဟု သိရသည်။

ဈေးကွက်တွင် စားအုန်းဆီ လက်ကားတစ်ပိဿာ ငွေကျပ် ၁၄၃၀ နှုန်းရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁၃ ရက်တွင် ငွေကျပ် ၁၄၂၃ သို့ ဈေးကျလာကြောင်း၊ ဖေဖော်ဝါရီ ၁၁ ရက် ပြည်ပ မလေးရှားစားအုန်းဆီ FOB တစ်တန်ဈေးနှုန်း ဒေါ်လာ ၈၆၀ ပြည်တွင်းငွေလဲနှုန်း ၈၅၈ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ(အရင်းဈေး) ၁၄၄၁ကျပ် သာရှိကြောင်း၊ ဖေဖော်ဝါရီ ၇ ရက်တွင် FOB ၈၆၅ဒေါ်လာ ပြည်တွင်းငွေလဲနှုန်း ကျပ် ၈၆၀ ဖြင့် အရင်းဈေး တစ်ပိဿာ ၁၄၅၂ ကျပ်အထိ ဈေးမြင့်တက်ခဲ့ကြောင်း သိရသည်။

ကြက်သွန်နီဈေးနှုန်းမှာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆိပ်ဖြူအမျိုးအစား တစ်ပိဿာလျှင် ငွေကျပ် ၄၀၀-၄၈၅-၄၈၅-၄၇၅ နှုန်း၊ တောင်တွင်းအမျိုးအစား တစ်ပိဿာလျှင် ငွေကျပ် ၄၂၅-၄၈၅-၄၈၅-၄၇၅ နှုန်း၊ မြစ်သားအမျိုးအစား တစ်ပိဿာလျှင် ငွေကျပ် ၅၅၀-၆၇၅-၆၇၅-၆၅၀နှုန်းဖြင့် တစ်ပိဿာ ၂၅ ကျပ် ဈေးမြင့်လာသည်ဟု သိရသည်။

ယခုရက်ပိုင်းအတွင်း ဈေးကွက်သို့ဝင်ရောက်လာသော ဆင်ဖြူကျွန်းဒေသမှ အာလူးအချို့ အပုပ်များပါလာသဖြင့် ဝယ်ယူသူများ ရွေးချယ်ဝယ်နေရကြောင်း၊ အောင်ပန်း အာလူးမှာ ဖေဖော်ဝါရီ ၁၃ ရက်တွင် တစ်ပိဿာ ငွေကျပ် ၃၇၀-၄၆၀-၅၁၀-၅၄၀-၅၆၀ နှုန်းရှိကြောင်း သိရသည်။

မန်ကျည်း ယခုနှစ်အထွက်နည်းသည်ဆိုသော်လည်း ဖေဖော်ဝါရီ ၁၃ ရက်တွင် မန်ကျည်းဒါးစဉ်း တစ်ပိဿာ ငွေကျပ် ၅၆၀၊ အသေး ငွေကျပ် ၈၀၀-၁၀၀၀၊ ပွင့်ကပ် ငွေကျပ် ၆၅၀ နှုန်းဖြင့် ဈေးအနိမ့်တွင်သာ ရှိနေသေးကြောင်း သိရသည်။

ညောင်ဦး ဆေးခပ်ထန်းလျက် အသစ်များ ဖေဖော်ဝါရီ ၁၃ ရက်တွင် တစ်ပိဿာ ငွေကျပ် ၁၀၃၀-၁၀၅၀ နှုန်း ဈေးမြင့်နေသော်လည်း ပခုက္ကူ ထန်းလျက်ကမ်း တစ်ပိဿာ ငွေကျပ် ၆၇၀ နှုန်း၊ ရေစကြို ဝမ်းဖြူ တစ်ပိဿာ ငွေကျပ် ၈၂၀ နှုန်း သာရှိကြောင်း၊ ကြံသကာများမှာ နယ်အလိုက် တစ်ပိဿာ ငွေကျပ် ၇၅၀ မှ ၈၅၀ အတွင်း သာရှိကြောင်း သိရသည်။

ကျောက်ရဲ-မုံရွာဂျုတ်ရှည်များမှာ ယခင်ရက်ပိုင်းက တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ ဝန်းကျင်သာ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၈ ရက်၊ ၉ ရက်တွင် တစ်ပိဿာ ငွေကျပ် ၁၈၀၀-၁၉၀၀ နှုန်းသို့ ပြန်လည်ကျဆင်းလာကြောင်း သိရသည်။

(ခင်ဆိုင်)

စာအုပ်စာပေ လှူမိတ်ဆွေ

စစ်ကိုင်းမြို့နယ် ညောင်ပင်ရှည်ကျေးရွာတွင် ဆောင်းမြေပဲများနုတ်သိမ်း

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ရှည်ကျေးရွာတွင် ဆောင်းမြေပဲများ နုတ်သိမ်းလျက်ရှိရာ ဆောင်းမြေပဲ ငါးဧကခွဲ စိုက်ပျိုးထားသည့် တောင်သူတစ်ဦးက "ဒီနှစ် မဆိုးဘူးလို့ ခေါ်ရမှာပဲ။ ရာသီဥတုကောင်းရင်တော့ ဒီထက်မကထွက်တာပေါ့၊ ဆောင်းမြေပဲ အခြောက်တင်း ၂၀၀ လောက်တော့ထွက်မှာပါ။ တစ်ဧကပျမ်းမျှတင်း ၄၀ လောက်ထွက်ပါတယ်။ ဟိုအရင်တုန်းကတော့ ရွာထဲမှ မြေယာနည်းသူတွေခေါ်ပြီး နုတ်သိမ်းရတယ်။ သူတို့တွေ နုတ်သိမ်းဆွတ်လို့ရတဲ့မြေပဲ ရှစ်တင်းရရင် တစ်တင်းပြန်ပေးရတယ်။ ရွာဓလေ့ထုံးစံအတိုင်းပေါ့၊ အခုတော့ အဲဒီလို မဟုတ်တော့ဘူး၊ တောင်သူ အခင်းရှင်တွေက ကိုယ့်အစီအစဉ်အတိုင်း နုတ်ပြီး ရွာထဲက အမျိုးသမီးပိုင်းတွေကိုခေါ်ပြီး ဆွတ်ခိုင်းပါတယ်။ **(အပေါ်ပုံ)** တစ်နေ့ကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ ပေးရတယ်။ သူတို့တွေလည်း နေရိပ်ထဲမှာ လုပ်ကိုင်ရတော့ အဆင်ပြေကြပါတယ်။ အခုမြေပဲ ဆန်ပေါက်ဈေးကတော့ တစ်ပိဿာကို ငွေကျပ် ၁၈၀၀ ရရှိပါတယ်။ ငွေပင်ငွေရင်း လေးတွေပြန်ပေါ်လို့ အဆင်ပြေပါတယ်" လို့ ပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နောက်ဆုံးခရီး၊ သောကမီး၊ ငြိမ်းအေးစေဖို့ အားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

သတင်းမှတ်စု
အောင်သန်း(မင်္ဂလာတောင်ညွန့်)
ဓာတ်ပုံ-သန်းဝင်း(သန်လျင်)

လူသားတိုင်း မလွဲမသွေ တစ်နေ့တွေ့ဆုံကြုံတွေ့ရမည့် နာရေး ကိစ္စအတွက် လူမှုရေးဆိုင်ရာ နာရေး လုပ်ငန်းကြီးတစ်ခုဖြစ်သော သုသာန်မြေ၊ မီးသင်္ဂြိုဟ်စက်၊ အအေးတိုက်၊ ဇရပ် တည်ဆောက်ရေးလုပ်ငန်းသစ်များကို သန်လျင်မြို့တွင် အစိုးရနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်နေသည်။

သန်လျင်မြို့တွင် ရပ်ကွက်ကြီး (၁၇)ရပ်ကွက်နှင့် ကျေးရွာ ၂၈အုပ်စု ရှိပြီး လူဦးရေ ငါးသိန်းကျော်နေထိုင်သည်။ ပင်လယ်ကူးဆိပ်ကမ်း၊ သီလဝါစီးပွားရေးဇုန်၊ တက္ကသိုလ်၊ အလုပ်ရုံတို့နှင့် စည်ကားထည်ဝါခံ့ညားသည့် ခရိုင်မြို့ကြီးတစ်မြို့လည်းဖြစ်သည်။ ရန်ကုန်မြို့မှ မြစ်ကူးတံတားကျော်သည်နှင့် ရောက်ရှိသည်။ တစ်နေ့က ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်မဲဆန္ဒနယ်မြေ အမှတ်(၁)၏ လွှတ်တော်ကိုယ်စားလှယ် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌဖြစ်သူ ဦးအောင်သန်းဦးနှင့် ဝါးတန်းလမ်း ကုန်စည်ဒိုင်တွင် တွေ့ဆုံခဲ့ရသည်။ သန်လျင်မြို့တွင် နာရေးကိစ္စဆောင်ရွက်ရာ၌ မြေနေရာအခက်အခဲကြောင့် ပြည်သူလူထုစိတ်မချမ်းမြေ့ဖွယ်ဖြစ်နေသည့်အတွက် မြို့မိမြို့ဖများ၊ အလှူရှင် စေတနာရှင်များ စုပေါင်းထည့်ဝင်လှူဒါန်းငွေများနှင့် စည်ပင်သာယာမှ စက်ယန္တရားနည်းပညာများ ပါဝင်ပံ့ပိုးမှုတို့ဖြင့် သန်လျင်မြို့ ညောင်သုံးပင် ကျေးရွာ ယင်းတိုက်ကွင်း(ပဲခူးမြစ်အနီး)တွင် မြေ ၂၅ ဧက ဝယ်ယူပြီး မီးသင်္ဂြိုဟ်စက်နှစ်လုံး၊ အအေးတိုက်တစ်ခု၊ နားနေဇရပ်သုံးဆောင်တို့ကို တစ်ပြိုင်တည်း စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်မင်္ဂလာသတင်းကြားသိလိုက်ရသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်တွင် မြို့မိမြို့ဖများနှင့် စေတနာရှင်အလှူရှင်များ အပါအဝင် အဖွဲ့ဝင် ၉၀ ပါဝင်သော ဖြစ်မြောက်ရေးအဖွဲ့ဖွဲ့စည်းကာ ဦးအောင်သန်းဦးက မတည်အလှူငွေ ကျပ်သိန်း ၅၀၀ ထည့်ဝင်ကာ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ လုပ်ငန်းအားလုံး၏ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဟု သိရှိရသည်။ သုသာန် မီးသင်္ဂြိုဟ်စက်တည်ရှိရာသို့ ကွန်ကရစ်လမ်း အပြည့်ခင်းမည်ဖြစ်ရာ ပေ ၄၀၀ ခင်းပြီးဖြစ်သည်။ **(အောက်ပုံ)** မော်တော်ယာဉ်များ ရပ်နားရန် ပေ (၃၅၀×၂၀၀) အကျယ် ကားရပ်ကွင်းလည်း ပါဝင်မည်ဖြစ်သည်။ မြေမြှုပ်၊ ဂူသွင်းသင်္ဂြိုဟ်လိုသူများအတွက် မြန်မာ၊ တရုတ်၊ ဟိန္ဒူ၊ ခရစ်ယာန် ဘာသာဝင်များအတွက်လည်း သုသာန်များ ထည့်သွင်း တည်ဆောက်ပေးသွားမည်ဖြစ်သည်။ သုသာန်မြေ၊ မီးသင်္ဂြိုဟ်စက်တို့ကို ၂၀၁၃ ခုနှစ် ဧပြီလကုန်မှစတင် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ မီးသင်္ဂြိုဟ်စက်၊ အအေးတိုက်၊ဇရပ်အပါအဝင်သုသာန်မြေများအတွက် ခန့်မှန်းငွေ ကျပ်သိန်း ၅၀၀၀ ကုန်ကျမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း ၀၉-၈၆၂၆၀၀၉၊ ၀၉-၅၁၀၄၂၁၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

မီးသင်္ဂြိုဟ်စက်အတွက် အလှူငွေ ကျပ်သိန်း ၁၂၀ ကို ဓမ္မဒူတ ဆရာတော် အရှင်ဆေကိန္ဒက လှူဒါန်းထားသည်။

သက်ရှိလူသားတိုင်း မလွဲမသွေ တစ်နေ့ရင်ဆိုင်တွေ့ကြုံရမည့် လူမှုရေးဆိုင်ရာ နာရေးကိစ္စဖြစ်၍ "နောက်ဆုံးခရီး၊ သောက မီး၊ ငြိမ်းအေးစေဖို့ အားလုံးပါဝင် ဆောင်ရွက်ကြပါစို့"ဟူ၍သာ. . .

စီးပွားရေး၊ လူမှုရေးကြော်ငြာများ ထည့်သွင်းလိုလျှင် မြန်မာ့အလင်း သို့ ဆက်သွယ်ပါ။





လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Honourable Smt. Meira Kumar ဦးဆောင်သော အိန္ဒိယလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့သည် အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meira Kumar ဦးဆောင်သော အိန္ဒိယလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အိန္ဒိယနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌတို့သည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေးနှင့် လွှတ်တော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် အပြန်အလှန် ဆုတောင်းစကားပြောကြားကြပြီး အတူတကွ ညစာသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်နေစဉ် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အိန္ဒိယလွှတ်တော်ဥက္ကဋ္ဌတို့သည် အမှတ်တရပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များအား ပန်းခြင်းပေးအပ်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးနန္ဒကျော်စွာနှင့် ဦးမြညိမ်း၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ပညာရေး၊ သတင်းစသည့် ကဏ္ဍများတွင် ရုပ်သံလိုင်းများတိုးချဲ့မည့် အစီအစဉ်ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း၊ လွှတ်တော်ရုပ်သံလိုင်းများထုတ်လွှင့်နိုင်ခြင်းကြောင့် ပြည်သူများ၏ လိုလားချက်များကို ပြည်သူ့ကိုယ်စားလှယ်များ မည်ရွေ့မည်မျှ တောင်းဆိုပေးနိုင်သည်၊ မပေးနိုင်သည်ကို ပြည်သူများက စောင့်ကြည့်နိုင်မည်ဖြစ်ပါကြောင်း၊ "မြန်မာပိုင်းအစီအစဉ်နှင့် တိုင်းရင်းသားအစီအစဉ်များကို အရည်အသွေး ကောင်းမွန်စွာဖြင့် ထုတ်လွှင့်ရေးနှင့် ဖမ်းယူမရရှိသောနေရာများတွင် FM လွှင့်စက်ရုံများတည်ထောင်မည်" ဟူသော ရည်ရွယ်ချက်ကို ပြည့်မီအောင် အကောင်အထည်ဖော်သင့်ပါကြောင်း၊ အကြောင်းမှာ မိမိတို့နိုင်ငံတွင် လျှပ်စစ်မီးမရရှိသော ကျေးလက်ဒေသများ၌ ရေဒီယိုအစီအစဉ်ကိုသာ အားကိုးနေကြရပါကြောင်း၊ ကိုယ်ပိုင်မီးစက်ထွန်းနိုင်သူများမှာ ကျေးလက်ဒေသတောရွာများတွင် မရှိသလောက်ရှားပါးပါကြောင်း၊ သို့ဖြစ်၍ လွှတ်တော်အစီအစဉ်ကို လိုင်းတစ်လိုင်းအနေဖြင့် ထုတ်လွှင့်ပေးသင့်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသောသတင်းစာများသည် အစိုးရအဖွဲ့ကို ကိုယ်စားပြုသော သတင်းစာများဖြစ်သည်ဟု လူထုက ယေဘုယျသဘောအားဖြင့် နားလည်ထားပါကြောင်း၊ ယနေ့အချိန်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် တိုင်းပြည်အတွက် ကောင်းကျိုးများတည်ဆောက်ရာ၌ အရေးကြီးဆုံးအခန်းကဏ္ဍဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထောက်အကူပြုစေသော သတင်းများကို ဦးစားပေးဖော်ပြသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီက "၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်း

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) မှ ဦးခင်မောင်ရီ။

ဥပဒေကြမ်းပေါ် မိမိအမြင်ပြောရရင် အမျိုးသားစီမံကိန်းဆိုတာ တစ်မျိုးသားလုံးရဲ့ လူမှုစီးပွားရေးတစ်ရပ်လုံး (သို့မဟုတ်) ကဏ္ဍအလိုက် သတ်မှတ်အချိန်ကာလမှာ ဘယ်လောက်တိုးတက်ရမယ်ဆိုတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ရည်မှန်းချက်နဲ့လုပ်ငန်းအစီအစဉ်တွေကို ခေါ်တာပါ။ လက်ရှိဆွေးနွေးနေတဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ရဲ့ အမျိုးသားစီမံကိန်းကတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ (၅) နှစ်စီမံကိန်းရဲ့ တတိယနှစ်အတွက် စီမံကိန်းလည်းဖြစ်ပါတယ်။ ဒီစီမံကိန်းအရ ဂျီဒီပီတန်ဖိုးကို ၂၀၁၀ -၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ (၈ ဒသမ ၄) ရာခိုင်နှုန်း တိုးတက်ရမှာဖြစ်ပြီး ကဏ္ဍတစ်ရပ်ချင်း အနိမ့်ဆုံး (၂ ဒသမ ၈) ရာခိုင်နှုန်းမှ အမြင့်ဆုံး (၉၂ ဒသမ ၇) ရာခိုင်နှုန်းအထိ ကဏ္ဍ (၁၄)ခု အတွက် ရည်မှန်းထားပါတယ်။

လယ်ယာကဏ္ဍရဲ့ ပါဝင်မှုအချိုးကို လျော့ကျစေပြီး စက်မှုနဲ့ဝန်ဆောင်မှုကဏ္ဍကြီးတွေရဲ့ ပါဝင်မှုအချိုးကို တိုးမြှင့်ဖြစ်ပေါ်စေရန် ရည်မှန်းထားပါတယ်။ ပိုင်ဆိုင်မှုအရ ရာခိုင်နှုန်းများရာမှ နိမ့်ရာသို့စီလိုက်ရင် ပုဂ္ဂလိကပိုင်အခန်း (၇၂ ဒသမ ၇) ရာခိုင်နှုန်း၊ နိုင်ငံပိုင် အခန်း (၂၇ ဒသမ ၃) ရာခိုင်နှုန်းနဲ့ သမဝါယမပိုင်အခန်း (၀ ဒသမ ၀၁) ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်မှန်းထားပါတယ်။ ပြည်ပပို့ကုန်တိုးမြှင့်ရန် တစ်ဦးချင်း Percapita GDP တိုးတက်ဖြစ်ပေါ်ရန် မှန်းထားပါတယ်။ မြင့်မြင့်မားမားမှန်းထားတဲ့ စီမံကိန်းပါပဲ။ ဥပဒေအရ လွှတ်တော်က စီမံကိန်းကိုငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့ချခွင့်ပြုခြင်း လုပ်ပိုင်ခွင့်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ လွှတ်တော်က စီမံကိန်းဥပဒေကို အချိန်တိုအတွင်းမှာ သုံးသပ်ရတယ်ဆိုတော့ သေသေချာချာမစိစစ်ခဲ့ရဘူး၊ Plan ကိုအတည်ပြုပြီးရင် Plan အတွက် ဘတ်ဂျက်က ခွင့်ပြုရတာ။ ဒါကြောင့် ဒီဘဏ္ဍာနှစ်အတွက်တော့ လွှတ်တော်က Planကို အချိန်ယူစိစစ်ခဲ့ပါတယ်။ ကော်မတီအလိုက် ခွဲဝေတာဝန်ယူသုံးသပ်တင်ပြပြီး ဥပဒေအရ ဥပဒေကြမ်းပူးပေါင်းကော်မတီက လွှတ်တော်ကို တင်ခဲ့တာပါ။ ဒီအပေါ်မှာ ပြည်ထောင်စုအစိုးရက ပြန်ပြုပြင်ပြီး တင်ပြလို့ အခုဆွေးနွေးနေတာပါ။ မူဝါဒ၊ လုပ်ငန်းစဉ်ပိုင်းကို ဆွေးနွေးနေတာပါ" ဟုပြောပြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင် (ခ)ရှားဘူးဖော့က "ဒီနေ့ဆွေးနွေးသွားတဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို ပြောရရင် အားသာချက်တွေရှိနေသလို အားနည်းချက်တွေဆိုတာလည်း ရှိမှာပါပဲ။ ဒီအားနည်းချက်တွေကို

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့။

အကောင်းဆုံးဖြည့်ဆည်း သွားနိုင်မယ်ဆိုရင် မျှော်လင့်ထားတဲ့စီမံကိန်း ရည်မှန်းချက်တွေ ပိုမိုအောင်မြင်အောင် အကောင်အထည်ဖော်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီနေ့ဆွေးနွေးသွားတဲ့အထဲမှာ အများစုက ပြည်ထဲရေးနဲ့ တိုင်းရင်းသားအရေး၊ နယ်စပ်ရေးရာအရေးတွေများပါတယ်။ အထူးသဖြင့်တော့ နယ်စပ်အရေးလို့ ပြောနိုင်ပါတယ်။ အားလုံးက တစ်ပြေးညီဖွံ့ဖြိုးလာမှ ချိန်ခွင်လျှာညီမျှတဲ့ ဖွံ့ဖြိုးတိုးတက်မှုလို့ ဆိုနိုင်မှာပါ။ ဒါကြောင့် အမျိုးသားစီမံကိန်းဟာ အမျိုးသားဖွံ့ဖြိုးရေး လုပ်ငန်းတွေနဲ့ တိုက်ရိုက်ဆက်စပ်နေတယ်လို့ ပြောနိုင်ပါတယ်" ဟု ပြောပြသည်။

အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားပြီး အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့၌ လှည့်လည်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meira Kumar ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ မန္တလေးမြို့သို့ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကြပြီး မဟာမြတ်မုနိဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နန်းမြို့ မြနန်းစံကျော် ရွှေနန်းတော်၊ ယဉ်ကျေးမှုပြတိုက်၊ ရွှေကျောင်းတော်ကြီး၊ ကုသိုလ်တော်ဘုရား၊ မန္တလေးတောင်ဆုတောင်းပြည့်ဘုရားတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် မန္တလေးမြို့ရှုခင်းများကို မန္တလေးတောင်ပေါ်မှ ကြည့်ရှုသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်က အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ညပိုင်းတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အရှေ့ပိုင်းဒေသများ နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီ စင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်မှာ ပူတာအိုမြို့တွင် ၇ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုင်းတုံမြို့တွင် ၀ ဒသမ ၉၈ လက်မနှင့် မြိတ်မြို့တွင် ၀ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ဥရောပသမဂ္ဂနှင့် ဥရောပနိုင်ငံများသို့ တရားဝင် ခရီးသွားရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒအကြီးအကဲ မစ္စ ကတ်သရင်း အက်ရှ်တန်နှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက်မှ ၁၃ ရက်ထိ ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်၊ ဗြိတိန်နှင့်ပြင်သစ်နိုင်ငံများသို့ တရားဝင်ခရီးသွားရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ဥရောပခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၅ ရက် ညနေ ၄ နာရီတွင် ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ နိုင်ငံခြားကုန်သွယ်မှုနှင့် ဥရောပရေးရာဝန်ကြီး Mr. Didier Reynders အား ဘရပ်ဆဲလ်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်သွားရန်ကိစ္စ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ မြန်မာနိုင်ငံအပေါ် ဥရောပသမဂ္ဂမှ ချမှတ်ထားသော ကန့်သတ်မှုများအပြီးတိုင် ရုပ်သိမ်းပေးရေးကိစ္စ၊ မြန်မာပို့ကုန်များအပေါ် အထူးအခွင့်အရေးပေးသည့်စနစ် (GSP) အကျိုးခံစားခွင့် ပြန်လည်ရရှိစေရေးကိစ္စ၊ ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ကုလသမဂ္ဂတွင်တင်သွင်းလျက်ရှိသည့်အဆိုများ လုံးဝရပ်စဲရေးကိစ္စ၊ မြန်မာနိုင်ငံတွင် အကျဉ်းသားများလွှတ်ပေးခဲ့မှု အခြေအနေ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်နေမှု အခြေအနေများနှင့် ရခိုင်ပြည်နယ်ပဋိပက္ခအား အစိုးရမှ စနစ်တကျဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့မှုနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၆ရက် နံနက်၈နာရီ ၄၅ မိနစ်တွင် ဘရပ်ဆဲလ်မြို့ရှိ ဥရောပကောင်စီအဆောက်အအုံသို့ သွားရောက်ခဲ့ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံမှ သံအမတ်ကြီးများ ပါဝင်ဖွဲ့စည်းထားသော ဥရောပကောင်စီ၊ နိုင်ငံရေးနှင့် လုံခြုံရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။ နံနက် ၁၀ နာရီတွင် Friedrich Ebert Stiftung (FES)နှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနတို့မှ ပူးတွဲကျင်းပသော မြန်မာ-အီးယူဆက်ဆံရေးစားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ဥရောပသမဂ္ဂ၊ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒအကြီးအကဲ Ms. Cathrine Ashton နှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခအခြေအနေများ၊ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမြှင့်တင်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များ၊ အကျဉ်းသားများလွှတ်ပေးနေသည့် အခြေအနေများ၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။ ၎င်းပြင် ဥရောပသမဂ္ဂအနေဖြင့် မြန်မာပို့ကုန်များအပေါ် GSP အခွင့်အရေးများ ဆောလျင်စွာ ပြန်လည်ပေးအပ်ရေး၊ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ကန့်သတ်မှုများ အပြီးတိုင် ရုပ်သိမ်းပေးရေးတို့အတွက် တိုက်တွန်းတောင်းဆိုခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီခွဲတွင် International Crisis Group မှ အကြီးတန်းမူဝါဒရေးရာအကြံပေး Mr. Jonathan Prentice အား ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံရုံး၌ လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ဥရောပကော်မရှင်၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ လူသားချင်းစာနာမှု အကူအညီပေးရေးနှင့် အန္တရာယ်တုံ့ပြန်မှုဆိုင်ရာ ကော်မရှင်နာ Ms.Kristalina Georgiva အား ၎င်း၏ ရုံးခန်း၌ လည်းကောင်း၊ ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ဥရောပကော်မရှင်၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မရှင်နာ Mr. Andris Piebalgs အား ဥရောပကော်မရှင်တွင်လည်းကောင်း တွေ့ဆုံ၍ ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ အဆိုပါတွေ့ဆုံဆွေးနွေးမှုများ၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် မြန်မာနှင့်အီးယူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၏ အရေးပါမှု၊ အစိုးရအနေဖြင့် နိုင်ငံရေးအရ တည်ငြိမ်မှုရှိစေရန်နှင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ရည်မှန်းချက်များထားရှိကာ ဦးစားပေးဆောင်ရွက်နေမှု၊ နိုင်ငံသားအားလုံး နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်စေရန် ဆောင်ရွက်ပေးခဲ့မှု၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်နေမှု၊ ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်များနှင့်အညီ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ချမှတ်ကာ ဆောင်ရွက်နေမှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ လူသားချင်းစာနာမှုဆိုင်ရာကဏ္ဍ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အီးယူ-မြန်မာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၈ ရက်တွင် လူဇင်ဘတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး နံနက် ၁၁ နာရီတွင် လူဇင်ဘတ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Jean ASSELBORN နှင့်လည်းကောင်း၊ ညနေ ၃ နာရီ ၁၅ မိနစ်တွင် လူဇင်ဘတ်နိုင်ငံ၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာဝန်ကြီး Ms. Marie-Josee JACOBS နှင့်လည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီတွင် လူဇင်ဘတ်နိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. Laurent MOSAR နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ အဆိုပါ တွေ့ဆုံမှုများတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်နိုင်မှု၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အား ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိစေရန် ပြင်ဆင်ရေးဆွဲ၍ အတည်ပြုပြဋ္ဌာန်းခဲ့မှု၊ ပြည်သူများလူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများအား ဆွေးနွေးပြောကြားခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးကန့်သတ်မှုများ လုံးဝဖယ်ရှားပေးရန်နှင့် GSP အကျိုးခံစားခွင့် ပြန်လည်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရနှင့် မြန်မာ့လွှတ်တော်၏ လုပ်ငန်းဆောင်ရွက်မှုများ သက်ဝင်လှုပ်ရှားနေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖွဲ့စည်းပုံနှင့် ဆောင်ရွက်ချက်များ၊ ဘဏ်လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ နိုင်ငံခြားကုန်သွယ်မှုနှင့် ဥရောပရေးရာဝန်ကြီး H.E.Mr. Didier Reynders တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

▲ *ကျောဖုံးမှ*

နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းသည် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် လွှတ်တော်၏ အခန်းကဏ္ဍကြောင့်ဟု ယူဆပါကြောင်း၊ မိမိတို့လွှတ်တော်ကို ပါတီပေါင်း (၁၇)ခုနှင့် တိုင်းရင်းသား လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော်လည်း ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့်အယူ ဘာသာအစွဲမထားရှိဘဲ ပြည်သူများ အကျိုးစီးပွားအတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်နေကြပါကြောင်း၊ လွှတ်တော်အနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီ ပိုမိုထွန်းကားရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် လွှတ်တော်၌ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ခဲ့သော်လည်း စီးပွားရေး ပြုပြင်ပြောင်းလဲမှုများတွင် ဆက်လက် ဆောင်ရွက်ရဦးမည်ဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ နည်းပညာဖလှယ်ခြင်းကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် အိန္ဒိယနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံသည် နယ်စပ်နယ်နိမိတ်ချင်းထိစပ်နေပြီး သမိုင်းတစ်လျှောက် ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြပါကြောင်း ၊ ရိုးရာယဉ်ကျေးမှုနှင့် ဘာသာရေးအရလည်း များစွာ နီးစပ်တူညီကြပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုပေါင်းများစွာ စုပေါင်းနေထိုင်သကဲ့သို့ အိန္ဒိယနိုင်ငံတွင်လည်း တိုင်းရင်းမျိုးနွယ်စုများစွာ ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်ကြပါကြောင်း၊ မြန်မာဘုရင် သီပေါမင်းသည် အိန္ဒိယနိုင်ငံတွင် နတ်ရွာစံပြီး အိန္ဒိယနိုင်ငံ၏ နောက်ဆုံးဘုရင်သည်လည်း မြန်မာနိုင်ငံတွင် နတ်ရွာစံခဲ့သဖြင့် သမိုင်းကြောင်းအရလည်း အထူးပင်နီးစပ်ပတ်သက်မှုရှိပါကြောင်း၊ အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံအကြား ဆက်ဆံရေးသည် အစဉ်အဆက် ကောင်းမွန်ပြီး လက်ရှိနောက်ဆုံးနှစ်နှစ်တာ ကာလတွင် အထူး ကောင်းမွန်ခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံတော်သမ္မတကြီး၊ အဆွေတော်ဥက္ကဋ္ဌနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ လာရောက် လည်ပတ်ခဲ့ပြီး အပြန်အလှန်အားဖြင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် ယခုမိမိနှင့်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခွင့် ရရှိခြင်းသည်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် အထူးကောင်းမွန်ပြီး ပိုမိုခိုင်မာသော ချစ်ကြည်ရင်းနှီးမှုများ တစ်စထက်တစ်စပိုမိုတိုးမြှင့်တည်ဆောက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအား ပါလီမန်ဆိုင်ရာ သင်တန်းများ ပို့ချပေးနိုင်ရန်အတွက် ကျွမ်းကျင်သူ ကိုယ်စားလှယ်အဖွဲ့အား စေလွှတ်ပေးနိုင်ရေးစီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်မှ သီးခြားသင်ကြားလိုသည့်ဘာသာရပ်များ ရှိပါက ပြောကြားပေးစေလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတွင် အိန္ဒိယနိုင်ငံမှ အကူအညီများ ဆက်လက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ တည်ဆဲဥပဒေများအား အခြားနိုင်ငံများ၏ ဥပဒေများကို လေ့လာပြီး မိမိတို့နိုင်ငံအတွက် အသင့်လျော်ဆုံးဖြစ်မည့် အချက်များအား ထုတ်နုတ်ရေးဆွဲခဲ့သော်လည်း အချိန်ကာလပြောင်းလဲလာသည်နှင့်အမျှ အကြိမ်ကြိမ် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရပါကြောင်း၊ မြန်မာပြည်သူလူထု၏ အမူအကျင့်၊ နေထိုင်ပုံနှင့် အရည်အချင်းများအား လေ့လာခြင်းဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်မှာ ကောင်းမွန်သည့် အလားအလာများရှိနေသည်ဟု ကောက်ချက်ချလိုပါကြောင်း၊ မြန်မာ-ထိုင်း-အိန္ဒိယ ပူးပေါင်း၍ ကားလမ်းဖောက်လုပ်ပြီး မြန်မာနိုင်ငံမှတစ်ဆင့် အာဆီယံနိုင်ငံများသို့ ဆက်သွယ်မှုများ ပြုလုပ်သွားနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ ဗဟိုနှင့်ပြည်နယ်များအကြား အာဏာခွဲဝေမှု၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုများနှင့် ပတ်သက်၍ လေ့လာလိုသည်များ ရှိပါက အကူအညီပေးရန် အသင့်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များသည် သိရှိလိုသည်များကို ရင်းနှီးခင်မင်စွာ မေးမြန်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့န...
အားကစားအောင်နိုင်ရေး အလှူငွေများ...

နေပြည်တော် ဖေဖော်ဝါရီ ၁၄

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းနှင့် အဖွဲ့ချုပ်အသီးသီး၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် အားကစား မောင်/မယ်များအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့နာယကများမှ အားကစားအောင်နိုင်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၏ဇနီး မြန်မာနိုင်ငံ

အမျိုးသမီးအားကစားအဖွဲ့တာဝန်ခံနာယက ဒေါ်ကျင်ခိုင်က လှူဒါန်းငွေ ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူငွေများအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ အားကစားနည်းများအလိုက် တာဝန်ခံနာယကများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ငွေကျပ်သုံးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၏ဇနီး ဒေါ်ကျင်ခိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၏ဇနီး ဒေါက်တာဒေါ်ဝေဝေသာ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်

(၂၇) ကြိမ်မြောက် အ...
ရုပ်မြင်သံကြားဝန်ဆော...

အရှေ့တောင်အာရှအားကစားပြိုင်...
ခြင်းအတွက်လည်းကောင်း၊ IBC (Inter...
ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ အ...
ရွက်ရန်အတွက်လည်းကောင်း၊ ရုပ်မြင်သံ...
ပြည်ပမှကုမ္ပဏီများအနေဖြင့် အဆိုပြုလွှ...
(တပ်ကုန်း) သို့ (၂၈-၂-၂၀၁၃)ရက်နေ့ ...
ဆက်သွယ်ရှင်းပြရမည့်နေ့ရက်ကို ထပ်...
အပ်ပါသည်။

...နိုင်ငံ ဒုတိယ
...r Reynders
(သတင်းစဉ်)

...့လွှတ်တော်၏
...များ သက်ဝင်
...င်းဒေသကြီးနှင့်
...ည်းပုံနှင့် ဆောင်
...က်လုပ်ငန်းနှင့်
...းနှင့် စပ်လျဉ်း
...လင်းပြောကြား
ရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးဆိုင်ရာ ရက်တိုမွမ်းမံသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအား ပြုပြင်ပြောင်းလဲမှု (Reform Strategy) များ ဆောင်ရွက်လျက်ရှိရာ ဘဏ္ဍာရေးဆိုင်ရာ အရာရှိများအား စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည် တိုးမြှင့်လာစေရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအောက်ရှိ စီးပွားရေး အဖွဲ့အစည်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ မိမိတို့ ဘဏ္ဍာရန်ပုံငွေဖြင့်သာ ရပ်တည်သွားရမည်ဖြစ်သည့်အတွက် ဘဏ္ဍာရေးစည်းမျဉ်းများ၊ နိုင်ငံတကာအဆင့်မီသည့် စာရင်းကိုင်စံများကို ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ သိရှိနိုင်ရန် ယခုကဲ့သို့ မွမ်းမံသင်တန်း ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း၊ ဝန်ကြီးဌာနရှိ စီးပွားရေးအဖွဲ့ အစည်းများသည် နိုင်ငံများ၏ လက်ရုံးများဖြစ်ကြောင်း၊ စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာမှ စံများကို ရယူအသုံးချခြင်းဖြင့် ပိုမိုအခွင့်အရေးသာမှု ရှိနိုင်၍ အပြည်ပြည်ဆိုင်ရာ စီးပွားရေး အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာ၏ စာရင်းကိုင်စံများအား အလေးထားကြိုးစား လေ့လာသင်ကြားသွားကြရန် ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဘဏ္ဍာနှင့် စာရင်းဌာနများမှ အရာထမ်း၊ အမှုထမ်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ ရက်တိုမွမ်းမံသင်တန်း ဖွင့်ပွဲတွင် ပြောကြားသည်။

တက်ရောက်

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ နိုင်ငံတော်၏ စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေး စနစ်အဖြစ် ပြောင်းလဲကျင့်သုံး ထူထောင် ဆောင်ရွက်ရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရန်အတွက် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ (Reform Strategy) ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သော နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လက်ရှိကျင့်သုံး ဆောင်ရွက်နေသည့် Organization System, Management System, Financial Control System တို့ကို နိုင်ငံတကာစီးပွားရေး အဖွဲ့အစည်းများတွင် လိုက်နာကျင့်သုံးလျက်ရှိသော စနစ်များအတိုင်း နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ စတင်၍ ပြောင်းလဲကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ရာ Financial Control System ပြုပြင်ပြောင်းလဲကျင့်သုံးရာ၌ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ရာ သင်တန်းမှာ ၂ ရက်ဖြစ်ပြီး သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ကိုယ်ကျင့်တရား ကောင်းမွန်သော ဝန်ထမ်းများဖြစ်စေရန် ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၁၂ ခုနှစ် ဆေးရုံလုပ်ငန်း ဆောင်ရွက်နိုင်မှု ဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၌ ခေတ်စနစ်အရ ပြုပြင်ပြောင်းလဲမှုများကို သိသာထင်ရှားစွာ တွေ့မြင်နေရကြောင်း၊ ပထမဦးစွာ နိုင်ငံရေး ပြောင်းလဲမှု၊ စီးပွားရေးပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပြီး ယခုအခါ လူမှုရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဌာနဆိုင်ရာ အနေဖြင့် နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်နေသည့် ခေါင်းဆောင်များဖြစ်သည့်အတွက်ခေါင်းဆောင် အင်္ဂါရပ်နှင့် ပြည့်စုံအောင် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်၏ ပြောင်းလဲနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှုများကို သိသာထင်ရှားအောင် မြင်တတ်ကြစေရန် အဆင့်ဆင့်ပြောကြားကြစေလိုကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်သော ဝန်ထမ်းများဖြစ်စေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ဆေးရုံ၊ ဌာနများအနေဖြင့် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ကြစေလိုကြောင်း၊ ဆေးရုံအုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူးများအနေဖြင့် တိုင်းပြည်အတွက် အနစ်နာခံ၍ ပြည်သူအကျိုးကို မြင့်မြင့်မားမား ထိထိရောက်ရောက် ဦးဆောင်ဦးရွက်ပြုမှုများကို အသိအမှတ်ပြုပါကြောင်း၊ အချင်းချင်း အပြန်အလှန် ယုံကြည်လေးစား ကူညီရိုင်းပင်း ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် အကြံဉာဏ်ကောင်းများကို ပေးကြရန်ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွှန့်တို့က ဆေးရုံကြီးများ၌ တွေ့ကြုံရသည့် လုပ်ငန်းအခက်အခဲများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပံ့ပိုးကူညီဖြည့်ဆည်းပေးမှုများကို ရှင်းလင်းပြောကြားကြပြီး ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၏ ဆွေးနွေးတင်ပြချက်များကို အကြံပြု ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၂ ခုနှစ် ဆေးရုံလုပ်ငန်း ဆောင်ရွက်နိုင်မှု ဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ကျန်းမာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

...ကစားအဖွဲ့နာယကများမှ ...အလှူငွေများလှူဒါန်း

...းအဖွဲ့တာဝန်ခံ
...်က လှူဒါန်းငွေ
...လင်းပြောကြား

...ှူငွေများအဖြစ်
...မီးအားကစား
...ည်းများအလိုက်
...း ဖြစ်ကြသည့်
...း ဒေါက်တာ
...င်က ငွေကျပ်
...ထောင်စုဝန်ကြီး
ဒေါ်ကျင်ခိုင်၊
ဦးအောင်မင်း
...ဒေါ်ဝေဝေသာ၊
ဦးအောင်

ကြည်၏ဇနီး ဒေါ်သက်သက်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၏ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၏ဇနီး ဒေါ်ဝေဝေတို့က ငွေကျပ် ၁၀ သိန်းစီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ခင်မေစိုး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီးဒေါ်မူမူဆွေနှင့်ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီး ဒေါ်အေးအေးချစ်တို့က ငွေကျပ် ရှစ်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၏ ဇနီးဒေါ်စိုးဝတ်ရည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်အောင်၏ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၏ဇနီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဆွေမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၏ဇနီး ဒေါ်နန္ဒာမွန်းတို့က ငွေကျပ် ၁၀ သိန်းစီ၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၏ဇနီး ဒေါ်ချောက ငွေကျပ် ရှစ်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ခင်ရဲမွန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး၏ဇနီး ဒေါ်အိအိခင်ဧ၊ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်နန်းဖြူဖြူအေးနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ဝင်းဝင်းမေတို့က ငွေကျပ် ၁၀ သိန်းစီနှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၏ ဇနီး ဒေါ်နုနုဆွေက ငွေကျပ်သုံးသိန်း တို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အခမ်းအနားတွင် စုစုပေါင်း အလှူငွေကျပ် ၁၅၂ သိန်း ပေးအပ်လှူဒါန်းကြပြီး ဧည့်သည်တော်များသည် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ ဓာတ်မြေသြဇာစက်ရုံထူထောင်ရန်လာရောက် လေ့လာခြင်းကိုကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဒိန်းမတ်နိုင်ငံ Haldor Topsoe Ltd. ဒုတိယဥက္ကဋ္ဌ Mr. Ulrik Federspielနှင့် ထိုင်းနိုင်ငံအခြေစိုက် ဒိန်းမတ်နိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး Mr. Bo B. Rasmussen တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် မွန်းတည့်၁၂ နာရီတွင် အဆိုပါ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းလွယ်ကူချောမွေ့ရန်နှင့် ပို့ကုန်မြှင့်တင်ရေးအတွက်ဖြေလျှော့မှုများဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာ-ဒိန်းမတ် နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရန် အတွက် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံသည်လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ရာ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးလိုအပ်ပါကြောင်း၊အဆွေတော်တို့အနေဖြင့် မြန်မာနိုင်ငံတွင် ဓာတ်မြေသြဇာ စက်ရုံထူထောင်လိုခြင်းအတွက် လာရောက်လေ့လာခြင်းဖြစ်၍ ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှု တိုးမြှင့်ရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြောကြားရာ ဒိန်းမတ်နိုင်ငံ Haldor Topsoe Ltd. ဒုတိယဥက္ကဋ္ဌ Mr. Ulrik Federspiel နှင့် ထိုင်းနိုင်ငံအခြေစိုက် ဒိန်းမတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr.Bo B. Rasmussen တို့ကလည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို ဒိန်းမတ်နိုင်ငံအနေဖြင့်အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများကို လာရောက်လေ့လာခြင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံတွင် ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရန်အတွက် လေ့လာခြင်းဖြစ်ပါကြောင်း၊ ဒိန်းမတ်နိုင်ငံရှိ Topsoe Ltd.အနေဖြင့် ကမ္ဘာ့ဓာတ်မြေသြဇာစက်ရုံများ၏ ၆၀ ရာခိုင်နှုန်းကို ဆောင်ရွက်နေပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

○ *ကျောဖုံးမှ*

အဆိုပါ အထွက်နှုန်းကောင်း အစေ့ထုတ်ပြောင်း မျိုးစေ့များတောင်သူများလက်ဝယ်သို့ အခမဲ့ဖြန့်ဖြူးပေးနိုင်ခဲ့သလို စိုက်ပျိုးရေးဝန်ထမ်းများကလည်း နည်းပညာပိုင်းလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းစစ်ဆေးကြပ်မတ်ကူညီပေးလျက်ရှိသည်။

အဆိုပါ အစေ့ထုတ်ပြောင်း စိုက်ပျိုးနည်းစနစ်မှာ မြောင်းအကွာအဝေး ၂ ပေခွဲ၊ တစ်ပင်နှင့်တစ်ပင် အကွာအဝေး ၉ လက်မခြား စိုက်ပျိုးသည်။ ၎င်းစနစ်ဖြင့် စိုက်လျှင် တစ်ဧက အပင်ပေါင်း ၂၃၀၀ ဝင်ဆံ့မည်ဖြစ်သည်။ ၎င်းမျိုးသည် တစ်ပင်လျှင် နှစ်ဖူးအောင်မျိုးဖြစ်ခြင်းကြောင့် တစ်ဧကလျှင် အဖူး ၃၀၀၀၀ ထွက်ရှိမည်ဖြစ်သည်။ ၎င်းအဖူး ၃၀၀၀၀ကို အစေ့ခြွေမည်ဆိုပါက တစ်ဧက တင်း ၁၀၀မှ ၁၂၀ ကျော်အထိ ထွက်ရှိနိုင်သည်။ လက်ရှိပေါက်ဈေး တစ်တင်းလျှင် ငွေကျပ် ၆၅၀၀ အထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။ အဓိကအားဖြင့် ကြက်စာအဖြစ် ဝယ်ယူကြလေ့ရှိသည်။ မူဆယ်မှတစ်ဆင့် တရုတ်သို့ အဓိက တင်ပို့နေသော ပို့ကုန်လည်း ဖြစ်သည်။ ၎င်းအစေ့ထုတ်ပြောင်း စိုက်ပျိုးသက်တမ်းမှာ လေးလကြာမြင့်သည်။ ဖူးစားပြောင်းမှာ နှစ်လခွဲခန့်သာ ကြာသည်။ အစေ့ထုတ်ပြောင်းမှာ တစ်ဧကတင်းရာကျော် ထွက်ခြင်းကြောင့် စိုက်ပျိုးသူ တောင်သူများ စီးပွားရေးတွက်ခြေကိုက်သော သီးနှံဖြစ်သည်။ တပ်ကုန်းမြို့နယ်အတွင်း ၂၀၁၂-၂၀၁၃ စိုက်ပျိုးရေးရာသီတွင် မိုးစိုက်ဧက ၂၄၃၃ ဧကရှိပြီး ဆောင်းစိုက်ဧက ၆၀၀ ရှိသည်။ ၎င်းစပ်မျိုးပြောင်းသည် တစ်ဧက ပျမ်းမျှတင်းရာကျော် ထွက်ရှိနိုင်ခြင်းကြောင့် လာမည့် မိုးရာသီမှစပြီး ဧကများများတိုးချဲ့ စိုက်ပျိုးသွားသင့်သော အစေ့ထုတ် ပြောင်းမျိုးဖြစ်ပါကြောင်း တောင်သူဦးကြီးတို့အား အသိပေးလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

မြောက်ဦးမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးကို ကြည့်ရှုစစ်ဆေးပြီး မြောက်ဦးမြို့နယ် ပြည်သူ့ဆေးရုံ၌ မြို့နယ်တိပိဋကစက္ကုပါလ အကျိုးဆောင် တိပိဋကဓရဓမ္မ ဘဏ္ဍာဂါရိက ဘဒ္ဒန္တက္ကန္ဒပါလနှင့် မျက်စိအထူးကု ခွဲစိတ်ပါရဂူ ဒေါက်တာဦးအေးထွန်းတို့ ခေါင်းဆောင်သောအဖွဲ့ဝင် ၁၄ ဦးတို့က မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မျက်စိဝေဒနာရှင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး မျက်စိဝေဒနာရှင်လူနာများ နားနေဆောင်နှင့် လူနာများအား ကျွေးမွေးမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုကာ မြောက်ဦးမြို့နယ် နာရေးကူညီမှု ဖောင်ဒေးရှင်းရုံး၌ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အလှူငွေများပေးအပ်သည်။

ဖြည့်ဆည်းပေး

ထို့နောက် မြောက်ဦးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ကာ မြောက်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ ကလေးမွေးဖွားမှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို တာဝန်ရှိသူတို့အား မေးမြန်း၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးမြို့နယ် သံစိုပင်ကျေးရွာအုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ အလှူရှင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဗိုလ်ကြီးမင်းသော်တာ(ငြိမ်း) နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးသိန်းတို့ ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၂၁)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ် ပြီးမှအိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

...ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲအတွက် ...သံကြားဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် ဖိတ်ခေါ်

...ောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပပုံကို တိုက်ရိုက်ထုတ်လွှင့်
...းကောင်း၊ IBC (International Broadcasting Centre) ဆိုင်ရာလုပ်ငန်းကိစ္စအဝဝ
...တွက်လည်းကောင်း၊ အားကစားနည်း (၇)မျိုးအတွက် တိုက်ရိုက်ထုတ်လွှင့်ပြသမှုဆောင်
...ည်းကောင်း၊ ရုပ်မြင်သံကြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလိုသည့် ပြည်တွင်း၊
...ားအနေဖြင့် အဆိုပြုလွှာများကို ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
...၂၈-၂-၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်းနှင့် လူကိုယ်တိုင်လာရောက်
...ရမည့်နေ့ရက်ကို ထပ်မံသတ်မှတ်ပြန်ကြားသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ပြည်တွင်းသတင်း

ကင်ဆာနဲ့ စားသောက်နေထိုင်မှု (အစာအိမ်နှင့် အူမကြီးကင်ဆာ)

ကိုရွှေသိမ်းအေး (ငါးသိုင်းချောင်း)

ကမ္ဘာကို ခြိမ်းခြောက်နေသော ကင်ဆာရောဂါသည် ၂၀၃၀ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းကျော် မြင့်လာမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပြည်ပြည်ဆိုင်ရာကင်ဆာ သုတေသနက ဆိုထားလေသည်။ ၂၀၁၁ ခုနှစ် စစ်တမ်းအရ ကင်ဆာရောဂါအဖြစ်ဆုံး ၁၀ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံသည် နံပါတ်နှစ်ချိတ်နေကြောင်း ဖော်ပြထားသည်။ ကင်ဆာရောဂါအမျိုးမျိုးရှိပေရာ အစာအိမ်နှင့် အူမကြီးကင်ဆာအကြောင်းကို ရွေးချယ်တင်ပြအပ်ပါသည်။

စားသုံးသူ ပြည်သူများသည် အလွယ်တကူဝယ်ယူစားသုံးနိုင်သည့် အသင့်အစားအစာများတွင် ဘေးထွက်ဆိုးကျိုးများ ပါဝင်သဖြင့် အစာအိမ်နှင့်အူမကြီးကင်ဆာ ဖြစ်ပွားစေတတ်ပါသည်။ တာရှည်ခံဆေးများနှင့် အရောင်အသွေးလှအောင် အရောင်ဆိုးဆေးများပါဝင်သည့် ငါးပိထုပ်များ၊ ငရုတ်မှုန့်၊ နို့မှုန့်၊ အချိုရည်၊ အာလူးကြော်များသည် အစာအိမ်နှင့် အူမကြီးကင်ဆာဖြစ်ပွားမှုကို တိုးပွားစေပါသည်။

အချိန်ကြာမြင့်စွာ အကျက်လွန်အောင်ချက်ထားသော အသားဟင်းများသည် အကျိုးပြုဓာတ်များ ပျက်စီးကာ အစာအိမ်နှင့်အူမကြီး ကင်ဆာဖြစ်ပွားစေသော ဆဲလ်များဖြစ်ပွားရန် တွန်းအားပေးလျက်ရှိကြောင်း အမေရိကန်သုတေသနပညာရှင်များက သတိပေးထားလေသည်။ ဆီကြော်မုန့်များ၊ အသားကြော်များ၊ အနီရောင်ရှိသော အသားများ၊ အသားကင်များကို နေ့စဉ်စားသုံးလျှင် အစာအိမ်နှင့် အူမကြီးကင်ဆာဖြစ်ပွားနိုင်မှု အလားအလာ ၆၃ ရာခိုင်နှုန်းရှိကြောင်း အမေရိကန်အစားအစာအာဟာရဂျာနယ်၌ ဖော်ပြထားသည်။

ထမင်းစားပြီးချိန် သို့မဟုတ် အစားအစာတစ်မျိုးမျိုးစားသုံးပြီးချိန်တွင် ရေခဲရေနှင့် အအေးတစ်မျိုးမျိုးသောက်သုံးလေ့ရှိသူများသည် အစာအိမ်နှင့် အူမကြီးကင်ဆာဖြစ်ပွားနိုင်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက သတိပေးထားသည်။ ရေခဲရေနှင့် အအေးများသောက်သုံးပါက အစာအိမ်အတွင်း အစိုင်အခဲသဖွယ်ပြောင်းလဲကာ အူနံရံနှင့် အစာအိမ်နံရံများမှာ အဆီအခဲများ စုပုံသွားကာ အစာချေဖျက်မှု ခက်ခဲစေသောကြောင့်ဖြစ်သည်။

တစ်ဖန် အဝလွန်မှုသည် အစာအိမ်နှင့် အူမကြီးကင်ဆာဖြစ်ပွားမှု ဆက်စပ်လျက်ရှိကြောင်း အမျိုးသား၊ အမျိုးသမီး ၃၀၀၀၀ ကို သုတေသနပြု၍ ကနေဒါဆေးသိပ္ပံပညာရှင်များက ဖော်ထုတ်ထားသည်။ အဝလွန်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောများပြားပြီး သွေးစီးဆင်းမှု စနစ်ပြောင်းလဲကာ အူလမ်းကြောင်းအတွင်း အကျိတ်အဖုဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း သိရသည်။ အဝလွန်မှုကို ဖြစ်ပေါ်စေသောဆဲလ်များကို ဓာတုဗေဒနည်းအရဓာတ်ခွဲစမ်းသပ်သည့်အခါ ဘေးထွက်ပစ္စည်းတစ်ခုက အူမကြီးကင်ဆာကို လျင်မြန်စွာ ဖြစ်ပွားစေကြောင်း အမေရိကန်သုတေသနပညာရှင် ပါမောက္ခအလန်ကလာကီက ပြောကြားသည်။ သို့သော် အဝလွန်မှုကို ကိုယ်အလေးချိန်လျှော့ချသည့်အခါ အစားအစာမစားဘဲ ဖြတ်တောက်ခြင်းသည် အစာအိမ်ကင်ဆာဖြစ်စေကြောင်း ပြင်သစ်ဆေးသိပ္ပံပညာရှင်များက အဝလွန်သူ ၁၀၀၀ ကို လေးနှစ်ကြာ သုတေသနပြုရာ (၄၀) ရာခိုင်နှုန်း တွေ့ရှိထားပေသည်။

ထို့ကြောင့် အစာအိမ်နှင့် အူမကြီးကင်ဆာဖြစ်ပွားရခြင်းမှာ စားသောက်နေထိုင်မှုနှင့် ဆက်နွှယ်လျက်ရှိကြောင်း အမေရိကန်သုတေသနပညာရှင်များက ဥရောပနိုင်ငံ ၁၀ နိုင်ငံမှ အသက် ၃၅ နှစ်နှင့် ၇၀ ကြား အမျိုးသား၊ အမျိုးသမီး ၅၀၀၀၀ ကို သုတေသနပြုဖော်ထုတ်ပေးခဲ့လေသည်။ အရောင်ရင့်သော ဟင်းသီးဟင်းရွက်များကို တစ်ပတ် လေးကြိမ်စားသင့်ကြောင်းနှင့် အခါအားလျော်စွာ သက်သတ်လွတ်စားသင့်ကြောင်း အကြံပြုထားသည်။ အသီးအရွက်များတွင် ပါဝင်သော ဖလာဗိုနိုက်(စ်)ဓာတ်က ထူးခြားစွာ အစာအိမ်နှင့် အူမကြီးကင်ဆာဖြစ်ပွားမှုကို သိသိသာသာလျော့နည်းစေကြောင်း ဖော်ထုတ်ထားသည်။

အထူးသဖြင့် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်း(ဘရိုကိုလီ)၊ ကိုက်လန်၊ ခရမ်းချဉ်သီးများ စားသုံးရန် အကြံပြုထားသည်။ ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားရာတွင် သင်္ဘောသီး၊ နာနတ်သီး၊ နေကြာစေ့များကို တစ်ပတ်သုံးကြိမ်စားသုံးရန် အကြံပြုထားသည်။ သင်္ဘောသီးမှည့်တွင် ဗီတာမင်စီ၊ ပိုတက်စီယမ်၊ အမျှင်ဓာတ်၊ ဗီတာမင်အေတို့ ပါဝင်သဖြင့် ခန္ဓာကိုယ် အဆိပ်အတောက်များကို ဖယ်ရှားပေးပြီး အစာအိမ်နှင့် အူမကြီးကင်ဆာကို ကာကွယ်နိုင်ပါသည်။ နေကြာစေ့တွင် ဗီတာမင်အီး၊ ဘီဝမ်း၊ မင်ဂနီး(စ်)၊ ကော့ပါး၊ ဖော့စ်ပရပ်စ်၊ ဗီတာမင်ဘီ ၅ နှင့် အမျှင်ဓာတ်များ ပါဝင်မှုကြောင့် အစာအိမ်နှင့် အူမကြီးကင်ဆာဖြစ်ပွားမှု လျော့နည်းစေပါသည်။ နာနတ်သီးမှာ အစာကြေချက်စေပြီး ဝမ်းမှန်စေပါသည်။

တစ်ဖန် အမေရိကန်ပညာရှင်များက ချင်းကို တစ်ပတ်နှစ်ကြိမ်၊ ပြောင်းဖူးနှင့် ကန်စွန်းဥကို ပုံမှန်စားပေးသင့်ကြောင်း အကြံပြုထားသည်။ ကန်စွန်းဥ၏ ခရမ်းရောင်အသားက အူမကြီးကင်ဆာကို ဟန့်တားနိုင်သည့်အပြင် အိုမင်းရင့်ရော်မှုကို နှေးကွေးစေသည်။ သံပရာရည်၊ ရှောက်ရည်၊ လိမ္မော်ရည်များကိုလည်း ပုံမှန်သောက်သုံးရန် အကြံပြုထားသည်။ အထူးသဖြင့် လိမ္မော်ရည်သည် အူမကြီးကင်ဆာဆဲလ်များ ရှင်သန်မှုကို ထိန်းချုပ်နိုင်ကြောင်း သုတေသနပြုတွေ့ရှိထားသည်။

အစာစားပြီးတိုင်း ရေနွေးကြမ်း ပူပူသောက်သုံးခြင်းဖြင့် အစာအိမ်အတွင်း လျင်မြန်စွာ အစာချေဖျက်နိုင်ပြီး အူနံရံနှင့် အစာအိမ်နံရံများက လွယ်ကူစွာ အစာများကို စုပ်ယူနိုင်ကြောင်း ကနေဒါဆေးသိပ္ပံပညာရှင်များက ပြောကြားလိုက်သည်။ ဆေးအဖြစ် အက်စပရင်ကို တစ်ပတ်လျှင် တစ်လုံးသောက်သင့်ကြောင်း၊ လူ ၇၅၀၀ သုတေသနပြုရာတွင် ကင်ဆာဖြစ်ပွားသောဆဲလ်များကို သုတ်သင်နိုင်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင် ရိုဂယ်လန်ဂွန်က အကြံပြုထားသည်။

အမေရိကန်သုတေသနပညာရှင်များနှင့် ဥရောပနိုင်ငံမှ ပညာရှင်များက ပြည်သူ ၄၁၃၀၀၀ အား ကိုယ်လက်လှုပ်ရှားမှုဆိုင်ရာ အချက်အလက်များကို ဆန်းစစ်ကြည့်ရာ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပေးခြင်း၊ နံနက်စောစော မိနစ် ၃၀ ခန့် ခပ်သွက်သွက်လမ်းလျှောက်ပေးခြင်းဖြင့် အစာအိမ်နှင့် အူလမ်းကြောင်းအတွင်း မလိုလားအပ်သော အဆိပ်ဓာတ်များ ဖယ်ရှားပေးနိုင်ကြောင်း၊ အစာအိမ်နှင့် အူမကြီးကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ချစေကြောင်း တွေ့ရှိအကြံပြုပေးထားသည်။ ထို့ကြောင့် ဥစ္စာနေကြွယ်ဝမှုအပေါ် စည်းစိမ်ယူတတ်ခြင်းမပြုဘဲ ကိုယ်လက်လှုပ်ရှားမှု နေ့စဉ်ပြုကြရန် တိုက်တွန်းထားပါသည်။

ကင်ဆာရောဂါများသည် အချိန်လွန်မှသာ သိရှိတတ်ခြင်းကြောင့် ကြိုတင်ကာကွယ်မှုပြုရန် အရေးကြီးလှပေသည်။ သို့ဖြစ်၍ အစားအသောက်နှင့် ဘဝနေထိုင်မှုအလေ့အထကောင်းများ လေ့ကျင့်ပျိုးထောင်ကြပါစို့ဟု တိုက်တွန်းရင်းရှောင်ရန်၊ ဆောင်ရန်အချက်များကို ရေးသားတင်ပြလိုက်ရပါသည်။

ဗုဒ္ဓပူဇနီယပွဲ ဆွမ်းဆန်စိမ်းလောင်းလှူ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

သင်္ဃန်းကျွန်းမြို့နယ် ဆုတောင်းပြည့်ရန်မျိုးအောင် စေတီတော်မြတ်ကြီး (၅၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၄ နာရီက စေတီတော်အရှေ့ဘက်မုခ်မှ စတင်ကျင်းပရာ ဘုရားအမှုးပြု၍ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်(၇၂)ပါးအား စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ဗရာ)နှင့်ဂေါပကအဖွဲ့ဝင်များက သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြပြီး ရပ်ကွက်ကြီး ငါးရပ်ကွက်ဖြစ်သော လေးဒေါင့်ကန်၊ ကြီးပွားရေး၊ သွပ်ဝိုင်းကြီး၊ စံပြ/စီမံကိန်းနှင့် ငမိုးရိပ်ရပ်ကွက်များမှ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ငမိုးရိပ်စံပြဈေးသူဈေးသား မိသားစုအလှူရှင်များက စေတီတော်မုခ်လေးမုခ်ရင်ပြင်တစ်လျှောက်၌ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် သဒ္ဓါတရားထက်သန်စွာ လောင်းလှူခဲ့ကြသည်။ (အပေါ်ပုံ) (တင်ကြည်)

ပဲခူးတိုင်းဒေသကြီးတရားသူကြီးများ၊ တရားရေးအရာရှိများ ကျမ်းသစ္စာဆိုသည့် အခမ်းအနားကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ ကျမ်းသစ္စာဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီ၌ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက အမှာစကားပြောကြားသည်။ ထို့နောက် တရားသူကြီးများနှင့် တရားရေးအရာရှိများသည် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ရှေ့မှောက်တွင်ကျမ်းသစ္စာဆိုကြသည်။ (အပေါ်ပုံ) အဆိုပါအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားဦးစီးမှူးနှင့် ကျမ်းသစ္စာဆိုမည့် တရားသူကြီး ၈၁ ဦး၊ တရားရေးအရာရှိ ၁၁ ဦးတို့ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံနှင့် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပကြောင်း သိရသည်။ (သန့်စင်)

ရွှေကူမြို့၌ ရှေးဦးသူနာပြုအခြေခံသင်တန်းဖွင့်

ရွှေကူ ဖေဖော်ဝါရီ ၁၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ မြို့နယ်အဆင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းကို ဇန်နဝါရီ ၂၇ ရက်က ဖွင့်လှစ်သင်ကြားပေးသည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် ၃၇ ဦးတက်ရောက်ပြီး ကျန်းမာရေးမှူး ဦးထွန်းသန်း(သင်တန်းနည်းပြ)က သင်တန်းများပို့ချ၍ (ဝဲပုံ) ထူးချွန်ဆုရသူများအား ဒေါက်တာအောင်မိုးစံ(သွားခံတွင်းဆရာဝန်)နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာခြည်ဖြိုးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ (၀၇၃)

နေပြည်တော်၌ Iron Cross ဖျော်ဖြေမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိစေတီတော် ဘုရားပွဲတော်ကျင်းပရာကွင်း၌ Paing Aung Business Group ၏ စီစဉ်မှုဖြင့် Iron Cross နှင့်အတူ လေးဖြူ၊ အငဲ၊ မျိုးကြီးနှင့် ဝိုင်ဝိုင်းတို့က ဖေဖော်ဝါရီ ၁၇ ရက်(တနင်္ဂနွေနေ့) ည ၈ နာရီတွင် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ဝယ်ယူနိုင်

ကြိုတင်လက်မှတ်အရောင်းဌာနများဖြစ်သော Unison Teashop၊ IT Teashop၊ Famous၊ မဟာရန်ကုန်ကဖီး၊ Tony Tun Tun (Nay Pyi Taw Junction Center)၊ မောခမ်းနွံ(သပြေကုန်းဈေး)၊ စိန်သရဖူကဖီး(မြို့မဈေး)နှင့် ဥပ္ပါတသန္တိစေတီတော် (ပွဲတော်ကျင်းပရာကွင်း)တို့၌ SEAT-၁၅၀၀၀ကျပ်၊ Standing-၇၀၀၀ ကျပ်နှုန်းဖြင့် ကြိုတင်လက်မှတ်ဝယ်ယူနိုင်ကြောင်း သိရသည်။

မောင်မောင်သန်း(ကော့မှူး)

သွေး သည်အသက်

ဇိနမာန်အောင်ကြေးဘုရားကြီးပွဲတော်၏ ထူးခြားသည့်ဘဲဥထုပွဲ

ထွေးမြင့်နိုင်

စစ်ကိုင်းမြို့တွင် ကြေးဘုရားကြီးနှစ်ဆူရှိရာ တစ်ဆူမှာ စစ်ကိုင်းတောင်တန်း နံကိုင်းတောင်ရှင်ပင်နံကိုင်းစေတီတော် ရင်ပြင်ပေါ်ရှိ အနန္တဇိနရန်အောင်မြင် ကြေးသွန်းဘုရားကြီးဖြစ်၍ တစ်ဆူမှာ စစ်ကိုင်းမြို့ အနောက်ပိုင်း မြေဝတီရပ်ရှိ ဇိနမာန်အောင် လောကချမ်းသာကြေးဘုရားကြီး ဖြစ်သည်။

ဇိနမာန်အောင် လောကချမ်းသာ ကြေးဘုရားကြီးကို မင်းကျောင်းဆရာတော်ကြီး ဦးသီရိက ၁၂၆၆ ခုနှစ်တွင် သွန်းလုပ်တည်ထားခဲ့သည်။ အဆိုပါ ကြေးဘုရားကြီးကို ကြေးချိန်ပိဿာ ၇၀၀၊ ငွေချိန် သုံးပိဿာနှင့် ရွှေချိန် ၃၀ ကျပ်သားဖြင့် သွန်းလုပ်ထားသည်။

ကြေးသွန်း ဘုရားကြီးသည် လွန်စွာမှ သပ္ပာယ်လှပြီး မျက်နှာတော်မှာ ရှေ့တည့်တည့်မှ ဖူးလျှင် တစ်မျိုး၊ လက်ဝဲဒူးစွန်းနေရာမှ ဖူးလျှင် တစ်မျိုး၊ လက်ယာဒူးစွန်းနေရာမှဖူးလျှင်တစ်မျိုး ဖူးတွေ့ကြရသဖြင့် သုံးပန်လှဘုရားကြီးဟူ၍လည်း ခေါ်တွင်ကြသည်။

ကြေးဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလဆန်း ၁၄ ရက်နေ့မှ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့အထိ ကျင်းပလေ့ရှိသည်။ ဘုရားပွဲတော်တွင် ဇာတ်ပွဲ၊ ခြင်းပွဲ၊ ချောတိုင်တက်ပွဲနှင့် ဘဲဥထုပွဲများ ပါဝင်ရာ အထူးခြားဆုံးမှာ ဘဲဥထုပွဲဖြစ်သည်။ ဘဲဥထုပွဲကို ရှေးကတည်းက ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် တစ်ခုတည်းသောပွဲဟုဆိုသည်။ တပို့တွဲလဆန်း ၁၄ ရက်နေ့ညနှင့် တပို့တွဲလပြည့်နေ့ ညနှစ်ညတိုင်တိုင် ကြေးဘုရားကြီးအနီးရှိ ပဲနင်းဘုရားရင်ပြင်တွင် ဘဲဥထုပွဲ ကျင်းပခြင်းဖြစ်သည်။

ထိုသို့ ညနေစောင်းသည်နှင့် ဘုရားအနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဘဲဥသည် ၂၀ ကျော်လာရောက်ရောင်းချကြသည့် ဘဲဥများကိုပြုတ်၍ ထန်းခေါက်တောင်းများနှင့်ထည့်ကာ လာရောက်ရောင်းချကြခြင်းဖြစ်သည်။ ဘဲဥသည်သည် တစ်ညလျှင် အလုံး ၅၀၀ ကျော် ၁၀၀၀ နီးပါး ရောင်းရသည်။ ဘဲဥထုပွဲတွင် ရောင်းချမည့် ဘဲဥများကို ဘဲဥဒိုင်များ၊ ဘဲခြံများက ရောင်းချကြခြင်းဖြစ်သည်။

ဘဲဥသည်သည် ထန်းခေါက်တောင်းပေါ်တွင် ဆန်ကော တစ်ချပ် တင်ထားပြီး ထိုဆန်ကောပေါ်တွင် ရေနံဆီမီးခွက် သို့မဟုတ် ဖယောင်းတိုင်မီး ထွန်းထားသည်။ ဘဲဥထုမည့်သူ ရှုံးနိမ့်သော ဘဲဥအလုံးရေမှတ်ရန် နို့ဆီခွက်နှစ်ခွက်လည်း ထားရှိသည်။ နို့ဆီခွက်ထဲသို့ အိုးခြမ်းပဲ့ကလေးများ၊ မန်ကျည်းစေ့ကလေးများထည့်၍ အလုံးရေ မှတ်သားထားသည်။

ထုမည့်သူ နှစ်ယောက်အတွက် ဒိုင်အဖြစ်ဆောင်ရွက်သူ ဘဲဥသည်က ထန်းခေါက်တောင်းထဲမှ ဘဲဥနှစ်လုံးကို ဆန်ကောပေါ်တွင် ချပေးလိုက်သည်။ ထုမည့်သူနှစ်ယောက်က တစ်ယောက်တစ်လုံးစီ ကောက်ယူပြီးဘဲဥတွင် အနာအဆာရှိ မရှိ၊ အက်ကြောင်းပါ မပါကို မှိုင်းခံကြည့်သည်။ လက်ဖြင့်ပွတ်သပ်ကြည့်သည်။ သွားဖြင့်ဆတ်ကြည့်သည်။ စိတ်ကြိုက်မဖြစ်သေးလျှင် နောက်တစ်လုံးနှင့်လဲလှယ်နိုင်သည်။ အသေအချာစစ်ဆေးကြည့်ရှုပြီး စိတ်တိုင်းကျပြီဆိုလျှင် ဘဲဥအရင် ကောက်ယူသည့်တစ်ယောက်က အပေါ်ကထုသည်။ အောက်ကခံသူသည် ဘဲဥကိုလက်နှင့်ဆုပ်ကိုင်ပြီး အပေါ်ပိုင်း (အထုခံမည့်အပိုင်း) ပေါ်သည်ဆိုရုံမျှ ဖော်ထားသည်။ အပေါ်ကထုသည့်သူက တော်ရုံသင့်ရုံအားနှင့် ထုချလိုက်သည့်အခါ အပေါ်အလုံးကွဲသည်လည်းရှိသည်။ အောက်အလုံးကွဲသည်လည်းရှိသည်။ ကွဲအက်ပိန်ရှုံ့ကြေမွသွားသော ဘဲဥကိုပိုင်ဆိုင်သူက အရှုံးဖြစ်သည်။ ထိုအခါ ဒိုင်လုပ်သူက ရှုံးသူဘက်တွင် ထားရှိသော နို့ဆီခွက်ထဲသို့ မန်ကျည်းစေ့တစ်စေ့ ထည့်လိုက်သည်။ နိုင်သူက ရှုံးသူ၏ ကွဲအက်သွားသော ဘဲဥကိုရသည်။ ဒိုင်လုပ်သူက နိုင်သူ၏ဘဲဥ အကောင်းကိုယူသည်။

နောက်တစ်ပွဲတွင် ဒိုင်ချပေးသော ဘဲဥနှစ်လုံးကို ပထမပွဲနောက်ကျမှကောက်ယူသူက ယခုအရင်ကောက်သည်။ ကောက်သည့်သူက အောက်ကနေရ၍ အထုခံရသည်။ ဤသို့ဖြင့် တစ်လှည့်စီအရင်ကောက်ယူပြီး တစ်လှည့်စီထုသည်။ ထုရာ၌ ဘဲဥ၏အထက်နှင့်အောက်၊ အောက်နှင့်အထက်၊ အထက်အထက်ချင်း၊ အောက်အောက်ချင်း အဆင်ပြေသလိုထုကြသည်။ တစ်ပွဲပြီးတိုင်း နိုင်သူကဘဲဥအကွဲတစ်လုံးရသည်။ ရှုံးသူကလည်း မန်ကျည်းစေ့တစ်စေ့ထည့်၍ အလုံးရေသတ်မှတ်ခံရသည်။ နှစ်လုံးစလုံးကွဲအက်သွားလျှင် အပေါ်မှထုသူက အရှုံးဖြစ်သည်။ မည်သူနိုင်မည်ကိုလည်း လောင်းကြသူများရှိသည်။ ဆက်လက်၍မထုတော့ဘဲ တော်ပြီဆိုလျှင် တစ်ဖက်ဆီမှ နို့ဆီခွက်များထဲရှိ မန်ကျည်းစေ့ အရေအတွက်အလိုက် ဘဲဥတစ်လုံး ငွေကျပ် ၁၅၀ နှုန်းဖြင့် ဘဲဥသည်အား စုရှင်းပေးရသည်။ နိုင်သူကလည်း ဘဲဥအကွဲအများအပြားရသည်။ အချို့က လွယ်အိတ်နှင့် လာရောက်ကြရာ လွယ်အိတ်နှင့်အပြည့်ရကြသည်။ ဒိုင်ကိုပြန်ရောင်းသူက ရောင်းသည်။ ပွဲခင်းထဲရှိ မုန့်ဟင်းခါးသည်ထံ သွားပြီး မုန့်ဟင်းခါးထဲ ဘဲဥများထည့်စားကြသည်။ အိမ်သို့ယူသွားကြပြီး ဟင်းချက်စားသူက ချက်စားကြသည်။ ဘဲဥထုသူများမှာ ကလေး၊ လူကြီးအရွယ်စုံဖြစ်သည်။ ဘဲဥသည်များထံမှ ဘဲဥများမကုန်မချင်း ဇာတ်ပွဲနှင့်အပြိုင်မိုးလင်းသည်အထိ ကြိတ်ကြိတ်တိုး ထုကြသည့် ရပ်ရွာဓလေ့ဖြစ်သည်။

အနုပညာရှင်များနှင့် အလှူရှင်များအားဂုဏ်ပြု

မန္တလေး ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ခံရသူများ ကူညီရန်အတွက် ရန်ပုံငွေဖျော်ဖြေပွဲ၌ မေတ္တာဖြင့်ကူညီကြသော အနုပညာရှင်များနှင့် ပါဝင်လှူဒါန်းသော အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက အိုရီယန်တယ်လ်ဟောက်စ် ခန်းမ၌ ကျင်းပရာရှေးဦးစွာ စာပေအနုပညာရှင်များ လူမှုကူညီရေး အစီအစဉ် ဥက္ကဋ္ဌ စာရေးဆရာ သိုက်ထွန်းသက်နှင့် စာရေးဆရာ ဆူးငှက်တို့က ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားသည်။ ထို့နောက် ရန်ပုံငွေဖျော်ဖြေပွဲမှ ရရှိသည့် ငွေကျပ် သိန်း ၂၀၀ အား လူငယ်သတင်းသမားများက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဝင်းထံ ပေးအပ်လှူဒါန်းခဲ့သည်။ ယင်းနောက် အနုပညာရှင်များနှင့် ပါဝင်လှူဒါန်းကြသောအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

(ဝ၄ဝ)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

သဘာဝပတ်ဝန်းကျင် ချစ်ခင်သူတို့၏ ကြွပ်ကြွပ်အိတ်ကောက်ပွဲ ကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွန်ခါး၊ မြို့နယ်ဦးစီးအရာရှိ ဦးတင်စိုးနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၆ နာရီက စစ်ကိုင်းမြို့ ပါရမီရပ် စည်းခုံကြီးဘုရားပတ်ဝန်းကျင်နှင့် ဧရာဝတီတံတား(ရတနာပုံ) အပါအဝင် မုံရွာ-မန္တလေးကားလမ်းဘေးဝဲ/ယာ အဝေးပြေးကားကြီးဝင်း ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ပလတ်စတစ်အိတ်များ၊ ကြွပ်ကြွပ်အိတ်များ စုပေါင်းကောက်ယူပွဲ ပြုလုပ်ရာ စစ်ကိုင်းမြို့ မြို့မိမြို့ဖအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့်အဖွဲ့ဝင်များ၊ ပါရမီ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဇေယျာရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ၊ သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေးအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၅၀တို့ ပါဝင်လုပ်အားပေး ကောက်ယူကြပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ မော်တော်ယာဉ်နှစ်စီးဖြင့် ပလတ်စတစ်အိတ်အမှိုက်များ သယ်ယူပြီး သတ်မှတ်နေရာတွင် စွန့်ပစ်ခဲ့သည်။

ပလတ်စတစ် အိတ်များကို လိုက်ကောက်ကြရာ ဧရာဝတီမြစ်အနီး မြို့ပေါ်ရပ်ကွက်နှင့် အများပြည်သူ သွားလာသည့် လမ်းပေါ်ပါမကျန်ဖြစ်သည်။ ယင်းသို့ကောက်ရင်း ကြွပ်ကြွပ်အိတ်ဆိုးကျိုးများကို ရေးထားသည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။ **(အပေါ်ပုံ)**

"မြင်ကွင်းကတော့ အင်မတန်မှ မင်္ဂလာရှိပါတယ်။ အနှစ်နှစ်အလလက ဖြေရှင်းဖို့အခက်အခဲတွေဖြစ်နေတဲ့ ကြွပ်ကြွပ်အိတ် ပြဿနာဟာ နိဂုံးချုပ်ရမယ့် အခြေအနေရောက်သွားပါတယ်။ ရည်မှန်းချက်ကတော့ စစ်ကိုင်းမြို့ သန့်ရှင်းသာယာလှပရေးဖြစ်စေရန် ရည်ရွယ်ချက်နဲ့ အခုလို ပလတ်စတစ် အမှိုက်ကင်းစင်စေဖို့ ဒီပလတ်စတစ် အမှိုက်တွေရဲ့ ဆိုးကျိုးတွေကို ပြည်သူများသိအောင် ပညာပေးဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူများပလတ်စတစ်အိတ်ရဲ့ ဆိုးကျိုးများကို သတိပြုကြဖို့လိုပါတယ်" ဟု သတင်းသမားတစ်ဦးက မှတ်ချက်ပြုသည်။

မြင့်နိုင်(စစ်ကိုင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမဝန်ကြီးဌာန
သမဝါယမဦးစီးဌာန
သမဝါယမတက္ကသိုလ်(သန်လျင်)

(ပထမ)အကြိမ် ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် ပြင်ဆင်ခြင်း

၁။ သမဝါယမတက္ကသိုလ်(သန်လျင်) ၂၀၁၁-၂၀၁၂ပညာသင်နှစ်၊ ဘွဲ့စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ၏ (ပထမ)အကြိမ် ဘွဲ့နှင်းသဘင်ကို ၂၅-၂-၂၀၁၃ရက်နှင့် ၂၆-၂-၂၀၁၃ရက်များတွင် ကျင်းပမည်ဖြစ်ကြောင်းကို မြန်မာ့အလင်းသတင်းစာ၌ ၂၇-၁-၂၀၁၃ရက်တွင်လည်းကောင်း၊ ကြေးမုံသတင်းစာတွင် ၂၆-၁-၂၀၁၃ရက်တွင်လည်းကောင်း ထည့်သွင်းကြေညာခဲ့ပါသည်။

၂။ အဆိုပါ ဘွဲ့နှင်းသဘင်ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ပြင်ဆင်အသိပေးကြေညာအပ်ပါသည်။

(က) ဘွဲ့နှင်းသဘင် ကျင်းပခြင်း
၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၉ နာရီ

(ခ) အစမ်းလေ့ကျင့်မည့်အစီအစဉ်
၁၇-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ

၃။ ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်ကြရန်ဖြစ်ပါသည်။ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)တို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၄။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာ၊ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုသည့်လက်မှတ်နှင့် ဧည့်လက်မှတ်များကို ၁၁-၃-၂၀၁၃ရက်မှ ၁၄-၃-၂၀၁၃ရက်အတွင်း သမဝါယမတက္ကသိုလ်(သန်လျင်) စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ကိုယ်တိုင်လာရောက် ထုတ်ယူရန်ဖြစ်ပါသည်။

သမဝါယမတက္ကသိုလ်(သန်လျင်)
စာမေးပွဲနှင့်ဘွဲ့နှင်းဌာနခွဲ
ဖုန်း-၀၅၆-၂၃၂၅၆

ဒေါ်သန္တာအေး(ဘ)ဦးဘတင် ၁၃/ကမန(နိုင်)၀၀၀၅၂၆နှင့် အများသိစေရန်ကြေညာခြင်း

မူဆယ်မြို့၊ အမှတ်(တ/၁၈၆)နေ ဒေါ်ငွေးကြည်(ဘ)ဦးမာဂမ် ၁၃/မဆတ(နိုင်)၀၃၁၉၉၈၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေးကြည်(ဘ)ဦးမာဂမ် ၁၃/မဆတ(နိုင်)၀၃၁၉၉၈သည် (ထားဝယ်စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် တင်ပြရန်) ဒေါ်သန္တာအေး (ဘ)ဦးဘတင် ၁၃/ကမန(နိုင်)၀၀၀၅၂၆အား ၁၉-၁၂-၂၀၁၂ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၂၉/၂၀၁၂ဖြင့် မန္တလေးမြို့ နိုတြီပဗ္ဗလစ်ဦးပေါစံ၏ရှေ့တွင် လွှဲအပ်ခဲ့ပါသည်။

ယခုအခါ ဒေါ်သန္တာအေးသည် ဒေါ်ငွေးကြည်လွှဲအပ်သော အထွေထွေကိုယ်စားလှယ်စာကို မမှန်မကန်အသုံးချသဖြင့် ဒေါ်သန္တာအေးအား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၂၉/၂၀၁၂ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း ဒေါ်သန္တာအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ငွေးကြည်
၉/မဆတ(နိုင်)၀၃၁၉၉၈
လွှဲအပ်ညွှန်ကြားသူ

ဦးလှကို
B.A, R.L, Dip-Business Law
တရားလွှတ်တော်ရှေ့နေ (၂၃၁၃)
အမှတ် ၂၈၊ ၂၉ လမ်း၊ ၇၁×၇၂ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၅၁၉၄

ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈အီး၊ မြေကွက်အမှတ် ၉၂ အေ/၁-ဒီ၊ ဧရိယာ ၀ဒသမ၀၉၂ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ စမ်းချောင်းမြို့နယ်၊ မဟာမြိုင်လမ်း၊ အမှတ်၃၁-ဂျီဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးယဉ်ထွေးသက် ၁၂/ကတတ(နိုင်)၀၂၅၁၅၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းစျေးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အပေါ်တွင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမ္မော် (LL.B)
ADVOCATE-4314
အမှတ် ၄၆/ပထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၄၊ မြေကွက်အမှတ် ၁.ခ.B ၂၄၆.A၊ ဧရိယာ ၀ဒသမ၀၆၁၉ဧကရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် မြေကွက်အမှတ် ၁.ခ.B ၂၄၆.B၊ ဧရိယာ ၀ဒသမ၀၆၀၈ဧကရှိ နှစ်၆၀ ဂရန်မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အင်းစိန်မြို့နယ်၊ အောင်သုခလမ်း၊ (၁၀)မိုင်ကုန်း၊ အမှတ် ၁၂၇ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသော်တာသိန်း ၁၂/အလန(နိုင်)၀၂၀၂၈၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းစျေးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အပေါ်တွင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမ္မော် (LL.B)
ADVOCATE-4314
အမှတ် ၄၆/ပထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

မန္တလေးနှင့် အထက်မြန်မာပြည်သတင်း

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားများကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၄

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ အကြိုဟောပြောပွဲကို ဖေဖော်ဝါရီ ၂ရက်တွင် လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက်တွင် လည်းကောင်း ကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီတွင် ထမနဲထိုးပြိုင်ပွဲကို တက္ကသိုလ်အားကစားကွင်း၌ကျင်းပရာ ဝန်ထမ်းအသင်း လေးသင်းနှင့် သင်တန်းသား သင်တန်းသူ အသင်းလေးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲသို့ ပါမောက္ခချုပ်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တိုင်းရင်းသား လူငယ်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်အားပေးကြပြီး ဆုရအသင်းများကို ပါမောက္ခချုပ်က ဆုများချီးမြှင့်သည်။

ထို့နောက် ညနေ ၆ နာရီတွင် တက္ကသိုလ်ရင်ပြင်၌ ညစာစားပွဲကျင်းပရာ ပါမောက္ခချုပ်ဦးစိုးတင့်က (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ပြည်ထောင်စုနေ့သည် နိုင်ငံ၏ လွတ်လပ်ရေးရရှိရေးအတွက် အရေးကြီးသော သမိုင်းမှတ်တမ်းတစ်ရပ်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးသည် လွတ်လပ်ရေးရရှိအောင် စွမ်းဆောင်ပေးခဲ့သကဲ့သို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက်လည်း အဓိကကျသော အချက်ဖြစ်ပါကြောင်း၊ တက္ကသိုလ်တွင်စုစည်း၍ ပညာသင်ကြားနေကြသော တိုင်းရင်းသားလူငယ်များအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲရှင်သန်အောင် မွေးမြူကြရမှာဖြစ်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(မြန်မာ့အလင်း)**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျွန်းဦးကျောင်းတိုက် အေးငြိမ်းချမ်းသာ နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချ

စဉ့်ကိုင် ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်ဒေသကြီး စဉ့်ကိုင်မြို့နယ် ကျွန်းဦးကျောင်းတိုက်တွင် အေးငြိမ်းချမ်းသာ နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ကျွန်းဦးကျောင်းတိုက်ရှိ မာဃပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ စာသင်သံဃာ အပါး ၉၀ အား သင်္ကန်းနှင့်ဝတ္ထုပစ္စည်းများကပ်လှူပြီး ကျောင်းသားကျောင်းသူများအား စာအုပ်နှင့်စာရေးကိရိယာများ၊ ယဉ်ကျေးလိမ္မာစာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါ နှစ်ထပ်ကျောင်းဆောင်ကို မန္တလေးမြို့နေ ဦးလှထွန်း၊ သုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဝေ (ရှမ်းပျံ့မယ်တိုင်းရင်းဆေး) မိသားစုက ငွေကျပ် ၃၂၅ သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ထွန်းထွန်း)**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါးနှင့်စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၁၄

ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီတိုက်ဖျက်ရေးဌာနနှင့် The Union office in Myanmar PICTS တို့ပူးပေါင်း၍ ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် "တစ်သက်တာတီဘီကင်းဝေးရေး အားလုံးပါဝင်ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် ဆောင်းပါးကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူများသည် "တီဘီကင်းစင်တို့ပြည်တစ်ခွင်" ခေါင်းစဉ်ဖြင့် စာစီစာကုံးများကို စာလုံးရေ ၃၀၀၀ ကျော်ရေးသား၍ မတ်လ ၈ ရက်နေ့ နောက်ဆုံးထားပြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် (၃၆)၊ ၇၂×၇၃ လမ်းကြား ၂၇ လမ်း The Union office in Myanmar သို့ လိပ်မူပြီး ပေးပို့ရမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား မတ်လ ၂၄ ရက်တွင် ကျရောက်မည့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့၌ ထိုက်တန်စွာ ဆုများချီးမြှင့်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၀၂-၇၁၀၈၂၊ ၀၉-၄၀၂၆၀၆၅၀၅ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(ကျော်ဝင်း)**

အိန္ဒိယ-မြန်မာ အိမ်တွင်းမှုအနုပညာပြပွဲ ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်တို့ ပူးပေါင်းကျင်းပမည့် ပထမအကြိမ် အိန္ဒိယ-မြန်မာ အိမ်တွင်းမှုအနုပညာပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်တိုင် နံနက် ၁၀ နာရီ မှ ညနေ ၆ နာရီအထိ အမျိုးသားပြဇာတ်ရုံ၌ ခင်းကျင်းပြသမည်ဖြစ်သည်။

အိန္ဒိယကောင်စစ်ဝန်ချုပ် မစ္စတာ Dr.Madam Mohan Sethi က မန္တလေးမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်စေရန်နှင့် အနာဂတ်ကာလတွင် နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အိန္ဒိယနိုင်ငံအထည်အလိပ်ဝန်ကြီးဌာန မဏိပူရ စီးပွားကူးသန်းဦးစီးဌာန၊ လက်မှုအထည်နှင့် လက်မှုအနုပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းမှ ဝါးအခြေခံအိမ်တွင်းအနုပညာပစ္စည်းများ၊ အထည်အလိပ်ပစ္စည်းများ ပြသသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ပန်းချီ၊ ပန်းပုများ၊ ရွှေချည်ထိုးပစ္စည်းများ ပြသသွားမည့်အပြင် မြန်မာနိုင်ငံမှကုန်စည်များကိုလည်း အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ မဏိပူရပြည်နယ်တွင် ဧပြီလ၌ သွားရောက်ပြသခွင့်ရရှိမည်ဖြစ်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံမှ ပါရဂူကြီးများက တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)၌ ဖေဖော်ဝါရီ ၁၆ နှင့် ၁၇ ရက်တို့တွင် ဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကျော်ထူး)**

ဆားလင်းကြီးတွင် ရွှေကိုမလို ရေကိုသာလိုနေ

ဆားလင်းကြီး ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ ဆားလင်းကြီးမြို့နယ်သည် မိုးနည်းဒေသ မြေလတ်ပိုင်းမြို့လေးဖြစ်ပါသည်။ ယခင်က မိုးရေကို စုဆောင်းတားဆီးကာ ရေကန်၌ ရေဝင်စေခြင်းဖြင့် ရေကန်ရေကိုသာ သုံးစွဲခဲ့ကြသည်။

ယခင် အစိုးရလက်ထက်တွင် ဆားလင်းကြီးမြို့နှင့် လေးမိုင်ခန့်ကွာဝေးသော အောင်ချမ်းသာရွာမှ မြေအောက်ရေကို ဂျပန်နိုင်ငံ၏ ထောက်ပံ့ကြေးတစ်ဝက်၊ မြို့နယ်ပြည်သူတို့ကတစ်ဝက် အကုန်အကျခံ၍ မြို့ပေါ်ရပ်ကွက်(၁၊ ၂၊ ၃)တို့ကို ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ အောင်မြင်မှုလည်း ရှိခဲ့သည်။

အစောပိုင်းကာလများတွင် ရေရရှိမှုများ အဆင်ပြေခဲ့သော်လည်း ယခုအချိန်ထိ ရေမရရှိမှုများ၊ အဆင်မပြေမှုများဖြင့် ကြုံတွေ့နေရသည်။ ငါးရက်လျှင် တစ်ရက်သာလွှတ်ပေးဝေသောရေသည် အချို့ရပ်ကွက်များတွင် သုံးစရာရေထားလို့ သောက်ရေမျှပင် လုံလောက်အောင် မရရှိကြပါ။

ပူပြင်းခြောက်သွေ့သော နွေဦးရာသီရောက်လာပြီ ဖြစ်သောကြောင့် ကန်ရေ၊ ဆည်ရေတို့မှာလည်း ရေနည်းစပြုလာပြီဖြစ်သည်။ မီးဘေးအန္တရာယ် ကာကွယ်ရေးအနေဖြင့်လည်းကောင်း၊ မြို့ပေါ်ရပ်ကွက်ရှိ အများပြည်သူတို့ ရေအတွက် မကြောင့်ကြရစေရန်လည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဆားလင်းကြီးမြို့ပေါ် (၁၊ ၂၊ ၃)ရပ်ကွက်တို့တွင် ရေများ လုံလောက်စွာရရှိစေရေးအတွက် အလေးဂရုပြုဆောင်ရွက်ပေးစေလိုကြောင်း ဖော်ပြလိုက်ရပါသည်။

ဦးငယ်(ဆားလင်းကြီး)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

အမြို့မြို့ အနယ်နယ်ပျံ့သည့်သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

မင်္ဂလာရက်မြတ်ဆုတောင်း

ချစ်ပါပါ ဦးကျော်စိုးဝင်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ အလုပ်သမားဝန်ကြီးဌာန)နှင့် ချစ်မေမေ ဒေါ်တင်တင်မေတို့၏ ၁၂-၂-၂၀၁၃ ရက်တွင် ကျရောက်သော (၃၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သားသမီးများနှင့်အတူ ပျော်ရွှင်စွာဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာအကျိုးဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေ။

သားကြီး-မောင်ဖြိုးဝေစိုး (မင်းမင်း)ခေတ္တစင်ကာပူ-မသူဇာဝင်း
သားငယ်-မောင်စိုးမင်းထိုက် B.Sc, Engg (Electronic)
သမီးငယ်-မယုယုမွန် B.E (Civil) M.E (Thesis)

တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ သုခလမ်း၊ အမှတ် ၃၁၀နေ ဦးစောဌေး-ဒေါ်တင်နု မိသားစုက ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀သိန်းတိတိအား ပေးအပ်လှူဒါန်းခဲ့ပါသည်။ အဆိုပါလှူဒါန်းမှုအား ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့က သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန် အသိပေးအပ်ပါသည်။ **ဦးစောဌေး-ဒေါ်တင်နုမိသားစု**

ကသာမြို့၊ တည်ဆောက်ရေးလုပ်ငန်းအပိုင်း(၂)အဖြစ် ရဲစခန်း၊ ဘဏ်အဆောက်အအုံ၊ Shopping Mall (သို့မဟုတ်) Shopping Centre, Hotel (သို့မဟုတ်) Motel စသည့် လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့တွင် တည်ဆောက်ရေးလုပ်ငန်းအပိုင်း(၂)အဖြစ် ရဲစခန်းနေရာ(၂ဧကေ)တွင် ဘဏ်အဆောက်အအုံ၊ Shopping Mall (သို့မဟုတ်) Shopping Centre, Hotel (သို့မဟုတ်) Motel ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များသို့ တင်ဒါစနစ်ဖြင့် ခေါ်ယူ၍ တည်ဆောက်သွားမည်ဖြစ်ပါသည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့တွင် တည်ဆောက်ရေးလုပ်ငန်းအပိုင်း(၂)အဖြစ် ရဲစခန်းနေရာ(၂ဧကေ)တွင် ဘဏ်အဆောက်အအုံ၊ Shopping Mall (သို့မဟုတ်) Shopping Centre Hotel (သို့မဟုတ်) Motel တည်ဆောက်ခြင်းလုပ်ငန်းလျှောက်လွှာပုံစံကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် ကသာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့တွင် ၁၆-၂-၂၀၁၃ရက်မှစတင်၍ လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၅၀၀၀၀(ကျပ်ငါးသောင်းတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရန် အသေးစိတ်စည်းကမ်းချက်များ၊ အာမခံတင်သွင်းရမည့်ငွေကြေး၊ ငွေပေးသွင်းရမည့်ဘဏ်၊ ငွေပေးသွင်းရမည့်စည်းကမ်းများကို စုံစမ်းနိုင်ပါကြောင်းနှင့် တင်ဒါတင်သွင်းလွှာများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စည်ပင်သာယာရေးဝန်ကြီးရုံးခန်းတွင် ၁၅-၃-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၁၆း၃၀နာရီ နောက်ဆုံးထားတင်သွင်းနိုင်ပါသည်။

၃။ လျှောက်လွှာတင်သွင်းပါက စပေါ်ငွေအဖြစ် ကျပ်သိန်း ၅၀(ကျပ်သိန်းငါးဆယ်တိတိ)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး Account တွင်တစ်ပါတည်းပေးသွင်းရမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရပါက ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိလိုသော အချက်များကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မုံရွာမြို့၊ ဖုန်း-၀၇၁-၂၂၇၇၃၊ တိုင်းဒေသကြီးစည်ပင် ဖုန်း-၀၇၁-၂၃၁၅၂၊ ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါရောင်းချရေးကော်မတီ
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆရာဝန်အသင်း၊ သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့(SGED)မှ အမှတ် ၁၄(အေ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်တွင် ဖွင့်လှစ်ထားသော Day Care Centre တစ်နှစ်မြောက်နှစ်ပတ်လည် အခမ်းအနားကို ၁၈-၂-၂၀၁၃ ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိလည်းကောင်း၊ SGED စတင်ဖွဲ့စည်းခဲ့သည့် ၁၉၉၉ ခုနှစ်ကတည်းက အဘက်ဘက်မှ နည်းအမျိုးမျိုးဖြင့် ကူညီလှူဒါန်းထည့်ဝင်ကြသော စေတနာရှင်အလှူရှင်များ၏ စုပေါင်းရေစက်ချပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုဧည့်ခံပွဲကို ၂၂-၂-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခန်းမ(အေ)၊ အမှတ် ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အလှူရှင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် Air Conditioner (5.0) HP များဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော Air Conditioner (5.0) HP ငါးလုံးကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၂-၂၀၁၃ ရက်မှ ၂၇-၂-၂၀၁၃ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၂-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မလစ်အနောက်ကျေးရွာနေ (အဘ)(ဦးသာလှိုင်)(အမိ)ဒေါ်လှရွှေ ၁၂/လကန(နိုင်)၀၄၆၈၄၂၏ သမီးဖြစ်သူ မရီနွဲ့ ၁၂/လကန(နိုင်)၀၄၆၈၄၆သည် အမွေခံသားသမီးဆိုးဖြစ်နေသည့်အတွက် သမီးအဖြစ်မှ တရားဝင်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သူမနှင့်ပတ်သက်၍နောက်နောင်တွင် အမွေကိစ္စသော်လည်းကောင်း၊ တခြားသောပြဿနာများနှင့်သော်လည်းကောင်း၊ မိခင်နှင့်တကွ ကျန်ရှိမိသားစုနှင့် မပတ်သက်တော့ပါကြောင်း အသိပေးအပ်ပါသည်။

မိခင်-ဒေါ်လှရွှေ ၁၂/လကန(နိုင်)၀၄၆၈၄၂



ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ မန်ယူတို့ ရီးရဲမက်ဒရစ်ရဲ့ ဘာနေဗျူးကွင်းမှာ တစ်ဂိုးစီသရေကစားနိုင်ခဲ့လို့ မျှော်လင့်ချက်တွေရှင်သန်ခဲ့ပြီး ဒေါ့မွန်တို့လည်း အဝေးကွင်းမှာနှစ်ဂိုးစီသရေရလဒ်ရယူနိုင်ခဲ့လို့ ကျေနပ်စရာ ခံစားမှုတွေနဲ့ အိမ်ပြန်နိုင်ခဲ့ကြပါတယ်။

မန်ယူတို့ ဘာနေဗျူးကွင်းမှာ တစ်ဂိုးစီသရေရလဒ်ဖြင့် အိမ်ပြန်နိုင်ခဲ့

ရီးရဲမက်ဒရစ် ၁-၁ မန်ယူ

တစ်ကမ္ဘာလုံးက ပရိသတ်တွေ စိတ်ဝင်တစား စောင့်ကြည့်အားပေးခဲ့တဲ့ပွဲစဉ်ဖြစ်ပြီး မန်ယူက တိုက်စစ်မှာ ရွန်းနေနဲ့ဗန်ပါစီ၊ ကွင်းလယ်မှာ ကာဂါဝါ၊ ဖီးလ်ဂျုံးစ်၊ ကာရစ်နဲ့ဝဲလ်ဘတ်တို့အပြင် နောက်တန်းခံစစ်ကြောင်းကို အီဗရာ၊ အီဗန်၊ ဖာဒီနန်နဲ့ ရာဖေးလ်တို့ ပွဲထုတ်ခဲ့ပြီး ၄း၄း၂ ပုံစံနဲ့ဖာဂူဆန် ခင်းကျင်းခဲ့ပါတယ်။ ရီးရဲမက်ဒရစ်တို့ကတော့ အထောင်တိုက်စစ်မှူးအဖြစ် ဘင်ဇီမာ၊ နောက်ချန်တိုက်စစ်မှူးအဖြစ် အိုဘေးလ်၊ တောင်ပံတွေမှာတော့ စီရော်နယ်ဒိုနဲ့ ဒီမာရီယာတို့ကို ပွဲထွက်စေပြီး ၄း၅း၁ ပုံစံနဲ့ မန်ယူကို ရင်ဆိုင်ခဲ့ပါတယ်။

ကြိုးစားဟန့်တား

ရီးရဲမက်ဒရစ်အသင်းဟာ ပွဲစတင်ကတည်းက မန်ယူကို တိုက်စစ်ဖွင့်ကစားပြီး ထိုးဖောက်ဂိုးသွင်းမှုတွေပြုလုပ်နိုင်ခဲ့ပါတယ်။ မန်ယူဟာ ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်ကို ဟန့်တားရင်း ရီးရဲမက်ဒရစ်နောက်တန်းကို ထိုးဖောက်ကျော်တက်နိုင်ဖို့ကြိုးစားခဲ့ပါတယ်။ အထူးသဖြင့် စီရော်နယ်ဒိုရဲ့ တောင်ပံထိုးဖောက်မှုတွေကို မန်ယူနောက်ခံလူ ရာဖေးလ်တို့ ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရပါတယ်။ လျင်မြန်တဲ့ စီရော်နယ်ဒိုကို ရာဖေးလ်မထိန်းနိုင်ခဲ့သလို ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေရဲ့ ထိုးဖောက်မှုတွေကို ဗဟိုခံစစ်မှူးတွေဖြစ်တဲ့ ဖာဒီနန်နဲ့ အီဗန်တို့ ကြိုးစားဟန့်တားခဲ့ပါတယ်။

ရီးရဲမက်ဒရစ်တို့ဟာ ဂိုးသွင်းယူနိုင်ရေးကြိုးစားခဲ့ရာမှာ ရီးရဲမက်ဒရစ်နောက်ခံလူ ကွန်ထရာအိုရဲ့ ကန်သွင်းချက် တိုင်ထိထွက်ခဲ့လို့ မန်ယူတို့သက်သာခဲ့သလို ဒီမာရီယာနဲ့ ဘင်ဇီမာတို့ရဲ့ကန်သွင်းချက်တွေ လွဲချော်ခဲ့တာကလည်း ရီးရဲမက်ဒရစ်တို့ကံခေခဲ့ခြင်းအချက်တွေပါပဲ။ ရီးရဲမက်ဒရစ်ရဲ့ ဖိကစားမှုကို မန်ယူတို့ ခံနေခဲ့ကြရပါတယ်။

ပွဲချိန်မိနစ် ၂၀ မှာတော့ မန်ယူတို့ ထောင့်ကန်ဘောမှတစ်ဆင့် ဝဲလ်ဘတ် ခေါင်းတိုက်သွင်းခဲ့တာမို့ မန်ယူတို့ အဖွင့်ဂိုး ရရှိခဲ့ပါတယ်။ အဖွင့်ဂိုး ပေးလိုက်ရလို့ ရီးရဲမက်ဒရစ်တို့ ချေပဂိုးပြန်လည်ရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန်မိနစ် ၃၀ မှာ စီရော်နယ်ဒိုက ချေပဂိုးပြန်သွင်းယူနိုင်ခဲ့လို့ ပထမပိုင်းပွဲချိန်အပြီးမှာ တစ်ဂိုးစီဖြစ်နေခဲ့ပါတယ်။

ဒုတိယပိုင်း ပွဲချိန်အတွင်းမှာ ရီးရဲမက်ဒရစ်တို့ အနိုင်ဂိုးသွင်းနိုင်ရေးကြိုးစားခဲ့ပေမယ့် မန်ယူတို့က စုစုစည်းစည်းဟန့်တားကာကွယ်နိုင်မှုတွေကြောင့် အရာမထင်ဖြစ်ခဲ့တဲ့ ရီးရဲမက်ဒရစ်ဟာ အနိုင်ဂိုးသွင်းယူနိုင်ရေးခက်ခဲနေပါတယ်။ ဒီပွဲမှာ မန်ယူနောက်တန်းနဲ့ ဂိုးသမား ဒီဂီယာတို့က ကာကွယ်နိုင်ခဲ့တာမို့ မန်ယူတို့ အဝေးကွင်းမှာ တစ်ဂိုးသွင်းပြီး သရေရလဒ်ကို ကျေနပ်စွာလက်ခံကာ အိမ်ပြန်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

မိုးမြင့်လင်းလက် - ရေးသားသည်

ရှက်တာဒိုးနက်စ် ၂-၂ ဒေါ့မွန်

အိမ်ရှင် ရှက်တာဒိုးစ်နက်စ်ဟာ ချန်ပီယံလိဂ်ပွဲစဉ်တွေကို လက်ခံကစားတဲ့အခါတိုင်း ရလဒ်မကောင်းတတ်တာမို့ ဒီပွဲမှာတော့ အမာခံကစားသမားတွေ အကုန်ထုတ်သုံးပြီး ကွင်းလယ်အားကို အပြည့်ခင်းကျင်းခဲ့ပါတယ်။ ဧည့်သည်ဒေါ့မွန်တို့ကလည်း အဝေးကွင်း သွင်းဂိုးတွေနဲ့ ရလဒ်ကောင်း ပိုင်ဆိုင်နိုင်ဖို့အတွက် လူစုံထုတ်ခင်းကျင်းကာ ရှက်တာဒိုးနက်စ်ကို မာမာတင်းတင်းရင်ဆိုင်ခဲ့ပါတယ်။

ဒေါ့မွန်အသင်းဟာ လီဝမ်ဒေါစကီးကို တိုက်စစ်မြားဦးထားပြီး ပွဲထွက်လာခဲ့သလို ရှက်တာဒိုးနက်စ်တို့ကလည်း အက်ဒရီယာနီကို တိုက်စစ်ထားပြီး ယှဉ်ပြိုင်ကစားခဲ့ပါတယ်။ ဒေါ့မွန်ဟာ ဘောလုံးပိုင်ဆိုင်မှုများများနဲ့ ကစားခဲ့ပေမယ့် ပွဲချိန် ၃၁ မိနစ်မှာ ရှက်တာဒိုးနက်စ် နောက်ခံကစားသမား ဆာနာက အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

ဒါပေမယ့် ဒေါ့မွန်တို့က ချေပဂိုးပြန်သွင်းနိုင်ရေး ကြိုးစားခဲ့ရာက ပွဲချိန် ၄၁ မိနစ်မှာ တိုက်စစ်မှူး လီဝမ်ဒေါစကီးက ဂိုးသွင်းယူနိုင်ခဲ့လို့ တစ်ဂိုးစီသရေပွဲ ဖြစ်နေခဲ့ပါတယ်။ ဒုတိယပိုင်းပွဲချိန်အတွင်းမှာ ရှက်တာဒိုးနက်စ်တို့က အနိုင်ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့လို့ ၆၈ မိနစ်မှာ ကော်စတာက ဂိုးသွင်းယူခဲ့လို့ ရှက်တာဒိုးနက်စ်တို့ နှစ်ဂိုးရရှိခဲ့ပါတယ်။

ဒေါ့မွန်တို့ ချေပဂိုးပြန်သွင်းနိုင်ရေးကြိုးစားခဲ့လို့ ဒုတိယပိုင်းပွဲချိန်ပြည့်ခါနီးမှာ ဟမ်းမဲလ်က ဂိုးသွင်းယူနိုင်ခဲ့ရာ ပွဲအပြီးမှာ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ ဒေါ့မွန်ဟာ အဝေးကွင်းမှာ နှစ်ဂိုးသွင်းပြီး သရေပွဲရအောင်ကစားနိုင်ခဲ့လို့ ယူကရိန်းကလပ်အသင်းဟာ ပြီးခဲ့တဲ့ ခုနစ်ပွဲမြောက်ရှုံးပွဲမရှိ စံချိန်ကို ဆက်လက်တင်ထားနိုင်ဆဲဖြစ်ပါတယ်။

နိုင်ငံတကာအားကစားသတင်း

အားကစားသတင်း အတိုအထွာ

- ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ ဖလားသုံးလုံး ရယူနိုင်စွမ်းရှိကြောင်း ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်က ထုတ်ဖော်ပြောကြားလိုက်ပြီး အခက်အခဲအချို့ရှိနေကြောင်း ၄င်းက ဝန်ခံလိုက်သည်။
- ရီးရဲမက်ဒရစ်အသင်းမှ ဘင်ဇီမာကို ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ် အသင်းကခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။
- ရိုးမားအသင်းတိုက်စစ်မှူး အော့စ်ဗယ်ဒိုအား ကမ္ဘာ့အဆင့်မီ တိုက်စစ်မှူးတစ်ဦးဖြစ်ကြောင်း နည်းပြအန်ဒရီယာဇိုလီက ထုတ်ဖော်ပြောကြားသည်။
- လက်ရှိဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက နောက်ထပ်ဥက္ကဋ္ဌသက်တမ်းအတွက် တာဝန်ထမ်းဆောင်ရန် စဉ်းစားရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- လာမည့်ဘရာဇီး ကမ္ဘာ့ဖလားပွဲတွင် တောင်အမေရိကအသင်းများသာ ဗိုလ်စွဲနိုင်ကြောင်း မန်ယူတိုက်စစ်မှူးဟောင်း နစ္စတယ်ရွိုင်းက သုံးသပ်ပြောကြားသည်။
- အင်တာမီလန်အသင်း၏ ရလဒ်ဆိုးရွားမှုသည် ကစားသမားများ၏ စိတ်ဓာတ်ပိုင်းနှင့် သက်ဆိုင်နေကြောင်း၊ အနိုင်ရလိုစိတ်ဓာတ် နည်းပါးနေကြောင်း အင်တာမီလန်အသင်းဥက္ကဋ္ဌ မိုရက်တီက ထုတ်ဖော်ပြောကြားသည်။
- တင်ပါးဆုံဒဏ်ရာရရှိနေသော ဂျူဗင်တပ်စ်ကွင်းလယ်ကစားသမား မာချီစီလိုသည်ဒဏ်ရာသက်သာပြီး လာမည့်ပွဲစဉ်များ၌ ကြံ့ခိုင်မှုအပြည့်ဖြင့် ပြန်လည်ကစားနိုင်တော့မည်ဖြစ်သည်။
- အေစီမီလန်အသင်းသို့ ဘာလော့တယ်လီရောက်ရှိလာမှုကြောင့် စီးရီးအေတွင် ထက်မြက်သောတိုက်စစ်ကို ပိုင်ဆိုင်ထားသော အသင်းတစ်သင်းအဖြစ်ရောက်ရှိလာကြောင်း နောက်ခံကစားသမား ဇက်ကာဒိုက ပြောကြားသည်။
- ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့သွားသော တိုက်စစ်မှူး ဒရော့ဘာအား အသင်းဟောင်း ရှန်ဟိုင်းရှင်ဟွာအသင်းက ကန့်ကွက်ထားသဖြင့် ဂါလာတာစာရေးအသင်း၌ ကစားခွင့်မရဘဲဖြစ်နေရာ ဖီဖာသို့ ယာယီကစားခွင့်တင်ထားပြီဖြစ်သည်။
- စီရိုနယ်ဒိုသည် နည်းပြမော်ရင်ဟိုနှင့် ပြဿနာဖြစ်ခဲ့ပြီး အသင်းမှ ထွက်ခွာရန် ကြိုးစားခဲ့သော်လည်း ယခုအခါ ဆက်ဆံရေး ကောင်းမွန်သွားပြီဖြစ်ရာ ဆုဖလားများရယူနိုင်ရေး ကြိုးစားသွားမည်ဟု ၄င်းက ပြောကြားသည်။

မောင်ချစ်ကြည် - ရေးသားသည်





ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

လ/၅၅၀၅ Toyota Mark 2, SL 4x2၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းလှ ၁၂/လကန(နိုင်)၁၃၄၇၈၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့

အမည်ပြောင်း

တောင်ကြီးမြို့၊ လေ့ကျင့်ရေးကျောင်း၊ အဋ္ဌမတန်းမှ မချစ်ဖူးဝေအား ယနေ့မှစ၍ မလင်းရတီထက်ဟု ပြောင်းလဲခေါ်ပါရန်။

မလင်းရတီထက်

အမည်ပြောင်း

တောင်ကြီးမြို့၊ လေ့ကျင့်ရေးကျောင်း၊ တတိယတန်း(က)မှ မသက်ဖူးဝေအား ယနေ့မှစ၍ မဖူးမြတ်သော်တာဟု ပြောင်းလဲခေါ်ပါရန်။

မဖူးမြတ်သော်တာ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၄၁၂၊ မြေကွက်တည်နေရာအမှတ် ၄၁၂၊ စိန်ပန်းလမ်း၊ ၄၀ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဦးသန်းအေး အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းအေး ကွယ်လွန်သဖြင့် ဒေါ်တင်ရွှေ ၁၂/အစန(နိုင်) ၀၀၉၀၇၅က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ GP- ၂၀၅၆၂/၁၂ / ၃၁-၁၂-၁၂ ဖြင့် ဒေါ်ခင်ပပကျော် ၁၃/တယန(နိုင်)၀၀၂၆၃၁ ရရှိသူက အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဦးဝေလင်းထွန်း ၇/ပခန(ဧည့်)၀၀၀၂၄၅နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်အိအိခိုင်(ဘ)ဦးအောင်မြင့် ၇/ပခန(နိုင်)၂၆၀၆၄၀နှင့် မိဘနှစ်ဦးဖြစ်သော ဦးအောင်မြင့်၊ ဒေါ်ကြည်ကြည်လှတို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး ကန့်ကွက်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်ကျေးရွာ၊ အမှတ်(၃)ရပ်ကွက်နေ ဦးဝေလင်းထွန်း ၇/ပခန(ဧည့်)၀၀၀၂၄၅အနေဖြင့် ၉-၂-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသော အကြောင်းအရာများဖြစ်သည့် ကျွန်ုပ်၏အမှုသည် ဒေါ်အိအိခိုင်သည် ၁၃-၁၂-၂၀၁၁ရက်မှစ၍ စွန့်ပစ်ထွက်ခွာသွားသည်မှာ ယနေ့အထိ အဆက်အသွယ် လုံးဝမရှိပါ၍ ဒေါ်အိအိခိုင်အား လင်မယားအဖြစ်မှ လုံးဝပြတ်စဲပြီးကြောင်း ကြေညာအပ်ပါသည်ဟုဆိုသော စကားရပ်အား ပြန်လည်ရုပ်သိမ်း၍ ကျွန်ုပ်အမှုသည် ဒေါ်အိအိခိုင်နှင့် မိဘနှစ်ပါးအား ဂုဏ်သရေရှိလူကြီးလူကောင်းများ ရှေ့မှောက်တွင် ပြန်လည်တောင်းပန်ရမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

ဦးဝေလင်းထွန်းအနေဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ မည်သို့ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြန်လည်အကြောင်းကြားရန် အသိပေးကြေညာအပ်ပါသည်။ လူကြီးမင်းအနေဖြင့် သတ်မှတ်သည့်အချိန်အတွင်း ပြန်လည်၍အကြောင်းကြားဆက်သွယ်ခြင်း မပြုလုပ်ခဲ့လျှင် တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာခြင်းနှင့်အတူ ဦးဝေလင်းထွန်း၏ မဟုတ်မမှန်သော စွပ်စွဲကြေညာချက်ကြောင့် ဒေါ်အိအိခိုင်နှင့် မိဘနှစ်ပါးအပြင် ဆွေမျိုးများ၏ ဂုဏ်သိက္ခာကျဆင်းခဲ့ရပါသည်။

ဦးဝေလင်းထွန်းသည် ၇/ပခန(ဧည့်)၀၀၀၂၄၅ ကိုင်ဆောင်သူ ဧည့်နိုင်ငံသား တစ်ဦး၏ လိုက်နာရမည့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို ဖျက်ကွယ်ပြုလျက် မြန်မာတိုင်းရင်းသူဖြစ်သော ဇနီးသည် ဒေါ်အိအိခိုင်အား စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းဖြစ်အောင် ဆောင်ရွက်ခဲ့ပြီး အင်းတကော်ကျေးရွာ ရပ်မိရပ်ဖနှင့် ကျေးရွာဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်အဆင့်အကြီးအကဲများ ရှေ့မှောက်၌ နှုတ်ကတိဝန်ခံချက်များ အမျိုးမျိုးပြုလုပ်ခဲ့ပြီး ယခုကဲ့သို့ ကြေညာခြင်းသည် လိမ်လည်လှည့်ဖြား၍ ကြေညာချက်ဖြစ်သောကြောင့် ဥပဒေနှင့်အညီ တောင်းပန်ရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၉-၄၃၀၂၈၆၇၃၊ ၀၉-၄၉၂၇၃၅၃၉၊ ၀၉-၄၅၈၀၂၅၆၄၇၊ ၀၉-၄၂၈၀၄၃၆၁၀။

အမှုသည်များ၏ ညွှန်ကြားချက်အရ-

ဒေါ်စန်းစန်းဦး	**ဦးအေးမြင့်(လမ်းပြကြယ်)**	**ဦးနန္ဒကျော်**
(စဉ်-၃၇၀၂၇)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၈၂၁)**	**(စဉ်-၃၉၅၅၇)**
အထက်တန်းရှေ့နေ	**၂၀၀၈ ခုနှစ်၊ နိုင်ငံတကာလူ့အခွင့်အရေးရှေ့နေဆုရ အမှတ် ၁၅၃၆၊ ၆ လမ်း အလင်းရောင်(၁)ရပ်ကွက် ပဲခူးမြို့၊ ဖုန်း-၀၉-၈၆၅၁၁၂၆၊ ၀၉-၄၉၄၅၀၄၉၇**	**အထက်တန်းရှေ့နေ ပဲခူးမြို့**

ကြော်ငြာ

C B BANK
ဝမ်းမြောက်ဖွယ်သတင်းကောင်း
မြန်မာနိုင်ငံတွင်ရှိသော ဟိုတယ်များ၊ Shopping Center များ၊ စားသောက်ဆိုင်များ၊
အမှတ်တရပစ္စည်းဆိုင်များ၊ Mobile အရောင်းဆိုင်များ၊ ရတနာပစ္စည်းအရောင်းဆိုင်များ နှင့်
အမျိုးမျိုးသောဆိုင်များအတွက် CB Bank မှ VISA Card, MasterCard, CUP Card
သုံးမျိုးမှကြိုက်နှစ်သက်ရာ Card နှင့်အသုံးပြုနိုင်ရန်စီစဉ်ထားသော
POS (Cardနှင့်ငွေပေးချေသောစက်)အားတပ်ဆင်နိုင်ရန်စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။
လူကြီးမင်းတို့၏ဆိုင်များတွင် အထက်ပါ POS (Cardနှင့်ငွေပေးချေသောစက်)အား
တပ်ဆင်နိုင်ရန်အတွက် CB Bank သို့အမြန်ဆုံးစာရင်းပေးသွင်းနိုင်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
Yes !
Yes !
Yes !
VISA
MasterCard
UnionPay
ဆက်သွယ်ရန်လိပ်စာ -
CB Bank Merchant Service Centre
Phone : (01) – 378 905, 378 906 (သို့မဟုတ်)
e-mail : pos.merchant@cbbankmm.com
သို့အမြန်ဆုံးဆက်သွယ်နိုင်ပါပြီ။
Let's Win Win Together !

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

နှစ်(၁၀၀)ကျော်သက်တမ်းရှိသော မဟာပိန္နဲပင်ကြီး

မင်းဘူး ဖေဖော်ဝါရီ ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရွာသာယာကျေးရွာ မြောက်ဘက်၌ရှိသော ကျောက်မှော်ကျောင်းတိုက် ပရိဝုဏ်အတွင်း၌ အလွန်ကြီးမားသော မဟာပိန္နဲပင်ကြီးအား ခြံခတ်ထိန်းသိမ်းထားခြင်းကို တွေ့ရှိရသည်။

အဆိုပါမဟာပိန္နဲမျိုးမှာ အလွန်ရှားပါးပြီး အလွန်တွေ့ရခဲသဖြင့် ရှေးဆရာတော်ကြီးများ အဆက်ဆက်ကတည်းက ထိန်းသိမ်းလာခဲ့သည်မှာ နှစ်ပေါင်း(၁၀၀)ကျော်ပြီဖြစ်ကြောင်း လက်ရှိဆရာတော်ကြီး ဦးပညာဇောတက ရှင်းပြသည်။

"မဟာပိန္နဲပင်ရဲ့ ထူးခြားချက်က အသီးသီးတဲ့အခါ မြေကြီးထဲမှာ သီးတယ်၊ အပင်ခြေက မြေကြီးကွဲအက်လာပြီး အသီးထွက်လာတာ မြင်ဖူးတယ်၊ မှတ်မိသလောက် ပြောရရင် လွန်ခဲ့တဲ့နှစ် ၂၀ လောက်မှာ မိုးကုတ်က ကျောက်တူးတဲ့လူတွေ မဟာပိန္နဲသီးလိုချင်လို့လာကြတယ်။ မြေကြီးထဲမှာ ကျောက်ရှိမရှိ မြေကြီးထဲက ထွက်တဲ့ မဟာပိန္နဲသီးနဲ့ စမ်းသပ်လို့ရတယ်လို့ ပြောတယ်။ မဟာပိန္နဲမျိုးကို နေရာတိုင်းမှာ စိုက်လို့မရပါဘူး။"

ယခုတွေ့ရသော မဟာပိန္နဲပင်၏ အခြေ၊ မြေကြီးပေါ်၌ အသီးများ ထွက်နေပုံကို ထူးဆန်းစွာ တွေ့ရသည်။ မဟာပိန္နဲပင်ကြီး၏ ပင်စည်မှာ အလွန်ကြီးမားတုတ်ခိုင်လှသည်။ နှစ်(၁၀၀)ကျော်သက်တမ်းရှိသော မဟာပိန္နဲပင်ကြီးကို ခြံခတ်၍ ထိန်းသိမ်းထားသည့် မင်းဘူးမြို့နှင့် အထက်မင်းလှသွားသော ကားလမ်းဘေးရှိ ရွာသာယာကျေးရွာ ကျောက်မှော်ကျောင်းသို့ ခရီးကြုံပါက ဝင်ရောက်လေ့လာကြည့်ရှုနိုင်ရန် လမ်းညွှန်ရေးသားလိုက်ရပါသည်။

(မကွေး-လှမြင့်)

ငြိမ်းချမ်းရေးခရီးသွားများကို မန္တလေးဒေသခံပြည်သူနှင့်ပရဟိတအဖွဲ့များ ကြိုဆို

မန္တလေး ဖေဖော်ဝါရီ ၁၄

ငြိမ်းချမ်းရေး ခရီးစဉ်အဖြစ် ရန်ကုန်မှ ကချင်ပြည်နယ် လိုင်ဇာသို့ ခြေကျင်လျှောက်လာသော ငြိမ်းချမ်းရေး ချစ်မြတ်နိုးသူများသည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၆ နာရီက ပလိပ်မြို့မှ မန္တလေးမြို့သို့ထွက်ခွာပြီး နံနက် ၁၀ နာရီခန့်တွင် မန္တလေးမြို့သို့ရောက်ရှိလာရာ မြို့ဝင် တံခွန်တိုင်အဝိုင်းမှ ဒေသခံပြည်သူများနှင့် ပရဟိတအဖွဲ့များက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့သည်။

အားပါးတရကြိုဆို

ငြိမ်းချမ်းရေး ခရီးစဉ်တွင်ပါဝင်လာသူများက မဟာမြတ်မုနိဘုရားကြီးတွင် ဦးတိုက်ရှိခိုး ကန်တော့ပြီး ဘုရားကို လက်ယာရစ်ပတ်၍ ပြန်လည်ထွက်ခွာသွားသည်။ အဆိုပါအဖွဲ့သည် ဘုရားကြီးအလယ်တိုက်တွင် ဖေဖော်ဝါရီ ၁၃ ရက်အထိ တည်းခိုသည်။ အထက်မြန်မာပြည် ငြိမ်းချမ်းရေး ချစ်မြတ်နိုးသူများက တေးဂီတများဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။ ကချင်တိုင်းရင်းသားများက ရိုးရာဝတ်စုံများ ဝတ်ဆင်ပြီး အားပါးတရကြိုဆိုခဲ့သည်။

တည်ခင်းဧည့်ခံ

ဖြူဟွှစိုရ်အသင်း (မန္တလေး)က လိုင်ဇာ ငြိမ်းချမ်းရေးခရီးစဉ်တွင် လိုက်ပါလာသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ဆေးခန်းတွင် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့သည်။

(ဝ၄၀)

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက လင်းခေးမြို့ ပြည်ငြိမ်းအေးအားကစားကွင်း၌ကျင်းပရာ လင်းခေးရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း တိုင်းရင်းသား တိုင်းရင်းသူများမှ ကိန္နရီကိန္နရာအကနှင့် ရှမ်းတိုင်းရင်းသားအကများဖြင့် ကပြဖျော်ဖြေတင်ဆက်စဉ်။

စိုင်းဇော်လတ်(လင်းခေး)

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကွမ်းလုံ၌ကျင်းပ

ကွမ်းလုံ ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု အထိမ်းအမှတ်နေ့ဖြစ်သော (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရှမ်းပြည်နယ် ကွမ်းလုံခရိုင် ကွမ်းလုံမြို့တွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဘေးရှိ ကွင်းပြင်တွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က ဖတ်ကြားခဲ့ပြီး ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ "ဝ"၊ ကိုးကန့်၊ ကချင်၊ ရှမ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကများဖြင့် ပျော်ရွှင်စွာ ကပြဖျော်ဖြေကြသည်။

(ခရိုင် ပြန်/ဆက်)

ပဋိပက္ခဂရုပြုသတင်းရေးသားနည်း လားရှိုးတွင်ဖွင့်လှစ်

လားရှိုး ဖေဖော်ဝါရီ ၁၄

မြန်မာငြိမ်းချမ်းရေးစင်တာ The Myanmar Peace Centre(MPC) နှင့် နိုင်ငံတကာမီဒီယာပံ့ပိုးရေးအဖွဲ့ International Media Support (IMS)တို့ ပူးပေါင်းဖွင့်လှစ်သော ပဋိပက္ခဂရုပြု သတင်းရေးသားနည်း ပညာသင်တန်းကို ဖေဖော်ဝါရီ ၁၁ ရက်က လားရှိုးမြို့ Golden Hill Hotel ၌ ကျင်းပသည်။

သင်တန်းတွင် နီပေါနိုင်ငံ ACE စီမံခန့်ခွဲမှုတက္ကသိုလ်တွင် ကထိကအဖြစ် စီးပွားရေးသတင်း ရေးသားနည်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆက်သွယ်ရေးဘာသာရပ်များကို သင်ကြားပို့ချနေသော သင်တန်းဆရာ Binod Bhattarai၊ ပြည်တွင်းမှ စာနယ်ဇင်းဆရာ ဦးမြင့်ကျော်နှင့် စာနယ်ဇင်းဆရာမ ဒေါ်တင်ဇာဇော်တို့က ပဋိပက္ခဂရုပြု သတင်းရေးသားနည်းကို သင်ကြားပို့ချကြကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ စာနယ်ဇင်း သတင်းသမား ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ကြောင်း သိရသည်။

မလတ်(ကျောက်မဲ)

မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဖွဲ့ပိုင်ဈေးများ မီးဘေးအန္တရာယ် ကင်းဝေးစေရေးနှင့် မမျှော်မှန်းနိုင်သောအခြေအနေ တစ်ရပ်ရပ်ကြောင့် မီးလောင်မှု ဖြစ်ပွားပါက ချက်ချင်းမီးငြိမ်းသတ်နိုင်ပြီး ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ဈေးသူ ဈေးသားများ အသိပညာ ဗဟုသုတရရှိရေး ဟောပြောခြင်း၊ လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းများအား ဖေဖော်ဝါရီ ၅ ရက်က မြို့မဈေး၌လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်က ရွာသစ်ကြီးကျေးရွာဈေး၌လည်းကောင်း၊ ဖေဖော်ဝါရီ ၇ ရက်က ဆားတောင်ဈေး၌ လည်းကောင်း ကျင်းပခဲ့ရာ အဆိုပါအခမ်းအနား၌ စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ဝင်များ တက်ရောက်ကြပြီး စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဈေးသူ ဈေးသားများအား မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြ သင်ကြား၍ လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ပြီး ဈေးအတွင်းလိုက်လံစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (၁၄၀)

မန်ကျည်းကိုင်းဆွဲရာမှ ကိုင်းရိုက်မိသေဆုံးမှု တောင်တွင်းကြီးမြို့၌ ဖြစ်ပွား

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၄

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့ တလုပ်ပင်ကျေးရွာတွင် မန်ကျည်းကိုင်းခုတ်ဆွဲရာမှ မန်ကျည်းကိုင်းရိုက်မိ၍ လူတစ်ဦးသေဆုံးကြောင်း သိရှိရသည်။ ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၆ နာရီခွဲက ဟင်္ဂရော်အုပ်စု တလုပ်ပင်ကျေးရွာနေ ဦးညဏ်စိန် (၆၅)နှစ်သည် ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၆ နာရီခန့်က သားဖြစ်သူ ကိုမြင့်မောင်၏ အိမ်ဝင်းအတွင်းရှိ မန်ကျည်းကိုင်းခုတ်ရင်း တွဲလောင်းကျနေသည့်မန်ကျည်းကိုင်းအား ဆွဲချရာမှ မန်ကျည်းကိုင်းနှင့်ရိုက်မိပြီး ဒဏ်ရာများ ပြင်းထန်သဖြင့် မကွေးမြို့ သင်ကြားရေးဆေးရုံသို့ ဆေးကုသမှုခံယူရန် ရောက်ရှိစဉ် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၁ နာရီခွဲတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စုံစမ်းစစ်ဆေးနိုင်ရန် တောင်တွင်းကြီး မြို့မရဲစခန်းက ဆက်လက်စုံစမ်းနေကြောင်း သိရှိရသည်။ **ဟသ်ာ(တောင်တွင်းကြီး)**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ ၁၇လမ်း၊ မြေကွက်အမှတ် ၁၀၁၆ မြေကွက်မှာ ဦးသောင်းညွန့်(ဘ)ဦးဘိုးရီ H/RGN-၀၃၈၃၁၄ အမည်ဖြင့် မြို့မြေတိုးချဲ့ရေးကော်မတီ ပျဉ်းမနားမြို့မှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဒေါ်ဆုရည်အောင်မှ အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ဝေမင်း၁၂/ကမန(နိုင်)၀၇၈၂၁၈
(၉၄၈)တပ်၊ ဆလအခွဲ၊ ပုဗ္ဗသီရိမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ မြေကွက်အမှတ် ၃၇၈၊ ဦးဝင်းညွန့် ၉/ပမန(နိုင်)၂၅၃၇၇၄ အမည်ဖြင့် ချထားပေးသောပါမစ်မြေကွက်၏ မြေကွက်နေရာချထားခြင်း ယာယီခွင့်ပြုမိန့် မူရင်းပျောက်ဆုံးသွားသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက မူရင်းအား ပယ်ဖျက်၍ မြေကွက်နေရာချထားခြင်းယာယီခွင့်ပြုမိန့် မိတ္တူမှန်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၏ စီစဉ်မှုအရ ပင်လယ်ကူးသင်္ဘောသားများ အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများနှင့်ပတ်သက်သည့် ပညာပေးလက်ဖက်ရည်စကားဝိုင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆရာကြီးကပ္ပတိန်ဒေါက်တာတင်လှိုင်မှ ကြီးကြပ်တင်ဆက်မည့်သူ MODERATOR အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး PANELအဖွဲ့ဝင်များအဖြစ် ကပ္ပတိန်ဌေးဝင်း၊ ဦးမောင်မောင်လေး၊ ကပ္ပတိန်မင်းနိုင်၊ ဦးဇော်မြင့်သိန်း၊ ဦးဘုန်းမြင့်လှုတို့မှ ဆောင်ရွက်မည်ဖြစ်ပါသည်။ တက်ရောက်လာသူများကို လက်ဖက်ရည်၊ မုန့်များဖြင့် တည်ခင်းဧည့်ခံပါမည်။

ကျင်းပမည့်အစီအစဉ်

ကျင်းပမည့်ရက်	-	၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	-	နံနက် ၉နာရီမှ ၁၁နာရီအထိ
ကျင်းပမည့်နေရာ	-	၁၃၀၊ ယုဇနဟိုတယ် (ဒုတိယထပ်) (Grandballroom)၊ ရွှေဂုံတိုင်၊ အုတ်လမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
လမ်းညွှန်	-	လိုင်းကားနှင့် လာလျှင် (၄၈-အထူး)၊ ၁၇၄၊ ၅၀၊ ၁၀၇၊ ၃၈၊ ၁၆၇၊ ၂၁၆၊ ၃၆၊ ရွှေဧည့်သည်ကားများစီး၍ အုတ်လမ်းမှတ်တိုင်ဆင်းပါ။

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်

ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်အမှုသည်ဖြစ်သူ မြိတ်မြို့၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ရွှေပေးရပ်၊ မွန်ငြိမ်းချမ်းရေးလမ်းနေ ဒေါ်အေးအေးနွယ် ၆/မမန(နိုင်)၁၇၅၁၆၀ (ဘ)ဦးထွန်းရင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးချမ်းမွန် ၆/မမန(နိုင်)၁၈၇၅၇၈(ဘ)ဦးစံလှိုင်နှင့် ဒေါ်အေးအေးနွယ်တို့သည် ၂၀၀၈ခုနှစ်ကတည်းက ခင်ပွန်းဝတ္တရားမကျေပွန်သဖြင့် အတူနေထိုင်ပေါင်းသင်းခြင်းမရှိတော့ပါ။ အိမ်ထောင်ကြီးနှင့်အတူ နေထိုင်ပြီး တရားဝင်ကွာရှင်းရန် အကြိမ်ကြိမ်ခေါ်သော်လည်း လာရောက်ခြင်း မရှိခဲ့ပါ။ လေးနှစ်ကျော်အဆက်အသွယ်မရှိတော့ဘဲ ယခုအချိန်မှ ဦးချမ်းမွန်မှာ သေဆုံးကြောင်း သတင်းရရှိသဖြင့် ဒေါ်အေးအေးနွယ်နှင့် လင်ခန်းမယားခန်းသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

ဒေါ်အေးအေးနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလွင်အောင်(နရီ-မြိတ်) (LL.B Advocate)တရားလွှတ်တော်ရှေ့နေ၊ စဉ်-၆၆၁၂/၉၈
စစ်ကိုင်းလမ်း၊ မြိတ်တက္ကသိုလ်အနီး၊အောင်သရဖူဘော်ဒါဆောင်၊ မြိတ်မြို့၊
ဖုန်း-၀၉-၈၇၇၀၂၇၉၊ ၀၉-၄၉၈၇၀၇၉၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)တောင်ရပ်ကွက်၊ နဝရတ်လမ်းရှိ ရွှေသပြေရိပ်မွန်၊ တတိယထပ်၊ အခန်းအမှတ် (H-၃)၊ ပေ (၂၇×၄၇)ရှိ တိုက်ခန်းနှင့် ရေမီတာ၊ ပါဝါမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဥပဒေနှင့်အညီ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံရောင်းချသူ ဒေါ်လှလှဝင်း ၁၂/ရကန(နိုင်)၀၅၉၄၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းတွင် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ အောက်ဖော်ပြပါလိပ်စာအတိုင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ခင့်အောင် LL.B. (PASSED WITH CREDIT)
LL.M. (INTERNATIONAL LAW) တရားလွှတ်တော်ရှေ့နေ
တိုက် (၂၁)၊ အခန်း (၂၀၅)၊ အေးရိပ်မွန်အိမ်ရာ၊(၄)ရပ်ကွက်၊
လှိုင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၅၁၄၇၃၁၂၊ ၀၉-၈၅၀၂၄၄၅

ကြော်ငြာ

ပညာဝတီရိပ်သာ
ဣန္ဒာသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား
ဗုဒ္ဓပူဇနိယပွဲတော်နှင့်
ဆွမ်းဆန်စိမ်းလောင်းလှူပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပညာဝတီရိပ်သာ ကျောင်းတိုက်အတွင်း သီတင်းသုံးတော်မူသော ဓာတ်တော်ပေါင်း ၈၄၀၀၀ တို့၏ ကိန်းဝပ်ရာ **ဣန္ဒာသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး**အား နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲပြုလုပ်သောအချိန်၌ ဘုရားအမှူးရှိသော ပင့်သံဃာတော် ၄၅ ပါးတို့အား မိမိတို့၏စေတနာသဒ္ဓါတရား ထက်သန်သလောက် ဆွမ်းဆန်စိမ်း၊ ထီး၊ ဖိနပ်၊ သင်္ကန်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ရည်သန်သမှု အာရုံပြုလှူဒါန်းလိုပါသောကြောင့် ၁၃၇၄ ခုနှစ် တပို့တွဲလဆန်း ၁၄ရက် (အဖိတ်နေ့)၊ ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေတွင် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပြီး ၁၃၇၄ ခုနှစ် တပို့တွဲလပြည့်နေ့၊ ၂၅-၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား လာရောက်လှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်ကိုး၍ တိုက်တွန်းနှိုးဆော် ဖိတ်ကြားအပ်ပါသည်။

အကျိုးဆောင်အဖွဲ့၊ ပညာဝတီ၊ ရန်ကင်း

အလက(၁) မင်္ဂလာတောင်ညွန့်(ဖို့မြေ)
ကျောင်းသား ကျောင်းသူဟောင်းများ၏
ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲ

အလက(၁)မင်္ဂလာတောင်ညွန့်မြို့နယ် (ဖို့မြေကျောင်း)၏ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂-၃-၂၀၁၃ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆရာကြီးဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကျောင်းအုပ်ဆရာမကြီး	**ဦးအောင်မင်းသိန်း ဖုန်း-၀၉-၇၃၀၀၉၇၈၄**
ဒေါ်ဖြူဖြူညွန့် ဖုန်း-၀၁-၂၀၂၃၃၀	**ဦးဇေယျာညီညီ ဖုန်း-၀၉-၅၁၃၆၉၉၇**
ဦးကျော်စိုးအောင်ဖုန်း-၀၉-၄၄၈၀၃၂၉၄၀	**ဦးအောင်ကြည် ဖုန်း-၀၉-၇၃၀၁၇၃၀၃**
ဒေါ်သီဂီရင် ဖုန်း-၀၉-၇၃၁၃၈၈၀၄	**ဦးအေးသောင်း ဖုန်း-၀၉-၇၃၁၉၀၀၁၉**
ဦးထွန်းနိုင် ဖုန်း-၀၉-၄၅၀၀၆၅၈၇၆	**ဒေါ်သန်းသန်းဌေးဖုန်း-၀၉-၄၂၀၂၂၃၀၁**
ဦးထင်အောင်လင်း ဖုန်း-၀၉-၅၁၆၀၈၂၄	**ဒေါ်မြင့်မြင့်စိန် ဖုန်း-၀၉-၇၃၀၅၈၉၀၇**
ဦးမြင့်နိုင် ဖုန်း-၀၉-၄၂၀၁၅၅၈၈၅	
ဦးချစ်တီး(ခ)ဦးခင်မောင်ဝင်း	
ဖုန်း-၀၉-၅၁၇၃၈၆၁	

[illegible]

နေ့ရက် - ၂၀-၄-၂၀၁၃ (တနင်္ဂနွေနေ့)

[illegible]

ပထမအကြိမ် မြတ်ပန်းရဂုံစာပေ
ရသဝတ္ထုတိုပေါင်းချုပ်ဆု ချီးမြှင့်ပွဲကျင်းပမည်

မြန်မာရသစာပေ ဖွံ့ဖြိုးတိုးတက်စေလိုသောဆန္ဒဖြင့် မြတ်ပန်းရဂုံစာပေဆုရွေးချယ်ရေးကော်မတီမှ ကြီးမှူးလျက် ၂၀၁၁ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် ရသဝတ္ထုတိုပေါင်းချုပ်စာအုပ်များ အနက်မှ ပြိုင်ပွဲဝင်လာသည့်စာအုပ်များကို ဖတ်ရှုရွေးချယ်ခဲ့ရာ စာရေးဆရာမောင်ခြိမ့်၏ (ယင်ပေါင်စာတိုးရုံနဲ့ ယင်းကျိုးမယ်မောင်ကထင်) ဝတ္ထုတိုပေါင်းချုပ်စာအုပ်နှင့် စာရေးဆရာမ တင်မိခိုင်၏ (ဖေဖေ့ရဲ့ငှက်ကလေး)ဝတ္ထုတိုပေါင်းချုပ်စာအုပ်တို့ ပူးတွဲရရှိခဲ့သည်။

အဆိုပါ ရသဝတ္ထုတိုပေါင်းချုပ် စာပေဆုရသူနှစ်ဦးအား ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ စီးတီးစတားဟိုတယ်၌ ဆုချီးမြှင့်ပွဲကို ခမ်းနားစွာ ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြတ်ပန်းရဂုံစာပေဆုရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် ၂၉/ကဟုခေါ်တွင်သော မြေကွက်အကျယ်အဝန်း အလျား ၁၉ပေ×အနံ ၅၅ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော တစ်ထပ်လူနေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဦးတည်း နေထိုင်ပိုင်ဆိုင်လျက်ရှိပြီး လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သန်းမြင့် ၁၂/သဃက(နိုင်)၁၃၀၄၂၂ထံမှ ယင်းမြေနှင့် အဆောက်အအုံကို ကျွန်ုပ်၏မိတ်ဆွေတို့က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ယင်းမြေကွက်အပါအဝင် မြေပေါ်ရှိ အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ ပိုင်ရေး ပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်း၊ အထောက်အထားပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းစိုးထွန်း
LL.B, D.B.L, WIPO, D.L.P (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၇၀)
အမှတ် ၆၂၊ အခန်း ၁၇၊ ပထမထပ်၊ Winner Firm၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၃၉၆၈

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ သမိုင်းဝင်ထူပါရုံစေတီတော်ဘက်စုံပြုပြင်ရန် သီတဂူအထူးဓမ္မသဘင်

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့ ပိုတန်းရပ်ရှိ သမိုင်းဝင်ထူပါရုံစေတီတော်ကြီးမှာ ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး၏ လုံးပတ်တော်၌ အက်ကြောင်းကြီးများ (၁၅)နေရာ ကွဲအက်မှုဖြစ်ပေါ်ခဲ့ပါသည်။

ယခုအခါ သီတဂူဆရာတော်ဘုရားကြီးကိုယ်တိုင် ဦးစီးဦးဆောင်ပြု၍ စေတီတော်ကြီး၏ ဉာဏ်တော်နှင့် လုံးပတ်တော်တို့ကို တိုးမြှင့်ကာ သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ထူပါရာမစေတီတော်ကြီး၏ပုံတော်အတိုင်း ပြန်လည်ပြုပြင်ကာ တည်ထားမည်ဖြစ်ပါသည်။

သမိုင်းဝင်ထူပါရုံစေတီတော်မြတ်ကြီး ပြန်လည်တည်ထားပြုပြင်ရာ၌ အားလုံးသောအလှူရှင်များ ပါဝင်လှူဒါန်းကုသိုလ်ပြုနိုင်ရန်အတွက် သမိုင်းဝင်ထူပါရုံ စေတီတော်အလှူ သီတဂူအထူးဓမ္မသဘင်ကို ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သွပ်ပိုင်းကြီးရပ်ကွက်၊ အုပ်ချုပ်ရေးရုံး (သွားဆေးတက္ကသိုလ်)ရှေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

သမိုင်းဝင်ထူပါရုံစေတီတော်အလှူ သီတဂူအထူးဓမ္မသဘင်တွင် တရားပွဲမတည်အလှူရှင်အဖြစ် **ဒေါ်ရွှေဥ - ရွှေဥရာဇထပ်** စိန်ရွှေရတနာဆိုင်မှ မွေ့ပါနကုသိုလ်ပြုပြီး

၁၇-၂-၂၀၁၃ (တနင်္ဂနွေနေ့)	- ဝင်မကန်းဆရာတော်အရှင်ဓမ္မေဓိ၊ သာသနမြို့နယ်လှည့်ဓမ္မကထိက၊ စစ်ကိုင်း။
၁၈-၂-၂၀၁၃ (တနင်္လာနေ့)	- သီတဂူအရှင်တိက္ခသာရ (သာသနဓဇဓမ္မာစရိယ B.A, M.A)၊ ကထိကဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်။
၁၉-၂-၂၀၁၃ (အင်္ဂါနေ့)	- ဒေါက်တာအရှင်ကိတ္တိဝံသ၊ မော်ကွန်းထိန်းဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်း။
၂၀-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)	- သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ၊ မဟာဓမ္မကထိက၊ အဂ္ဂမဟာပဏ္ဍိတ၊ Ph.D, D.Litt သီတဂူသာသနာပြုအဖွဲ့နှင့် သီတဂူတက္ကသိုလ်များ၏ အဓိပတိချုပ်။

ဆရာတော်အရှင်သူမြတ်တို့မှ တရားတော်များကို ညစဉ်(၇း၃၀)တွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ပါသောကြောင့် တရားတော်နာကြားရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၅၊ မြေကွက် အမှတ် ၄၉၊ ဧရိယာ ပေ(၄၀×၆၀)ရှိ ဦးပုအမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ မြေကွက်၏ ခြေရင်းဘက် ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့် မြေပေါ်ရှိ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဗဟိုရ်စည်လမ်း၊ အိမ်အမှတ် (၄၉/ခ)တို့ကို မြေချပါမစ်မိတ္တူဖြင့် နောက်ဆုံး လက်ရှိပိုင်ရှင် ဒေါ်နှင်းဝေဦး ၁၂/လသယ(နိုင်)၀၅၆၄၇၆ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးဝင်းစိုး (စဉ်-၇၁၈၂)	**ဦးစိုးဘုန်းပိုင် (စဉ်-၄၀၅၄၂)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၅၀၈၀၄၃၂	**ဖုန်း-၀၉-၄၂၁၇၄၂၆၆၃**

အမှတ် ၅၀၊ D/2 , ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ ရန်ကုန်ကြားစခန်းသိုလှောင်ရုံ ရှိထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ပေါက်ဈေးဖြင့်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ရောင်းချမည့်ပစ္စည်းများ**	-	ပန်းရိုက်ပိတ်အမျိုးမျိုး၊ အဖြူချုတ်ဆေးဆိုးထည်များ၊ သင်္ကန်း(ဒွိစုံ)အမျိုးမျိုး၊ ခြင်ထောင်အမျိုးမျိုး၊ ချုပ်ထည်များ၊ ထိုးထည်များ၊ စွပ်ကျယ်အမျိုးမျိုး၊ တီရှပ်အမျိုးမျိုး၊ လုံချည်အမျိုးမျိုး
၃။ **တင်ဒါပုံစံရောင်းချမည့်ရက်**	-	၁၄-၂-၂၀၁၃ရက်မှ၂၅-၂-၂၀၁၃ရက်ထိ(ရုံးချိန်အတွင်း)
၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ**	-	(က) ရုံးအမှတ်(၃၇)၊ အထည်အလိပ်လုပ်ငန်း၊ ရောင်းချဖြန့်ဖြူးရေးဌာန၊ နေပြည်တော်။ (ခ) အမှတ်(၁)အထည်စက်ရုံခွဲ၊ မရမ်းကုန်း(၇)မိုင်(၇)ဖာလုံ ရန်ကုန်-အင်းစိန်လမ်း(ဈေးကွက်ရှာဖွေရေးရုံး)
၅။ **တင်ဒါပေးသွင်းရမည့် နောက်ဆုံးရက်၊အချိန်၊နေရာ**	-	၂၆-၂-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီ၊ ရုံးအမှတ်(၃၇)၊နေပြည်တော်

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၂၁၃၊ ၀၆၇-၄၀၈၃၆၉၊ ၀၁-၆၆၁၃၀၅၊ ၀၉-၅၀၃၄၀၂၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အထည်အလိပ်လုပ်ငန်း

ဆွှင်တဲ့ကောန်ဂကူမန် ၊ ပရနုက်ကို (၆၆) ဝါ

(၆၆) ကြိမ်မြောက်
မွန်အမျိုးသားနေ့အခမ်းအနား (ရန်ကုန်)

ဖိတ်ကြားလွှာ

(၆၆) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားနှင့် မွန်ရိုးရာ ယဉ်ကျေးမှုဖျော်ဖြေရေးပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မွန်လူမျိုးများ (**မွန်ဝတ်စုံဖြင့်**) မိသားစု စုံစုံညီညီ ကြွရောက်အားပေး ချီးမြှင့်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်	❖	၂၆-၂-၂၀၁၃ (အင်္ဂါနေ့)
ကျင်းပမည့်အချိန်	❖	ညနေ (၅း၃၀) နာရီမှ ည (၁၁း၀၀) နာရီအထိ
ကျင်းပမည့်နေရာ	❖	ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၊ ဒဂုံမြို့နယ်။

၂၃-၂-၂၀၁၃ ရက် ည မွန်အမျိုးသားနေ့အကြို ရုပ်ရှင်ပွဲ ဖိတ်ခေါ်ပွဲတော်
၂၄-၂-၂၀၁၃ ရက် ည မွန်အမျိုးသားနေ့အထိမ်းအမှတ် ရုပ်ရှင်ပွဲ ပေတ္တာရွှေဆင်အငြိမ့်
၂၅-၂-၂၀၁၃ ရက် ညနေ ထမနဲထိုးပွဲ
၂၃-၂-၂၀၁၃ မှ ၂၆-၂-၂၀၁၃ အထိ ဈေးရောင်းပွဲတော်

ကျင်းပရေးကော်မတီ

✦ မြေနီကုန်း၊ ပြည်လမ်းဂိတ်ပေါက်ဝမှ ဝင်ရန်။ ✦

ဒေါက်တာခင်မောင်လွင် (FAME) ရေးသားထားသော
ကျန်းမာသုတစာအုပ်သစ်မိတ်ဆက်ခြင်း



ကမ္ဘာနဲ့အဝှမ်းမှာ တစ်နေ့တစ်ခြား အဖြစ်များလာတဲ့ ဆီးကျောက်တည်ရောဂါကို သိရှိနားလည်ပြီး မည်သို့ မည်ပုံ ကာကွယ်ကုသရမည်ကို အသေးစိတ်ရှင်းလင်း ရေးသားထားသော...

ဆီးကျောက်တည်ရောဂါ

FAME Publishing House မှ ထုတ်ဝေဖြန့်ချိလိုက်ပါပြီ...

ဖြန့်ချိရေး - FAME Publishing House ၊ အမှတ်(၂၀) မင်းကြီးမဟာမင်းခေါင်လမ်း နှင့် နဝဒေးလမ်းထောင့်၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့၊ ဖုန်း - ၆၈၅၆၀၉၊ ၆၈၂၁၉၉၊ ၆၈၅၀၈၃
Fax: 95-1-680122 E-mail : fph@famepharma.com

ကြော်ငြာ

စိုင်းခွန်နောင် ကုမ္ပဏီ၏ ရုံးခွဲအား မင်္ဂလာဈေးနှင့် ယုဇနပလာဇာအနီး စက်ရုံလမ်းမပေါ်တွင် ဖွင့်လှစ်လိုက်ပါပြီ။

ဝန်ဆောင်မှုများ။ ။ (အိမ်၊ ခြံ၊ မြေ) အကျိုးဆောင်၊ ဥပဒေအကြံပေး၊ ဆောက်လုပ်ရေးနှင့်အိမ်တွင်းပြင်ဆင်မှုလုပ်ငန်းများအား မိတ်ဟောင်း၊ မိတ်သစ်များ စိတ်ချယုံကြည်စွာ လုပ်ငန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း။

ကျေးဇူးတင်လျက်

S.K.N Co.,Ltd. မိသားစု

လိပ်စာ။ ။ အခန်း(၁၀၉)၊ပထမထပ်၊လမင်းသာယာကွန်ဒို၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်။ (C.B ဘဏ်နှင့် ရိုးမဘဏ်အပေါ်)

Ph : 01 - 9000030, ext . 1109, 09 73029696, 09 425018618, 09 730 56651, 09 5177953, 09 73165656, 09 73176988

သီတဂူရွှေပြည်ဟိန်းစကျွဲဒါန ဆေးရုံ ဖေဖော်ဝါရီ (၁၆၊၁၇) (၂၁) ကြိမ်မြောက် မျက်စိခွဲစိတ်ခြင်း အလင်းဒါနအလှူရှင်များ

[illegible]		၁၀-သိန်း	[illegible]	ကိုကလေးမြို့	၃၀၀၀၀၀	[illegible]	သာယာဝတီမြို့	၄၀၀၀၀၀
[illegible]		၆၇၀၀၀၀	[illegible]	ကိုကလေးမြို့	၁၀၀၀၀၀	[illegible]	သင်္ဃန်းကျွန်း	၁၀၀၀၀၀
[illegible]		၄၀၀၀၀၀	[illegible]	[illegible]	၁၀၀၀၀၀	[illegible]	ဘောက်ထော်	၁၀၀၀၀၀
[illegible]	ပုဇွန်တောင်		[illegible]	[illegible]	၁၀၀၀၀၀	[illegible]	တ/ဥက္ကလာ	၁၀၀၀၀၀
[illegible]	ရန်ကင်း	၃၀၀၀၀၀	[illegible]	ကမာရွတ်	၁၀၀၀၀၀	[illegible]	ကျောက်တံတား	၁၀၀၀၀၀
[illegible]		၂၇၀၀၀၀	[illegible]	ကမာရွတ်	၁၀၀၀၀၀	[illegible]		၁၀၀၀၀၀
[illegible]	တာမွေ	၂၀၀၀၀၀	[illegible]	ဗိုလ်တထောင်	၁၀၀၀၀၀	[illegible]		၁၀၀၀၀၀
[illegible]	တ/ဥ	၁၅၀၀၀၀	[illegible]	လသာ	၁၀၀၀၀၀	[illegible]		၁၀၀၀၀၀
[illegible]		၁၅၀၀၀၀	[illegible]	တ/ဥ	၁၀၀၀၀၀	[illegible]		၁၀၀၀၀၀
[illegible]	တာမွေ	၁၀၀၀၀၀	[illegible]		၁၀၀၀၀၀	[illegible]		၁၀၀၀၀၀
[illegible]	မ/ဒုံ	၁၀၀၀၀၀	[illegible]		၁၀၀၀၀၀	[illegible]		၁၀၀၀၀၀
[illegible]		၁၀၀၀၀၀	[illegible]		၅၀၀၀၀	[illegible]	သင်္ဃန်းကျွန်း	၅၅၀၀၀
[illegible]	အင်းစိန်	၆၅၀၀၀	[illegible]	စမ်းချောင်း	၅၀၀၀၀	[illegible]	[illegible]	၅၀၀၀၀
[illegible]		၅၀၀၀၀	[illegible]	သင်္ဃန်းကျွန်း	၅၀၀၀၀	[illegible]	[illegible]	၅၀၀၀၀
						[illegible]	ကမာရွတ်	၄၀၀၀၀

[illegible] ASHIN KHEMASIRILINKARA , Shwe Gone Daing Baranch, KBZ Bank (Account No. 0071220029870)

ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှီးဆော်လွှာ

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ သပြေဆိပ်ရွာဖွား နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မြစ်ကြီးနား)၊ ဘဒ္ဒန္တဇဝန (မဟာဂန္ထဝါစကပဏ္ဍိတ၊ ဇရပ်ပြင်၊ ရမ်းဗြဲမြို့နယ်)၊ ဘဒ္ဒန္တကုန္ဒာသက္က (သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာဝိဒူ၊ ရတနာမြိုင်ကျေးရွာ၊ ဂွမြို့နယ်)၊ ဘဒ္ဒန္တဝိသုဒ္ဓ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မြစ်ကြီးနား)၊ သာသနာ့အာဇာနည် ဆရာတော်ကြီး လေးပါးတို့အား သပြေဆိပ်ဆရာတော်နှင့် ဒါယကာ ဒါယိကာမတို့က ကြီးမှူး၍ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက်၊ ၁-၃-၂၀၁၃ရက် (သောကြာနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လှူဒါန်းပူဇော်ကြည်ညိုသဒ္ဓါပွားနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

နေရာ။ ။ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်
လေးတောင်တိုက်နယ်၊ သပြေဆိပ်ရွာ၊

သပြေဆိပ်ဆရာတော်နှင့်
ဒါယကာ ဒါယိကာမများ

ဦးဇော်မြင့် B.A (Korean) Y.U.F.L

ကိုယ်တိုင်ဦးစီးသင်ကြားသော

“ကိုရီးယားဘာသာ”

အထူးသီးသန့်သင်တန်းကျောင်း

မေလထူး E.P.S TOPIK ဖြေဆိုမည့်သူများအတွက် (Special)
တန်းခွဲသစ်များဖွင့်လှစ်ပါမည်။ လူဦးရေကန့်သတ် လက်ခံမည်ဖြစ်ပါသဖြင့်
အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါပြီ။

(အလုပ်ချိန်ပြင်ပ သင်တန်းများလည်းဖွင့်လှစ်ပါမည်။)

အမှတ်(၆၈)၊အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊၀၉-၄၃၀၉၇၅၁၇

မှတ်ပုံတင်နေ့ထိ

စိန်အယက်

ငန်းနီကျော်

ပျားနာ ကိုက်ခဲ တုပ်ကွေးပျောက်
စိန်အယက်ငန်းနီကျော်ကိုသောက်...

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၅၁၀ YR ၀၀၉၀၂

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ် ၇၈၅၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧက၊ စတုရန်းပေ ၂၄၀၀၊အလျားပေ၆၀×အနံပေ၄၀ရှိမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးတိုနီ ၁၂/ကမတ(နိုင်) ၀၅၀၈၈၇ကို နိုင်ငံတော်မှ ဝန်ထမ်းများအတွက် ပေးအပ်သဖြင့် မူရင်းအထောက်အထားများ အပြည့်အစုံနှင့်တကွ ယနေ့အထိ လက်ရောက်ရရှိပိုင်ဆိုင်သူတစ်ဦးဖြစ်ပါသည်။

၎င်းမြေ၏ထမ်းဆောင်ရန် အခွန်အခအားလုံးကိုလည်း ဦးတိုနီမှ စဉ်ဆက်မပြတ်ထမ်းဆောင်လျက်ရှိပြီး ယနေ့အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ရောင်းချ၊ ပေါင်နှံ၊ ခွဲဝေ၊ ပေးကမ်းခြင်းမရှိခဲ့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်စိုး LL.B	**ဒေါ်စိုးနွဲ့နွဲ့လှိုင် LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၀၆၄)	**အထက်တန်းရှေ့နေ(စဉ်-၂၈၆၆၃)**
ဖုန်း-၀၉-၄၉၂၃၀၇၁၄	**ဖုန်း-၀၉-၄၂၁၁၁၄၉၈၉**

င/၈၂၄၊ နွယ်နီ ၁၅ လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ သုမိတ္တာ ၁၆လမ်း၊ မြေကွက်အမှတ် ၆၁၃၊ အကျယ်အဝန်း(၁၇½ပေ×ပေ၅၀)ရှိ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ဝယ်ထားပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်စိုးစိုးတင် ၁၂/ဥကမ(နိုင်)၀၃၃၈၉၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတချို့ တစ်ဝက်ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်မိုးလှိုင်	**ဒေါ်စိုးစိုးနိုင်**
B.Sc (Chemas), H.G.P	**LL.B, D.I.L,WIPO(Geneva)**

အထက်တန်းရှေ့နေများ
အမှတ် ၇၂၃၊ ခေမာသီလမ်းမကြီး၊ က/ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်တရားရုံးရှေ့

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ဂေါ်သူသောင်ကျေးရွာနေ မအေးစန္ဒာဝင်း ၁၄/ဝခမ(နိုင်)၁၈၆၃၁၄၏ ဖခင်အမည်မှန်မှာ ဦးဖိုးခွေး(ခ)ဦးအောင်မြင့် ဖြစ်ပါသည်။ **ဦးဖိုးခွေး(ခ)ဦးအောင်မြင့်**

Asian Diary Travels & Tours

- မကျွဲ မန်းရွှေစက်တော်၊
45000 , Mar 1/22/25
- မကျွဲ မန်းရွှေစက်တော်မုတ်ပုပွား
125000, Mar 23

Ph : 0973069568 , 095120546, 092201196, 01-394711

တိုက်အိမ်ရောင်းမည်

ပေ(၂၀×၄၀) နှစ်ထပ်တိုက် သုခလမ်း (မင်းလမ်းနှင့် ကျောချင်းကပ်)စမ်းချောင်းမြို့နယ်၊ အာရုတော်ဝင်ဆေးရုံအနီး ညို့နှိုင်းဈေး

ဖုန်း-၀၄၅-၃၀၁၉၂၊ ၀၉-၄၉၇၅၂၅၄၇

အမြန်ဆက်သွယ်ပါ

Super-roof ရှေ့ဆွဲ Van၊
နေ့ယာဉ်မောင်း
(တာမွေ၊ မေတ္တာညွန့်)

ဖုန်း-၀၉-၇၃၀၀၅၆၅၄

လှိုင်သာယာမြေ(၃)ကွက်ရောင်းရန်

အင်းစိန်ကြိုးတံတားအဆင်းတွင်ရှိ
၁။ ပေ(၂၀×၆၀)ဂရန်မြေ၊ လမ်းမကြီးနှင့်နီး (၅)ထိပ် ကျပ်သိန်း ၂၀၀။
၂။ ပေ(၄၅×၆၀)ဂုတ်ကွက်၊ ဂရန်မြေ၊ (၁)ထိပ် ကျပ်သိန်း ၄၀၀။
၃။ ပေ(၄၅×၆၀)ပါမစ်မြေ၊ ထောင့်ကွက်၊ တံတားဖြူ ကျပ်သိန်း ၃၅၀။

ဖုန်း-၀၉-၇၃၂၃၉၇၃၅၊
၀၉-၄၂၀၁၁၅၅၄၈၊
၀၉-၄၁၂၀၁၃၅၈၈

အစိကာ

- လက်ဖဝါးကွဲ
- ခြေဖဝါးကွဲ
- ခြေဖနောင့်ကွဲ
- အသားမာတက်နှင့်
- ငါးမျက်စိခြစ်ခြင်းများအတွက်
သုံးစွဲနိုင်ပါသည်။

Ph: 01 - 379385

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၃၂၁၅ Toyota Dyna BU 67 ယာဉ်လက်ဝယ်ရှိသူ စီးပွားရေး ဦးပိုင်လီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

ဒေါ်လှလှမူအမည်ပေါက် ဒေါ်မြင့်မြင့်မော် လက်ရောက်ရရှိပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ အေးမြသာယာလမ်း၊ မြေကွက်အမှတ် ၁၀၇၆၊ ပေ(၄၀×၆၀) ဂရန်မြေအမျိုးအစားမြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေဦးကျော်သောင်း ၁၂/သဃက(နိုင်)၀၉၈၄၄၂ထံမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများကို တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ကျော်အောင်(စဉ်-၃၄၄၉၀)	**ဒေါ်ကြည်သာဝင်း(စဉ်-၂၉၅၅၃)**
LL.B, C.B.L	**LL.B, LL.M**

အထက်တန်းရှေ့နေများ(ရွှေဟင်္သာအိမ်ခြံမြေဥပဒေအကျိုးဆောင်)
အမှတ် ၈၆၄၊ ပင်လုံလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၄၃၁၃၃၇၅၁

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မအေးမြတ်မွန်ကျော်သည် မိဘဆိုဆုံးမမှုကို လက်မခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ လုံးဝအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မည်သည့်ကိစ္စအဝဝမှ တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကျော်မြင့် ၁၄/ဒဒရ(နိုင်)၀၃၆၈၇၄-
ဒေါ်ရင်နွဲ့ ၁၄/ဒဒရ(နိုင်)၀၃၆၆၇၃

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
နေပြည်တော်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ အောက်ပါမော်ချီးရောရာ သတ္တုများကို ရောင်းချရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

(၁) **သတ္တုအမျိုးအမည်နှင့်တန်ချိန်** - MAWCHI MIXED ORE, ABT (70.00) MTS
(၂) **DELIVERY** - FOB (LOIKAW)
(၃) **PRICING** - FIXED PRICE IN US DOLLARS
(၄) **PAYMENT** - TO OPEN L/C OR TT NOT LATER THAN (15) DAYS AFTER THE ACCEPTANCE OF THE OFFER
(၅) **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၁-၂-၂၀၁၃ ရက် (ရုံးချိန်)
(၆) **တင်ဒါပေးသွင်းရမည့်နေရာ** - ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်
(၇) အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက သတ္တုတွင်းဝန်ကြီးဌာန၊အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ဝယ်ယူရောင်းချရေးဌာနခွဲ၊ ဖုန်းနံပါတ်-၀၆၇-၄၀၉၃၉၁ နှင့် ၀၁-၆၅၇၀၆၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

တင်ဒါခေါ်ယူခြင်း

နေပြည်တော်ကောင်စီနယ်မြေ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း) ပရဝုဏ်အတွင်းတွင် တက္ကသိုလ်၏အမည်ပါရှိသည့် မုခ်ဦးတည်ဆောက်ရန်အတွက် ဆောက်လုပ်လိုသူများထံမှ တင်ဒါခေါ်ယူလိုပါသည်။ ဆောက်လုပ်လိုသော မုခ်ဦးပုံစံကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ တက္ကသိုလ်တင်ဒါရွေးချယ်ရေးအဖွဲ့သို့ ၁၉-၂-၂၀၁၃ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဒုတိယပါမောက္ခချုပ် (စီမံ) ဖုန်း-၀၆၇-၄၁၆၅၂၆ ထံသို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ နေပြည်တော်ကောင်စီနယ်မြေ

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ဖိတ်ကြားလွှာ

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲများကို မတ်၃၀ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် ၁၀/၁၁၊ ဒုတိယထပ်၊ ကန်တော်ကလေးလမ်း၊ (အောင်ဆန်းကွင်းမြောက်ဘက်ခြမ်း) မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းအမှုဆောင်အဖြစ် ရွေးချယ်ခံလိုသူ အသင်းဝင်များနှင့် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ခုနှစ် ပညာသင်နှစ် (၂)နှစ်စာအတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးသုံးဘာသာနှင့်အထက် အောင်မြင်ခဲ့သူ အသင်းဝင်များ၏သားသမီးများသည် မတ် ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ အသင်းတိုက်သို့ လျှောက်ထားနိုင်ပါသည်။ ပညာရေးထောက်ပံ့ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ညွန့်ဇော်(ငြိမ်း) ဖုန်း-၀၁-၅၃၆၄၆၄၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဟန်ကြူ ဖုန်း-၀၉-၅၁၂၀၂၃၇၊ ဦးသိမ်းလွင် ဖုန်း-၀၅၂-၂၄၂၂၁၊ အတွင်းရေးမှူး ဦးဝင်းမြင့် ဖုန်း-၀၁-၅၈၀၀၃၂၊ ၀၉-၅၁၄၈၂၀၄၊ ဘဏ္ဍာရေးမှူး ဦးခင်စိုး ဖုန်း-၀၁-၄၀၀၁၄၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အသင်းသူ အသင်းသားများနှင့် အသင်း၏ မိတ်ဆွေသင်္ဂဟများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/၂) မြေကွက်အမှတ် (၈) ဧရိယာ (၆၀ ပေ × ၈၀ ပေ) ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ဦးကိုကို (၁၂/ဥကတ (နိုင်) ၀၀၀၆၂၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရံငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဇော်လတ် (LL.B)
အထက်တန်းရှေ့နေ (စဉ် - ၂၃၃၈၀)
အမှတ်-၅၈(ပထမထပ်) မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း ၀၉-၄၉၃၀၆၅၅၀

ယောနယ်အသင်း(ရန်ကုန်)
နှမ်းထမနဲပွဲ

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စွယ်တော်မြတ်စေတီဝင်း သတ္တာဒေဝမနုဿနံ ယောနယ်ဓမ္မာရုံ၌ အသင်းဥက္ကဋ္ဌ ဦးအေးမောင်၏ အသက်(၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် ယောနယ်ပညာရေးဖောင်ဒေးရှင်း အလှူနှင့် နှမ်းထမနဲကုသိုလ်ပြုပွဲသို့ ယောနယ်ဒေသန္တယ်ဖွား ယောသား၊ ယောသူများကို ဖိတ်ကြားအပ်ပါသည်။

သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
ယောဂလေ့ကျင့်ခန်းများစွာကို ဓာတ်ပုံများဖြင့် အဆင့်ဆင့်ဖော်ပြထားသော
ဦးခင်မောင်ဆွေ၏
ယောဂပို့ချချက်များ
ဖြန့်ချိရေး- စာပေလောက(၆)၊ ၀၉ ၇၃၀ ၁၉၆၆၅

"ဖိတ်ကြားလွှာ"

ပန်းချီဆရာကြီး ဒေါက်တာဦးမြသန်း၊ ပန်းချီဆရာကြီးဦးဘဝင်း၊ ပန်းပုဆရာကြီး ဦးလွင်မောင်၊ ပန်းချီဆရာကြီး ဦးမျောင်စိုးတင်ဦး၊ ပန်းချီဆရာကြီး ဦးလှမြင့်ဆွေ၊ ပန်းချီဆရာကြီးဦးမိုးနိန်ထွန်းတို့၏ ပုံတူ ပန်းချီနှင့် ပန်းပုလက်ရာ၍ ပန်းချီရွှေမြင့်နှင့် ကျော်ကျော်မင်း (ပန်းပု)တို့မှလက်တွေ့ ရေးဆွဲထုလုပ်မည်ဖြစ်ပါသဖြင့် ဖော်ပြပါအစီအစဉ် အတိုင်းကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ပန်းချီရွှေမြင့်၊ ကျော်ကျော်မင်း(ပန်းပု)
www.kyawkyawmin.com

နေ့ရက်။ ။ ၂၅-၂-၂၀၁၃မှ ၂-၃-၂၀၁၃ အထိ(နေ့စဉ်)
အချိန်။ ။ နေ့စဉ် နံနက်(၁၀ : ၀၀)နာရီမှ ညနေ (၄:၀၀)နာရီ
နေရာ။ ။ **လောကနတ်ပန်းချီပြခန်း** အမှတ်(၆၂) ပထမထပ် ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)
မော်လမြိုင်ခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၁

ဦးခင်မောင်ထွန်း **နှင့်** ၁။ ကိုချမ်းမြေ့အောင်
၂။ မခိုင်ခိုင်ဝင်း

တရားလို **တရားပြိုင်များ**

အမှတ် ၄၉၊ နယ်မြေ ၂၊ ကော့ကလုတ်ကျေးရွာ၊ နောင်ခရီကျေးရွာအုပ်စု၊ မော်လမြိုင်မြို့ (ယခုနေရပ်လိပ်စာမသိ) ၁။ ကိုချမ်းမြေ့အောင် ၂။ မခိုင်ခိုင်ဝင်း(အတူနေလင်မယား) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ပြုလုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် (၁၃၇၄ ခုနှစ် တပို့တွဲလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ယဉ်ယဉ်သိန်း
ဒုတိယခရိုင်တရားသူကြီး(၂)
မော်လမြိုင်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၆ ရှိ မြေကွက်အမှတ်- ၉၃ အီး/၂ ဧရိယာ- ၀.၀၅၆ ဧက ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ အင်းယားမြိုင်လမ်း အမှတ် (၂၈) ဟုခေါ်တွင်သော မြေပိုင်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူ ဒေါ်သန်းနု (စီအိုင်-၀၅၉၃၄၄၉၊ ၁၂/ဗဟန(နိုင်)၀၅၄၇၅၉၉) ထံမှ ဒေါ်ပိုးကြူ (ခ) ဒေါ်ယဉ်ယဉ်အေး (၁၂/ပဘတ(နိုင်)၀၂၂၈၀၆) က အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်- ၃၄၄၂/၂၀၁၂ ကို ချုပ်ဆိုဝယ်ယူခဲ့ပြီး ၎င်းထံမှ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုဝယ်ယူထားသူ ဒေါ်စောအေးမြင့် (၁၂/တမန(နိုင်)၀၅၁၉၀၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
သင်းကြူနိုး (LL.B., LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၃၀-၃၅၀၀၀။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၇၊ မြေကွက်အမှတ် ၁၀၄၆၊ မြေကွက်တည်နေရာအမှတ် ၁၀၄၆၊ ရာဇသူရလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဦးသိန်းမြင့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းမြင့် ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းမြင့် ၁၂/ဗဟန(နိုင်)၀၁၂၀၄၄က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဥတုရာသီ တောကိုမှီ၏

ဝမ်းနည်းကြေကွဲခြင်း
ကျူးလီရှစ် (ခ) ဦးတင့်ဆွေ
အသက်(၈၁)နှစ် မော်လမြိုင်မြို့

ဦးကျော်လတ်ဝင်း-ဒေါ်ကြည်ကြည်ဝင်း (နည်းပြ၊ ဒဿနိကဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)တို့၏ဖခင် ကျူးလီရှစ်(ခ)ဦးတင့်ဆွေသည် (၂၉. ၁. ၂၀၁၃) နေ့တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ဒဿနိကဗေဒမိသားစု မော်လမြိုင်တက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ကြည် (ပဲခူး)
လက်ထောက်ဘူမိဗေဒအရာရှိ (ဘဓရ-ငြိမ်း)၊ B.Sc (Geology) ၁၉၇၄
အသက်(၆၃)နှစ်

၁၂-၂-၂၀၁၃ရက် မွန်းလွဲ ၁:၄၅ နာရီတွင် ကော့မှူး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

RASU, Geology ၁၉၇၄မှ သူငယ်ချင်းများ

(၁)လပြည့်လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း
(၁၅-၁-၂၀၁၃)-(၁၅-၂-၂၀၁၃)
ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမ
ဒေါ်မိမိနိုင်
အသက်(၅၂)နှစ်

အမေ

မိသားစုနှင့် မထင်မှတ်ဘဲ ခွဲခွာသွားတာ ၁၅-၂-၂၀၁၃ရက်ဆိုရင် တစ်လပြည့်မြောက်ခဲ့ပြီ။ နေ့စဉ်လစဉ်ပြုသည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို မြင့်မြတ်သော ရောက်ရာဘုံဘဝမှ ခံစားစံစားနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သပါသည်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

အမေရေ အမျှ- အမျှ- အမျှ

ခင်ပွန်း- ဦးတင်ဝင်း(အောင်ဟိန်းစားသောက်ဆိုင်)
သားသမီး၊ မြေးတစ်စု

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၈

ဒေါ်သန်းလှိုင်
၁၂/တမန(နိုင်)၀၄၅၉၂၅
တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ် **လျှောက်ထားသူ**

ကွယ်လွန်သူ ဝေသာလီမောင်ဖုန်း(ခ)ဦးမောင်ဖုန်း ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ မချစ်တီးလမ်း၊ အမှတ် ၁၅ တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဝေသာလီမောင်ဖုန်း(ခ)ဦးမောင်ဖုန်း ကျန်ရှိရစ်သော ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာရရှိထားသူ ဒေါ်သန်းလှိုင်က ၄င်းထိန်းသိမ်းခွင့်ရရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ် ၆၀ ရပ်ကွက်၊ အမှတ် ၁၅၅၈၊ အလျား ပေ ၄၀× အနံ ပေ ၆၀ မြေကွက်တစ်ကွက်ကို စီမံခန့်ခွဲ၊ ရောင်းချခွင့်အမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇ အရ လျှောက်ထားလာသည်ဖြစ်၍ ဤအမှုကို ၂၀၁၃ ခုနှစ် မတ် ၆ ရက် (၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက်) နံနက် ၁၀ နာရီတွင် ကြားနာရန်ချိန်းဆိုထားသဖြင့် ကွယ်လွန်သူ ဝေသာလီမောင်ဖုန်း(ခ)ဦးမောင်ဖုန်း ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးသက်ဆိုင်သည်ဟုအဆိုရှိသူ မည်သူမဆို အမှုတွင် လာရောက်အမှုဆိုင်လိုပါက အထက်ပါ ချိန်းဆိုထားသောနေ့ရက်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်နိုင်ရန်နှင့် ယင်းသို့ ခွင့်ပြုမိန့်ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့ လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်သန်းလှိုင်၏ လျှောက်လွှာအား ကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှမြင့်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄/စီ) မြေကွက်အမှတ်-၃၃ ဧရိယာ(၀.၁၅၂)ဧကရှိမြေကွက်အနက်မှ [illegible] အလျား× အနံ([illegible] × [illegible])ပေရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောတိုက်အမှတ်(၆/၅၁၊ ၆/၁၁၀၊ ၆/၅၁၊ ၆/၁၁) ၊ [illegible] လမ်း၊ ဒညင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော [illegible] အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသူ ၁။ ဒေါ်အေးမြင့်(၁၂/အစန(နိုင်)[illegible]) ၂။ ဒေါ်ကြင်သောင်း(၁၂/အစန(နိုင်)[illegible]) ၃။ ဒေါ်လှမြင့်(၁၂/အစန(နိုင်)[illegible]) ၄။ ဦးရဲမြင့်(၁၂/အစန(နိုင်)[illegible]) ၅။ ဒေါ်ချောရင်(၁၂/အကန(နိုင်)[illegible])တို့ထံမှအပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း နောက်ဆုံးထားပြီးကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦး[illegible](LL.B.,D.B.L.,D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-[illegible])
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၇၃၁၁၀၅၅၃၈၊ ၆၄၂၈၈

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်

အကယ်ဒမီမော့စ်(ခ)ဦးတင်ဝင်း

အသက်(၅၉)နှစ်

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီမော့စ်(ခ)ဦးတင်ဝင်းသည် ၁၃-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့်ဇနီး မိသားစု

ဒုတိယဝန်ကြီးများနှင့်ဝန်ထမ်းများ

သာသနာရေးဝန်ကြီးဌာန

ဦးလှအောင် R/O (P.I.L) CDC (4885)

အသက်(၆၉)နှစ်

(ဦးစိုးမြင့်-ဒေါ်သန်းကြည်)၊ (ဦးဝိန္ဒက၊ ရွှေကျောင်းဆရာတော်၊ဟသ်ာတ)၊ (ဦးသိန်း)-ဒေါ်တင်တင်၊ (ဦးချစ်-ဒေါ်ရင်ရင်)၊ ဦးသောင်းညွန့်-(ဒေါ်စန်းရီ) တို့၏ညီမောင်၊ အခန်း ၄၀၃၊ တိုက်-အေ၊ အင်ကြင်းမြိုင်အိမ်ရာ၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗိုလ်ချုပ်(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်စုစုလတ်၏ခင်ပွန်း၊ မောင်နေအောင်လတ်၏ဖခင်သည် ၁၄-၂-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၀း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၃ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးချစ်လွင်

(မန်နေဂျာ၊ ငြိမ်း)၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄)ရပ်ကွက်တောင်ပိုင်း၊ အောင်သစ္စာ(၅) လမ်း၊ အမှတ် ၈၀၁နေ (ဦးပန်းအောင်-ဒေါ်ငွေအောင်)တို့၏သားကြီး၊ ဦးအောင်ရွှေ-ဒေါ်ရွှေတင်တို့၏မောင်၊ ဒေါ်လှလှဝင်း(ခ)မဘုတ်ဆုံ၊ ကိုအောင်ကျော်ထွန်း-မစန်းစန်းဌေး၊ ကိုမောင်မောင်လွင်-မခင်သန်းဦးတို့၏အစ်ကိုကြီး၊ ကိုသီဟကျော်-မစန္ဒာထွန်း၊ မနိုင်နိုင်ဝင်းတို့၏အဘ၊ တူ၊ တူမ ကိုးယောက်၊ မြေးခုနစ်ယောက်တို့၏အဘိုးလေးသည် ၁၂-၂-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်သန်းရီ (ထားဝယ်)

အသက်(၆၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ယဉ်ငေးရွာနေ (ဦးဖေရှိ)-ဒေါ်အိုသားတို့၏သမီး၊ ထားဝယ်မြို့၊ ရှမ္ဗလည်ဆွဲရပ်ကွက်၊ မြေသာယာလမ်း၊ အမှတ် ၄၂၄နေ ဦးကျော်မြင့်၏ဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘဇ္ဇာန်းလမ်း၊ အမှတ် ၇၀၉(လေးလွှာ)၊ ကိုဝင်းထွန်းလတ်- မငြိမ်းငြိမ်းအိ၊ မောင်နိုင်လင်းတို့၏မိခင်သည် ၁၄-၂-၂၀၁၃ရက် နံနက် ၁နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Pi Si Cuai (LBC)

အသက်(၄၂)နှစ်

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်နေ (Pu Hei Dun- Pi Dang Lang) တို့၏သမီး၊ Pu Tawk Lian-Pi Dawt Chin Sung(Hakha) တို့၏ညီမ၊ Pi Dar Men-Pu Cung Bik (USA)နှင့် Pi Esther Beau-Pu Daniel Sakhong (USA)တို့၏ညီမ၊ Pi Sung Chin-Pu Kawl Lian Hmung (USA)တို့၏အစ်မ၊ Nu Lily Par Tha-Mr.Matt (USA), Nu Biak Vel Mawi (Australia)နှင့် Nu Mi Mi Aung (တက္ကသိုလ်ဝင်တန်း၊ အထက-၂၊ လမ်းမတော်) (ပညာ့ပါရမီ၊ ဘောက်ထော်)တို့၏မိခင်၊ Pu Lian Mang ၏ဇနီးသည် ၁၃-၂-၂၀၁၃ရက် နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာနတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၆-၂-၂၀၁၃ရက် မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [နေအိမ်၊ တိုက် ၄၈၊ အခန်း ၂၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ လှိုင်သီရိအိမ်ရာ၊ဘီအိုစီ(အင်းစိန်)၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မန္တလေးမှတ်တိုင်တို့မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးဘမောင် (မြိတ်)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ခေမာသီ ၁လမ်း၊ အမှတ် ၂၃နေ (ဒေါ်ပေါ်ကြွယ်)၏ ခင်ပွန်းသည် ၁၃-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၃ရက်(သောကြာနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်စန်း

အသက်(၆၉)နှစ်

ညောင်လေးပင်မြို့၊ အမှတ် ၂၊ အာဇာနည်လမ်း၊ မြို့မ(၃)ရပ်ကွက်နေ (ဦးအေးကျော်)၏ဇနီး၊ တိုးတိုးဦး-သက်ထားဦး၊ အောင်သွင်ဦး-မာသီဝင်း၊ အောင်လွင်ဦး-သန္တာရှိန်၊ ဝင်းနိုင်ဦး-ခင်သိုက်ဝင်း၊ ထွန်းနိုင်ဦး-ရွှေဝတ်မှုန်၊ အောင်ဆန်းဝင်း-နွယ်နီအေး၊ မရှင်ငြိမ်းခင်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၃-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးအောင်သင်း

ပါရမီ (Taxi)

အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ [ဗိုလ်မှူးလှသင်း(ငြိမ်း)-ဒေါ်ကြည်ညွန့်]တို့၏သားထွေး၊ (ဦးခင်မြင့်၊ လေကြောင်းထိန်းသိမ်းရေးအရာရှိ၊ ငြိမ်း)-ဒေါ်မြသီတို့၏သမက်၊ ရန်ကင်းမြို့နယ်၊ ၁၂လုံးတန်း၊တိုက် ၂၁၉၊ အခန်း ၂၉နေ ဒေါ်သန်းသန်းအေး (Pansy)၏ ခင်ပွန်း၊ မချိုငုဝါနှင်း၏ဖခင်၊ [ဦးရဲမြင့်သင်း(အကောက်ခွန်)-ဒေါ်မာလာ]၊ ဦးရဲတင့်သင်း၏ညီ၊ ဦးဦးသန့်(CHC)-ဒေါ်နုနုသင်း (အလပြ၊ ငြိမ်း)၊ ဦးတေဇ (MUU-Consulting Singapore)-ဒေါ်မြင့်မြင့်သင်းတို့၏အစ်ကို၊ မောင်ရန်နိုင်ကျော်(Final years Eng)၊ မောင်ကောင်းထက်ကျော် (G-IX, ထ-၂၊ လမ်းမတော်)တို့၏ဘကြီးသည် ၁၁-၂-၂၀၁၃ရက် (တနင်္လာနေ့) ည ၉း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ဘုန်းကြီးလမ်းနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီနှင့် ရန်ကင်းနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအိန်ဆိုင် (မြန်မာ့မီးရထား၊ ငြိမ်း)

(၁၉၄၆၊ ၁၉၄၇၊ ၁၉၄၈၊ ၁၉၅၂၊ မောင်ဗမာ)

အသက်(၉၇)နှစ်

မော်လမြိုင်မြို့နေ (ဦးဟုတ်ရှိန်-ဒေါ်ဖွားမေ)တို့၏တတိယသား၊ ၅၄(ခ) ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်နေ ဒေါ်သစ်သစ်လွင်-ဦးမြင့်၊ ဦးမြင့်အောင်-ဒေါ်စိုးစိုးထွန်း(ဟသ်ာတ)၊ (ဦးကြည်ဝင်း)-ဒေါ်တင်တင်ရှိန်(လားရှိုး)၊ ဒေါက်တာမြင့်မြင့်စီ-ဒေါက်တာမျိုးမော်(USA)၊ ဒေါက်တာနွယ်နွယ်အေး-ဒေါက်တာအေးကိုကို(USA)တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၀၃း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် မင်းကွန်းတိပိဋက=နိကာယ စကားဝါလမ်းတွင် နံနက် ၉နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ကြည် (ပဲခူး)

အသက်(၉၂)နှစ်

ပဲခူးမြို့နေ (ဦးဟုတ်စိန်-ဒေါ်ကျင်စိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဦးလော်ခြိလမ်း၊ အမှတ် ၁၃/ခနေ ဒေါက်တာဖုန်းမြင့်-ဒေါ်ခင်ဆင့်ဟန်၊ ဦးသိန်းလှိုင်-ဒေါ်ခင်မြင့်မြင့်၊ ဦးခင်မောင်ချို-ဒေါ်ဆွေဆွေမြင့်၊ဒေါက်တာမြင့်အောင်-(ဒေါ်သီတာမြင့်)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား၊ (ဦးကြီးမြင့်)(မော်ကွန်းဝင်ပထမဆင့်)၏ဇနီးသည် ၁၃-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ည ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကျင်မေ (ပြင်ခရိုင်)

အသက်(၈၅)နှစ်

ဒေါက်တာအောင်ထွဋ်(ညွှန်ကြားရေးမှူး၊ ပြည်သူ့ကျန်းမာရေး၊ ကျန်းမာရေးဝန်ကြီးဌာန)-ဒေါ်သန္တာဝင်း၊ ဒေါ်ခင်လှရီတို့၏မိခင် ဒေါ်ကျင်မေသည် ၁၃-၂-၂၀၁၃ရက် မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယညွှန်ကြားရေးမှူးချုပ်

ဦးတင်မြင့်-ဒေါ်ရွှယ်ဂျာ မိသားစု

ပြည်ထဲရေးဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်ရီ(မင်းဘူးမြို့) လူထုပညာရေးမှူးဟောင်း(သတ္တမပတ်)

အသက်(၈၁)နှစ်

မင်းဘူးမြို့နေ (ဦးသက်တင်-ဒေါ်သန်း)တို့၏သမီး၊ ကနီမြို့နေ (ဦးစံသိန်း-ဒေါ်မေ)တို့၏သမီးချွေးမ၊ ကမာရွတ်မြို့နယ်နေ (ဦးစိန်လွင်၊ နယ်ပိုင်ဝန်ထောက်၊ ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးစိန်ထွန်း(ဒု-ညွှန်မှူး၊ ငြိမ်း၊ အခြေခံပညာဦးစီးဌာန)-ဒေါ်အုန်းကြည်၊ မုံရွာမြို့နေ (ဦးအောင်သန်း)-ဒေါ်တင်တင်၊ ဦးကြည်(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်မြကြည်၊ ရန်ကုန်မြို့နေ ဦးအောင်သန်း(ဒု-ညွှန်မှူး၊ စက်မှုလယ်ယာဦးစီးဌာန)-ဒေါက်တာဒေါ်ခင်သန်းစံ(ငြိမ်း)၊ နေပြည်တော်နေ အရာခံဗိုလ်အေးလွင်(ငြိမ်း)-ဒေါ်မြမြဝင်း၊ တာမွေမြို့နယ်နေ (ဦးစန်းလွင်)-ဒေါ်စန်းစန်းဝင်း(အထက-၅၊ တာမွေ)တို့၏အစ်မကြီး၊ ဒေါ်စပယ်လွင်(အလယ်တန်းကျောင်းအုပ်ဆရာမကြီး၊ အထကခွဲ၊ တော်ကလိပ်၊ ကွမ်းခြံကုန်းမြို့နယ်)၊ ဒေါ်သဇင် (လက်ထောက်ညွှန်ကြားရေးမှူး၊ အထူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၊ သာကေတ)တို့၏မိခင်ကြီး၊ တူ၊ တူမ ၁၆ယောက်တို့၏ဒေါ်ကြီးသည် ၁၃-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၅-၂-၂၀၁၃ရက်(သောကြာနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(သာကေတ၊တိုင်းရင်းသားကျေးရွာနေအိမ်မှကားများညနေ၃း၃၀နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်ရီ(မင်းဘူးမြို့) လူထုပညာရေးမှူးဟောင်း(သတ္တမပတ်)

အသက်(၈၁)နှစ်

မင်းဘူးမြို့နေ (ဦးသက်တင်-ဒေါ်သန်း)တို့၏သမီး၊ ကမာရွတ်မြို့နယ်နေ (ဦးစိန်လွင်၊ နယ်ပိုင်ဝန်ထောက်၊ငြိမ်း)၏ဇနီး၊မင်းဘူးမြို့နေ ဦးလှတင်-(ဒေါ်စန်း)၏ညီမ၊ ရန်ကုန်မြို့နေ ဦးမောင်မောင်ကြီး-(ဗိုလ်ကြီးဒေါ်မြမြထွန်း)၊ ဗိုလ်ကြီးစိုးမြင့်(ငြိမ်း)-ဗိုလ်ကြီးဒေါ်ကြည်ကြည်စိန်(ငြိမ်း)၊ (ဦးဌေးမောင်)-ဒေါ်သန်းနွဲ့တို့၏အစ်မ၊ ဒေါ်စပယ်လွင်(အလယ်တန်းကျောင်းအုပ်ဆရာမကြီး၊ အထကခွဲ၊ တော်ကလိပ်၊ ကွမ်းခြံကုန်းမြို့နယ်)၊ ဒေါ်သဇင်(လက်ထောက်ညွှန်ကြားရေးမှူး၊ အထူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၊ သာကေတ)တို့၏မိခင်ကြီး၊ တူ၊ တူမ ၁၈ယောက်တို့၏အန်တီကြီးသည် ၁၃-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (သာကေတ၊ တိုင်းရင်းသားကျေးရွာနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးခိုင်ထွဋ် (မိုးကုတ်ယောဂီ)

(AE ငြိမ်း၊ ဆောက်လုပ်ရေး)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်(၆)ရပ်ကွက်၊ ပီမိုးနင်းလမ်း၊ အမှတ် ၁၈၀၄နေ (ဦးအောင်ဘ-ဒေါ်အေးဆင့်)တို့၏သား၊ ဦးဝင်းမြင့်ဦး-ဒေါ်မြင့်မြင့်ကြည်၊ ဦးမြင့်သန်းဦး-ဒေါ်သီရိစန္ဒာ၊ ဦးလှအောင်-ဒေါက်တာနိုင်နိုင်အောင် (ဓာတ်မှန်အထူးကုဆရာဝန်ကြီး၊ ခုတင်-၁၀၀၀၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး)၊ ဦးထွန်းထွန်းခိုင်-ဒေါ်ဝင်းဝင်းမြင့်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုး၊ (ဒေါ်ပြုံးကြည်)၏ခင်ပွန်းသည် ၁၄-၂-၂၀၁၃ ရက်(ကြာသပတေးနေ့)နံနက် ၁း၄၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၃ရက် (စနေနေ့) နေအိမ်မှ မွန်းလွဲ ၁နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ခင်ခင်လတ်(မော်လမြိုင်)

အသက်(၈၁)နှစ်

အမှတ် ၁၂၊ ဗဟိုရ်လမ်း၊ ဇျိုင်းရွာမ အရှေ့ရပ်ကွက်၊ တာမွေမြို့နယ်နေ(ဦးပါဟွက်-ဒေါ်အုံးသင်)တို့၏သမီး၊ (ဦးကံကြီး - ဒေါ်ငွေခင်)တို့၏ သမီးချွေးမ၊ ဦးတင်လတ် (ဗဟိုတရားရုံးချုပ်ရှေ့နေ၊ နိုတြီပဗ္ဗလစ်)၏ဇနီး၊ (ဦးလှတင်)-ဒေါ်ခင်ခင်စိန်၊ (ဒေါ်ခင်ခင်အေး)-ဦးတင်ကြည်၊ ဒေါ်ခင်သောင်းယဉ် (မြန်မာစာပါမောက္ခ၊ ငြိမ်း)-ဦးမြင့်သန်း(မြန်မာစာပါမောက္ခ၊ ငြိမ်း)၊ ဒေါက်တာခင်မေညွန့် (ဆေးရုံအုပ်ကြီး၊ ငြိမ်း)၊ ဦးဘဆင့်(အမှုဆောင်အရာရှိ၊ ငြိမ်း၊ မြန်မာ့ရေနံ)-ဒေါ်ခင်ငြိမ်း(အထပြ၊ ငြိမ်း)၊ (ဦးမောင်မောင်မျိုးဝင်း)တို့၏အစ်မကြီးသည် ၁၃-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၂-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မမကြီး

အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၀)ရပ်ကွက်၊ မာဃလမ်း၊ အမှတ် ၁၄၃နေ(ဦးအောင်မြင့်-ဒေါ်ရှင်)တို့၏သမီး၊ (ဦးကျင်မောင်)၏ဇနီး၊ ဦးတင်ဦး-ဒေါ်ခင်သန်းဝင်း၊ ဦးကျင်လှ-ဒေါ်ကြည်ကြည်မြင့်၊ ဦးဘုန်းဇော်(ခ)ဦးဇော် - ဒေါ်နီနီအောင်တို့၏မိခင်၊ မေနွယ်ဦး၊ သင်းနွယ်ဦး၊ အောင်ကျော်ဇောတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၃-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုန်းမြ

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၁၂၂၊ ဦးချစ်မောင်လမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်နေ (ဦးစီ-ဒေါ်ဖွားချစ်) တို့၏သမီး၊(ဦးသောင်း)၏ဇနီး၊ ဦးကံကောင်း-ဒေါ်တင်အောင်၊ ဦးဝင်းတင်-ဒေါ်ညို၊ ဦးငွေကြွယ်-ဒေါ်မြမိုးမိုး၊ ဦးသက်နိုင် - ဒေါ်စန်းစန်းသူတို့၏မိခင်သည် ၁၃-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅-၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနဝင်းနှင့် အမှတ် ၁၂၂၊ ဦးချစ်မောင်လမ်းနေအိမ်တို့မှကားများ နံနက်၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၃ရက် (အင်္ဂါနေ့)နံနက်တွင် အရာရှိရိပ်သာ၊ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ အောင်သိဒ္ဓိ၊ အရှေ့ရွှေဂုံတိုင်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်မိုင်လှစိန်

အသက်(၈၂)နှစ်

လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်၊ မြနန္ဒာအိမ်ရာ၊ တိုက် ၄၊ အခန်း ၀၀၂နေ (ဦးဖိုးပိန်-ဒေါ်သင်)တို့၏သမီး၊ (ဒေါ်ငွေစိန်)၊ (ဦးဘချစ်)၊ (ဒေါ်ရွှေစိန်)တို့၏ညီမ၊ ဦးဆလိုင်းထွန်းကြည်၏ဇနီး၊ ဆရာမ မိုင်ခင်မာထွန်း(JAT၊ အလက-၅၊ လှိုင်)၊ ဆလိုင်းမျိုးမြင့်ထွန်း၊ မိုင်ယဉ်ယဉ်ထွန်း (ဆေးဝါး)တို့၏ မိခင်သည် ၁၃-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၅-၂-၂၀၁၃ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်အေး(ခ)အနှင်း

အသက်(၅၁)နှစ်

မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ အမှတ် ၅၁နေ ဦးဇော်ဝိတ် (လဝက၊ ငြိမ်း)-ဒေါ်ရွှေချစ် (အလပြ၊ ငြိမ်း) တို့၏ တစ်ဦးတည်းသောသမီး၊ ဒေါက်တာအေးကို - ဒေါ်နန်းခမ်းအေး၏ ညီမ၊ ဗိုလ်မှူးကြီးမြတ်သွင် (ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးချုပ် (အား/ကာ)-ဒေါက်တာဒေါ်အေးအေးခိုင်မြင့် (တွဲဖက်ပါမောက္ခ၊ ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးတင်ထွဋ်နိုင်(CD-18)-ဒေါ်ချိုချိုဝင်းတို့၏အစ်မသည် ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၅း၁၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးကြီးရဲမြင့် (ငြိမ်း) (BC- ၅၉၂၂)

မော်ကွန်းဝင်(ဒုတိယဆင့်)

ချင်းပြည်နယ်ဒေသပါတီကော်မတီဥက္ကဋ္ဌ

မန္တလေးတိုင်းဒေသကြီး ပါတီကော်မတီဥက္ကဋ္ဌ

ဗဟိုနိုင်ငံရေးတက္ကသိုလ်ကျောင်းအုပ်ကြီး

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိရိပ်သာလမ်းသွယ်(၁)၊ အမှတ် ၄၀နေ(ဦးမောင်ထွား-ဒေါ်မယ်တင်)တို့၏သား၊ (ဒေါ်ခင်ဖြူနွဲ့)၏ခင်ပွန်း၊ (ဗိုလ်ကြီးညွန့်လွင်၊ ငြိမ်း-ဒေါ်ခင်ထူး)တို့၏ညီ၊ (ဒေါ်ငြိမ်းအောင်)၊ (ဦးမျိုးတင့်)-ဒေါ်မြသန်းတို့၏အစ်ကို၊ဦးခင်မောင်မြင့်-ဒေါ်ဝေဝေ(UP 2Industry Co.,Ltd.)၊ (ဦးနိုင်ဇော်မြင့်)-ဒေါ်ချစ်ချစ်ဝင်း(မန္တလေးသစ်စက်)၊ (ဦးဇာနည်မြင့်)-ဒေါ်သွယ်သွယ်စန်း(ငွေတောင်ဆေးလိပ်)တို့၏ဖခင်၊ မောင်ရဲပြည့်ဇော်(Bar One 4 Gastropub)၊ မောင်အောင်ကို၊မဆုမြတ်သွယ်တို့၏အဘိုးသည် ၁၃-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၁၀နာရီတွင် ရန်ကုန်မြို့ အာရုတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးအောင်ဆွေ (ဂန့်ဂေါ)

(အုပ်ချုပ်ရေးမှူး၊ ငြိမ်း၊ ရက္ခဗေဒဥယျာဉ်)

ခါတော်မှီပျိုးဥယျာဉ်၊ ပြင်ဦးလွင်မြို့

အသက်(၈၆)နှစ်

ဂန့်ဂေါမြို့၊ အနောက်ဂန့်ဂေါနေ (ဦးရွှေတိုး-ဒေါ်စိုးမြင့်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးဘဟိန်(သစ်တောဦးစီးဌာန၊ ငြိမ်း)၏အစ်ကို၊ ခြံအမှတ်(၂-ဂ၊ မေမိုးအိမ်)၊ နန္ဒာလမ်း၊ ကန်တော်ကြီး၊ ပြင်ဦးလွင်မြို့နေ ဒေါ်မြနီ၏ခင်ပွန်း၊ (ဦးစိန်ဝင်းဦး)၊ ဒေါ်ခင်မြဆွေ(UNHCR၊ ငြိမ်း၊ ပြင်ဦးလွင်မြို့)၊ ဦးလှထွန်းအောင်-ဒေါ်လှလှမြင့်(ခါတော်မှီပျိုးဥယျာဉ်၊ မန္တလေးမြို့)၊ ဦးညီညီအောင် (ခါတော်မှီဥယျာဉ်၊ ဂန္ဓမာရွာ၊ ပုသိမ်ကြီးမြို့နယ်)၊ ဒေါ်မာမာဆွေ(ခါတော်မှီပျိုးဥယျာဉ်၊ ပြင်ဦးလွင်)၊ ဗိုလ်မှူးတင်မင်းအေး-ဒေါ်မီမီဆွေ၊ (ဦးအောင်အောင်စိုး)၊ ဦးအောင်အောင်ထွန်း-မနီလာထွန်း(ခါတော်မှီ)၊ရပ်ကွက်ကြီး(၁၃)၊ပြင်ဦးလွင်၊ ဦးသန့်စင်-ဒေါ်ချယ်ရီထွန်းဆွေ၊ ဦးအောင်အောင်မိုး-ဒေါ်သင်းသင်းလှိုင်(TTA၊ ခါတော်မှီ၊ မန္တလေးမြို့)၊ ဒေါ်မေမိုးဝါ(UN-AIDS၊ ရန်ကုန်မြို့)တို့၏ဖခင်၊ သီရိသူသူ၊ စန္ဒီဖူးဖူး၊ မိုးသက်ခင်၊ နန်းနန်း၊ အောင်သူဟိန်း၊ မောင်နေလင်း၊ ရွှေရည်မိုးလွင်တို့၏အဘိုးသည် ၁၀-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ပြင်ဦးလွင်မြို့ ရစ်မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးကျင်တုတ်

'အောင်'အီလက်ထရွန်နစ်၊ ပုသိမ်

အသက်(၈၆)နှစ်

ပုသိမ်မြို့၊ အမှတ် ၁၅၊ C/D၊ ကုန်သည်လမ်းနေ ဦးတန်အီတော်-ဒေါ်လင်ကြယ်အင်းတို့၏သား၊ ဒေါ်စန်းမြင့်(ခ)ဒေါ်ရွှေအင်း၏ခင်ပွန်း၊ ကိုမြင့်စိုး-(မရီရီသင်း)၊ ကိုခင်မောင်ဦး-မအေးအေးလွင်၊ ကိုသက်ဝင်း-မသီတာလွင်၊ ကိုစိန်မြင့်-မအေးအေးခိုင်၊ ကိုကျော်ကျော်-မမီမီထွေးတို့၏ဖခင်၊ မသင်းသူသူဆွေ၊ မောင်ဥက္ကာဦး၊ မမေဇင်ဦး၊ မမေလွင်ဦး၊ မနှင်းရည်ဝင်း၊ မဆုရည်ဝင်း၊ မစိမ့်ရည်ဝင်း၊ မောင်ဝင်းလွင်အောင်၊ မောင်စိုးလွင်ဦး၊ မခင်စန္ဒာမြင့်၊ မောင်အောင်ထွန်းသန့်၊ မောင်ဖွဲ့ဉာဏ်လင်းတို့၏အဘိုးသည် ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄း၂၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကြက်မောက်ကျွန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးဘမောင် (မြိတ်)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၃၊ ခေမာသီလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဒေါ်ပေါ်ကြွယ်)၏ခင်ပွန်း၊ ဦးကျော်မြင့်-ဒေါ်မြဝင်း၊ (ဦးမြင့်သောင်း)-ဒေါ်အေးအေးသန်း၊ ဦးအောင်ကျော်ဦး-ဒေါ်အေးကြည်၊ ဦးလှစိုး-ဒေါ်စောကြည်၊ ဦးထွေးစိန်-ဒေါ်ကြည်ကြည်မြင့်၊ ဦးသန်းထိုက်ဦး-ဒေါ်မြတ်သဇင်ခိုင်၊ ဦးကျော်ဆန်း-ဒေါ်သန်းသန်းထွေးတို့၏ဖခင်၊ မြေး ၂၀တို့၏အဘိုး၊ မြစ်ငါးယောက်တို့၏အဘေးသည် ၁၃-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၃ရက်(သောကြာနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်စော (ဟသ်ာတ)

အသက်(၇၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ အမှတ် ၉၊ မန်းဘခိုင်လမ်းနေ (ဦးအောင်ထွန်း)၏ဇနီး၊ ကိုသိမ်းအောင်-မလွင်လွင်မော်(သံဆိုင်)၊ ကိုဇော်မင်းအောင်-မခင်သက်မာဝင်း(အရှည်ကြီး ဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်)တို့၏မိခင်ကြီး၊ မြေးလေးယောက်တို့၏အဘွားသည် ၁၃-၂-၂၀၁၃ရက် ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်ဝိုင်း(မော်လမြိုင်) အသက်(၇၈)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ ကွက်သစ်လမ်း၊ အမှတ် ၇(ပထမထပ်)နေ ဦးပါအေး-ဒေါ်ဖွားလှတို့၏အစ်မ၊(ဗိုလ်မှူးအောင်ညွန့်)-ဒေါ်မြမြစန်း၊ ဒေါ်ခင်မြင့်နွယ်(အထက-၂၊ မော်လမြိုင်)၊ (ဒေါ်ခင်လေးနွယ်)၊ ဦးစီဝင်းဟန်(AE-MOGE သာကေတကမ်းလွန်)-ဒေါ်ခင်သန်းနွယ်၊(ဦးသန်းဦး၊ MEPE)-ဒေါ်ခင်လှသွယ်(MEPE)၊ ဦးစောဟန်သိန်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်မြသွယ်(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးလင်းရှိန်၊ ဦးဝင်းရှိန် (မြန်မာ့မီးရထား၊ နေပြည်တော်)-ဒေါ်နန်းထူး(မြန်မာ့မီးရထား၊ နေပြည်တော်) ဦးနေမျိုးအောင်(Myanmar Speed Mark)-ဒေါ်သီဂီစိုးသွယ်တို့၏မိခင်၊မြေး ၁၄ယောက်တို့၏အဘွား၊ (ဆရာဦးဘစန်း)၏ဇနီးသည် ၁၃-၂-၂၀၁၃ရက် မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၃ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

လွှတ်တော်အနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းလျက်ရှိ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အိန္ဒိယနိုင်ငံမှ အကူအညီများ ဆက်လက်ပေးသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မြန်မာ-အိန္ဒိယလွှတ်တော်နှစ်ရပ်အကြား တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ ညနေ ၅နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အိန္ဒိယနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Honourable Smt.Meira Kumar တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မိမိဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ရက်ထိ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့ပါကြောင်း၊ အဆိုပါခရီးစဉ်အတွင်း လွှတ်တော်လုပ်ငန်းများအပြင် အိန္ဒိယနိုင်ငံ၏ နိုင်ငံရေး၊အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများပါဝင်သည့် လူမှုစီးပွားရေးစနစ်များနှင့် ပတ်သက်၍ဆွေးနွေးအမြင်ချင်းဖလှယ်ခွင့်များ ရရှိခဲ့ပါကြောင်း၊ နယူးဒေလီနှင့် မွန်ဘိုင်းမြို့များသို့ သွားရောက်လေ့လာအမြင်ချင်းဖလှယ်ဆွေးနွေးမှုများ ရရှိသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးကို များစွာအကျိုးဖြစ်ထွန်းစေခဲ့ပါကြောင်း၊ ခရီးစဉ်များအတွင်း လေ့လာတွေ့ဆုံဆွေးနွေးမှုများမှ ရရှိသည့် အတွေ့အကြုံဗဟုသုတများမှတစ်ဆင့် မိမိတို့လွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်စေခဲ့ပါကြောင်း ပဏာမပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အိန္ဒိယနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ခရီးစဉ်ကို လွှတ်တော်နှင့် နိုင်ငံတော်အစိုးရပိုင်းက များစွာအလေးထားပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအနေဖြင့် ရှည်လျားသော ပထဝီနယ်နိမိတ်ဆက်စပ်မှုနှင့် သမိုင်းကြောင်းများရှိသည့်အပြင် ယဉ်ကျေးမှုနှင့်ဘာသာရေးဆက်စပ်မှုများဖြင့် ရင်းနှီးစွာတည်ရှိခဲ့သည့် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြပါကြောင်း၊ အိန္ဒိယနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှု အခြေခံအသိုင်းအဝိုင်းပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုလည်း အမျိုးမျိုးကွဲပြားကြသော်လည်း

စာမျက်နှာ ၈ ကော်လံ ၁ ▲

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာ-အိန္ဒိယလွှတ်တော်နှစ်ရပ်အကြား တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်-ဒလ ကူးတို့ယာဉ် အဆင့်မြှင့်တင်မည်

သတင်း-အာကာဟိန်း
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၄

စီးပွားရေးမြို့တော် ရန်ကုန်တွင် ပြည်သူများခရီးသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် ပိုမိုလုံခြုံဘေးကင်းစွာသွားလာနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ ရန်ကုန်-ဒလ ကူးတို့ယာဉ်များကို အဆင့်မြှင့်တင် ပြေးဆွဲသွားရန် စီစဉ်နေကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံမှ JICA အဖွဲ့အစည်းတို့ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး JICA မှအကူအညီပေးမှုများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဆိပ်ကမ်းများ ပြုပြင်မှုကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်။

ရန်ကုန်-ဒလ ကူးတို့ရေယာဉ် ပြေးဆွဲမှုသည် လောလောဆယ်တွင် ကူးတို့ရေယာဉ် လေးစင်းရှိနေသော်လည်း ကူးတို့ယာဉ်နှစ်စင်းဖြင့် နေ့စဉ် ပြေးဆွဲပေးလျက်ရှိသည်။ ရန်ကုန်-ဒလကူးတို့ယာဉ်ဖြင့် နေ့စဉ် ခရီးသည် ထောင်ပေါင်းများစွာ စီးနင်းလိုက်ပါလျက်ရှိရာ ခရီးသည်များအတွက် ပိုမိုကောင်းမွန်ပြီး အဆင့်မြင့်သော ကူးတို့ယာဉ်လေးစင်းကို ပြည်ပမှ ဝယ်ယူပြေးဆွဲပေးရန် စီစဉ်လျက်ရှိသည်။

ထိုသို့ ပြည်ပမှ ကူးတို့ယာဉ်များ ဝယ်ယူရာတွင် ဂျပန်နိုင်ငံမှ ဝယ်ယူမည် ဖြစ်သည်။ ကူးတို့ရေယာဉ်လေးစင်းကို ဂျပန်နိုင်ငံက တည်ဆောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေလမ်းကြောင်းနှင့်ကိုက်ညီမည့် ကူးတို့ရေယာဉ်များကို တည်ဆောက်သွားမည် ဖြစ်သည်။

ဒလဘက်ဆိပ်ကမ်းမှ ရန်ကုန်မြို့တွင်းသို့ အချိန်တိုအတွင်း ရောက်ရှိနိုင်သည့် ရန်ကုန်-ဒလ ကူးတို့ယာဉ်လိုင်းပြေးဆွဲမှုကို ပြည်သူများအားထား စီးနင်းလိုက်ပါမှု များပြားလျက်ရှိရာ ယခုကဲ့သို့ အဆင့်မြှင့်တင်ပြေးဆွဲမှုပြုလုပ်ရန် စီစဉ်နေခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်-ဒလ ကူးတို့ရေယာဉ်ကို တွေ့မြင်ရစဉ်။

တယ်ရီဆာဆနာအသင်းနိုင်ပွဲဆက်

သတင်းနှင့်ဓာတ်ပုံ - စိုးညွန့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီတယ်ရီဆာဆနာအသင်း၏ မြန်မာခြေစမ်းခရီးစဉ် ဒုတိယပွဲအဖြစ် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် MNL ကလပ် ဧရာဝတီယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထိုင်းပရီမီယာလိဂ်ကလပ် တယ်ရီဆာဆနာအသင်းမှာ MNL ကလပ်အသင်းများနှင့် ခြေစမ်းပွဲတွင် နိုင်ပွဲဆက်နေပြီး ယခုပွဲတွင်လည်း ဧရာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ တယ်ရီဆာဆနာအသင်းအတွက် နိုင်ပွဲမှာ လွယ်ကူလွန်းခဲ့ပြီး Training သာသာကစားကာ အနိုင်ရသွားခြင်းဖြစ်သည်။ ရတနာပုံအသင်းကို အနိုင်ရခဲ့သည့် လူစာရင်းကို အပြောင်းအလဲလုပ်ပြီး ပွဲထွက်ခဲ့သည့် တယ်ရီဆာဆနာအသင်းမှာ ပွဲစကတည်းက ဧရာဝတီအသင်းကို ဖိကစားနိုင်ခဲ့သည်။

တယ်ရီဆာဆနာအသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့သော်လည်း မိနစ်၃၀ကျော်မှ ဂိုးရရှိခဲ့ပြီး ၃၄မိနစ်တွင် ဒေါ့ဆန်းတိုစ်က အဝေးမှကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးသုံးမိနစ်အကြာတွင် တယ်ရီဆာဆနာအသင်း ဂိုးထပ်ရခဲ့ပြီး ဒေါ့ဆန်းတိုစ်ကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပြီးခါနီးတွင် ဧရာဝတီအသင်းချေပဂိုးတစ်ဂိုးပြန်ရခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် ဒိုမီနစ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ထိန်းကစားသွား၍ ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့သည်။

နောက်ဆုံးခြေစမ်းပွဲအဖြစ် ဖေဖော်ဝါရီ ၁၆ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် တယ်ရီဆာဆနာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

တယ်ရီဆာဆနာအသင်းအတွက် ဒုတိယဂိုးကို ဒေါ့ဆန်းတိုစ် သွင်းယူနေစဉ်။

တစ်ဧကတင်းရာကျော်ထွက် အစေ့ထုတ်ပြောင်း တောင်သူများအား အခမဲ့ဖြန့်ဝေပေးနိုင်

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-ကျော်သူဝင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းစိုက်ပျိုးသော တောင်သူများအား တစ်ဧကပျမ်းမျှတင်းရာကျော်ထွက်ရှိသည့် စပ်မျိုးပြောင်းမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်ဆွေဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

"အရင်တုန်းကတော့ ကျွန်တော်တို့ဒေသမှာ အစေ့ထုတ်ပြောင်း စိုက်မယ်ဆိုရင် 888 မျိုးကို စိုက်ကြပါတယ်။ အခု U008 လို့ခေါ်တဲ့ အစေ့ထုတ်စပ်မျိုးပြောင်းမျိုးများကိုပြောင်းလဲစိုက်ပျိုးနေကြပါတယ်။ U008မျိုးကို ကျေးရွာအုပ်စု ၃၈ အုပ်စု၊ တောင်သူဦးရေ ၃၅၀ ၊ ဧကအားဖြင့်တော့ ၄၅၆ ဧကအတွက် မျိုးအခမဲ့ဖြန့်ဝေပေးခဲ့ပါတယ်။ ဒီဆောင်းသီးနှံရာသီမှာ စပေးခဲ့တာ ဖြစ်ပါတယ်၊ လာမယ့်မိုးမှာတော့ ဒီ U008 စပ်မျိုးပြောင်းကို ထပ်မံဖြန့်ဝေပေးနိုင်ဖို့ တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံမှာ ဧက ၆၀ မျိုးပွားထားပါပြီ။ ဒီမိုးမှာတော့ အခမဲ့ဖြစ်ချင်မှဖြစ်မှာပါ။ မျိုးစေ့အရည်အသွေးကတော့ အကောင်းဆုံးဖြစ်မယ်လို့ အာမခံရဲပါတယ်"ဟု ဦးမြင့်ဆွေဦးက ဆက်လက်ရှင်းပြသည်။

စာမျက်နှာ ၉ ကော်လံ ၇ ○

အောင်မြင်ဖြစ်ထွန်းနေသည့် ပြောင်းစိုက်ခင်းအား တွေ့ရစဉ်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။